www.burmeseclassic.com

# ဂမ္ဘီရစာစဥ်းကြယ်

## သျှိုဝနတ်ဘုရား၏ ဂမ္ဘီရအစွမ်း ဝတ္ထုများ



မင်းနန္ဒီရိန်

ဇော်ထက်

မင်းမျိုးအောင်

မောင်မောင်(မြန်မာပြည်)

ဆုမွန်ဦး(ဟင်္သာတ)

သီဟကျားသန်းအောင်(မြန်မာပြ

ရသေ့ကြီးရွှေ

မောင်း နိုင်(ငါးသရောက်

www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စ ဂုဏံ အဟံ ဝန္ဒာမိ

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၁၀၈၀၆၀၂

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၈၃၀၅၁၂

ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၆-ခုနှစ်၊ မေလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၆၅၀ ကျပ်

အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်မြင့်မြင့်တင် (မြင့်သီရိပုံနှိပ်တိုက်)
အမှတ် (၂၀၈) လမ်း-၃၀၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးလှနိုင် (မြိဂ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

ဖြန့်ချိရေး - မြိတ်စာပေ (ဖုန်း-၇၀၄၄၉၀)
၁၉၀၊ ၃၁လမ်း(အထက်)၊ ရန်ကုန်။

စီစဉ်သူ - ကိုလှနိုင် (မြိတ်)

အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)

ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com


# မာတိကာ

## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


| | |
|---|---|
| ၁။ မင်းနန္ဒရှိန် | တစ်ပွင့်သောသစ္စာပန်း |
| ၂။ ဇော်ထက် | သျှိဝနတ်ဘုရား၏ ဂမ္ဘီရအစွမ်း |
| ၃။ မင်းမျိုးအောင် | ဝိညာဉ်ကမ္ဘာမှ [illegible]နီ |
| ၄။ မောင်မောင် (မြန်မာပြည်) | ချစ်သူဝိညာဉ် |
| ၅။ ဆုမွန်ဦး (ဟသ်ာတ) | လရောင်ကတဲ့ည |
| ၆။ သိန်းသန်းအောင်(မြင်းခြံ) | အိပ်မက်ပမာ စိတ်မာယာ |
| ၇။ ရသေ့ကြီးရွှေထီး | ဝါးပြုတောင်မှ ယက္ခမယ်တော် |
| ၈။ မောင်ဝင်းနိုင် (ဝါ့သရောက်) | အသက်မပျောက်သေကံမရောက် |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## တစ်ပွင့်တည်းသော သစ္စာပန်း

မင်းနန္ဒရိုး

တောနှင့်တောင်သည် လွှမ်းဖွယ် အတိပင်တည်း . . ဘယ်နေရာကို ပဲကြည့်ကြည့်ညို့ညို့မှိုင်းမှိုင်းအုံ့အုံ့ ဆိုင်းဆိုင်း . . မြူခိုးများက ယှက် သန်းလျှက်ရှိနေလေသည် . . တ ဘက်လျှိုနှင့် ချောက်ရှေ့မှာတော့ တောင်းခါးပန်းယံကို ကွေ့ကွေ့ ဝိုက်ဝိုက်ဖောက်လုပ်ထားသော လမ်း ကလေးတစ်ခု . . ထိုအခိုက် . . .

ခွပ် . . ခွပ် . . ခွပ် . . ခွပ် မြင်း ခွါသံတချို့ . . သူ၏ နားထဲတွင်သဲ့သဲ့ကြား လိုက်ရ သလို အသိဉာဏ်က . . ဖြတ်ကနဲ သတိပေး လာသည် . . သေချာ အောင်မြေပြင်ကိုနားနှင့်ကပ် ထောင်လိုက် သည်ဆိုရင်ပဲ . . .

ဟော . . နောက်မှလိုက်လာ သည့် မြင်းခွါသံတွေပါလား . . သို့သော်မြင်းခွါသံက သိပ်မစိတ်လှ . . ကျဲပါးလှသည့် ခွါသံတွေကို ထောက်ချင့်၍ ရန်သူသိပ်များပုံ မပေါ် အလွန်ဆုံးရှိမှ သုံးလေး ယောက် . . လေထုထဲက . . နား စည်ကို လျှပ်တစ်ပြက်တွင်းဖောက် လာသည့်သတိပေးနှိုးဆော်ချက် ကြောင့် လုလင်ပျိုဆတ်ကနဲသိ၍



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်ကာ . . မေးကြောများထောင်ကာလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်နှင့် တောင်ခါးပန်းယံအကွက်သို့လျှင် မြန်စွာပြေးသွားပြီး မျက်စိကိုရှင်ရှင်ထား၍ ပတ်ဝန်းကျင်ကိုကြည့်သော်ခါးပန်းစွန်းတွင် ရှားရှားပါးပါးပေါက်နေသော သစ်ပင်တစ်ပင် . . နွယ်ကြိုးတစ်စကိုခုတ်တွင် ယူပြီး သစ်ပင်တွင် ချည်လိုက်ကာ ကျန်တစ်စကို ဖြစ်လက်စတုန်းရန်ကိုင်၍ ကျောက်ဂမ္ဘူစွန်းအကွယ်တွင် ဝင်ရောက်နေရာယူလိုက်ပြီးအသင့်အနေအထားကို ပြင်ဆင်လိုက်သည်။

တဖြည်းဖြည်းနီးကပ်လာသော မြင်းခွါသံတွေကို နားစွင့်ရင်း အသာအယာကြည့်လိုက်သောအခါ . . ရှေ့ဆုံးမှ လက်နက်မားသမားဝတ်စုံနက်က . . သူ၏သူ့နှစ်ယောက်ကို အရှေ့သို့ ကျော်တက်ခိုင်းလိုက်သည်ကို တွေ့ရသည်။ ရှေ့သို့သာမဲနေသော ဓားသမားများမှာ ရုတ်တရက်ထွက်ပေါ်လာမည့်အန္တရာယ်ကို မမြင်မိချေ။

အရှိန်နှင့် နှင်လာခဲ့သောမြင်းတွေမှာ ရုတ်တရက်ထွက်ပေါ်လာသည့် အန္တရာယ် အတားအဆီးကြောင့် ဝရုန်းသုန်းကားဖြစ်သွားပြီးလျှင် . .

အား . . ဝုန်း . . ဟီး . . ဟီးနှင့် လူရောမြင်းနှစ်စီးပါ တစ်ဘက်ချောက်ထဲသို့ ကျသွားလေသည်။

နောက်ဆုံးကျန်နေသည့် ဓားသမားမှာ သူ့လူနှစ်ယောက်နှင့် အဖြစ်ဆိုးကိုတွေ့လိုက်ရသဖြင့်ဒေါ သအမျက်ချောင်းချောင်းထွက်သွား ပြီးလျှင်ရန်သူတော်လုလင်ပျိုအား စူးစူးဝါးဝါးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး . .

သေပေရော့ဟယ် . . ရာမ ညအရိုင်းအစိုင်းကောင် . . ဟု ကြိမ်းဝါးလျှက် ဓားဖြင့် ဒရကြမ်း ခုတ်လိုက် . . ထိုးလိုက်တွက်လို လိုက် ဝင်ရောက်တိုက်ခိုက်လေ တော့သည်။ လုလင်ပျိုမှလည်း ရန် သူတော်ဓားသမားကို သူ၏လက် စွဲတော်ဓါးဖြင့် အကွက်ကျကျပြန် လည်ခုခံ၍ တိုက်ခိုက်လေသော ကြောင့် သံသံချင်းထိသံ ချွင်ချွမ်နှင့် မီးပွင့်များထကာလာသည် . . နေ ရောင်တွင် တလက်လက်ဖြစ်နေ သော မီးပွင့်များက ကြောက်ခမန်း လိလိ . . တိုက်ရည်ခိုက်ရည်ကြွယ် ဝကြသူတွေပေမို့ တစ်ဦးနှင့် တစ်ဦး အလစ်အငိုက်ဟာကွက်ကို မပေး . . လျှင် သူစားစတမ်းအသက်ကို ထပ်၍ ပုံရသည့်ပွဲတွင် မကြာမီသေ

သပ်လှပသော လုလင်ပျို၏ ဓား ချက်အောက်တွင်ရန်သူဓားသမား ခမျာတစ်ချက်အမှားနှင့် . . အား ကနဲအော်လျှက် . . ကားကနဲတစ် ဘက်ချောက်အတွင်းသို့ ထိုးကျ၍ သွားလေတော့သည်။

တဖြည်းဖြည်းမြင့်တက်လာ သောနေကလည်းပူလိုက်သမျှ ကျဲ ကျဲတောက်သွေးညှီနံ့ကို မည် သည့် အရပ်ကအနံ့ခံ၍ ခြေ ကောက် လာသည်မသိ ဝ္ဝား လင်းတနှစ်ကောင် ကောင်း တွင် ဝဲ၍နေရာ မှ ချောက်အတွ ထိုးဆင်းသွား သည် . .

လုလင်ပျိုမှာ တောင်ခါး ပန်းအကွယ်ကို မှီလျှက်ခေတ္တ အမောပန်း ဖြေလိုက်သည်။

ပြေးရလွှားရ . . ပုန်းရ ရင်ဆိုင် ရနှင့် သူတစ်ကိုယ်ပိုးတွင်

www.burmeseclassic.com


ပွဲ့န်းရာပွဲ ရာသွေးစဒဏ်ရာများနှင့် တစ် ကောင်တည်းသာကျန်ရှိနေ တော့သည့် မြင်းညိုကြီးကို အသာချော့ မြှူရင်း ရှိသမျှခွန်အား ကို စုစည်း၍ မြင်းကုန်းနှီးပေါ် ခုန် တက်ကာ ဖနောင့်တစ်ချက်ဖြင့် မြင်းတင်ပါးကို ပေါက်လျှက် ဇက်ကြိုးကို နှင်လေ တော့သည်။

စောစောက . . ကမ္ဘာပျက်မ ချုတ် ဆူသံအော်ဟစ်သံ ဓားခုတ် လက်ားထွက်ပေါ်ခဲ့သည့် အန္တရာယ် မှုစွန်းနှန်းလေးမှာတော့ ယခုမူသူနှင့် ချာမျှမဆိုင်သလိုတိတ်ဆိတ်ငြိမ် သက်လျှက်ရှိနေတော့၏။

အချိန်တို့သည် တဖြည်းဖြည်း င့် ကုန်မှန်းမသိကုန်ဆုံး၍ လာ းလပြီလုလင်ပျိုစီးလာသော မြင်း ဖြိုကြီးမှာလည်း တဖြည်းဖြည်းပြေး ခါးကျကာမောဟိုက်လာသလို လုလင်ပျိုလေးမှာလည်း ဒဏ်ရာ များ၏ နာကျင်ကိုက်ခဲမှုက တဆစ် ဆစ်နှင့် တိုးဆွလာ၏။ မကြာမီ ပြေပြစ်သောကုန်းလျှောလေးတစ်ခု ကို တွေ့ရှိပြီးအားတက်သရောမြင်း ဇက်ကြိုးကိုနှင်လေရာ ကွမ်းတစ် ယာညက်ခန့်အကြာတွင် ရှေ့၌ စမ်း ရေလေးများတသွင်သွင်စီး ဆင်းလျှက်ရှိသည့် စမ်းချောင်း လေတစ်ခုကို တွေ့လိုက်ရလေ သည်။ စမ်းရေစီးသံများက ကြည် လင်ချိုမြသော ဂီတသံသဖွယ်စိတ် နှလုံးကို သိမ်းကြုံးဆွဲငင်ယူရန် နေလေသည်။

ကျေးငှက်ကလေးများ၏ သာယာသော မာဂဓတေးသံများ က အပူထဲကလှမ်းလာသူကို အ အေးဓာတ်ဖြင့် လှမ်းပတ်ချည် နှောင် သလိုသာယာစွာတွန်ကျူး


www.burmeseclassic.com

www.burmeseclassic.com



၍ နေ၏။

မောပန်းသမျှကို အတိုးချရင်း စမ်းချောင်းရေအလျဉ်ထဲ၌ လူတစ်ကိုယ်လုံးနစ်မြုပ်သည် အထိရေစိမ်ချိုးနေချိန်တွင် မြင်းညိုကြီးက လည်း ရေအလျဉ်တွင် မြှုးတူးလျှက်ရှိနေသည်။

စမ်းချောင်းထဲတွင် ရေတဝကြီးမျိုးလိုက်ရသဖြင့် တစ်ကျောက်လုံး နွမ်းနယ်ပင်ပန်းထားသမျှတွေမေ့ပျောက်ကာ ကိုယ်ရောစိတ်ပါ လန်းဆန်း၍လာပါသည် . . ရေသည်ကားဆေးတစ်မျိုးပင်တည်း ။

လူကလည်းလန်းဆန်းလာသည်နှင့် အမျှ အစာအိမ်ဝမ်းဗိုက်ကလည်း တကြုတ်ကြုတ်အသံပေးလျှက် ဆာလောင်မွတ်သိမ့်လာသည်။ အနီးရှိ ရေသဖန်းပင်ကြီးပေါ်မှ ဘေးဘီဝဲယာကို တက်၍ ကြည့်သောအခါတွင် အရှေ့ဘက်၌မီးခိုးတအူအူနှင့် တောင်ယာတဲလေးတစ်ခု . . သေချာပြီ တောင်ယာတဲကလေးထဲမှ ယာခင်းရှင်တွေထံတွင် အကူအညီတောင်းလျှင်ဖြင့် စားစရာတစ်ခုခုနိုင်လိမ့်မယ်ထင်ရဲ့ဟူသော မျှော်လင့်ချက်ဖြင့် လုလင်ပျိုသည် မြင်းဇက်ကြိုးကိုဆွဲလျှက် တောင်ယာတဲလေးအနားသို့ တဖြည်းဖြည်းချဉ်းကပ်လာသည် နေသည်ကားအနောက်ဂေါယာကျွန်းသို့ဝင်ရန်ပုဇွန်ဆီရောင် · အသွေးဖြင့်တောအုပ် ပေါ်သို့ တဖြည်းဖြည်းအိဆင်းလာ နေသည်။

လုလင်ပျိုသည် ခြံစည်းရိုးဘေးမှ တောင်ယာထဲအတွင်းသို့အသာ အယာအကဲခတ်လိုက်ပြီးနောက် ယာခင်းရှင် . . တို့

www.burmeseclassic.com


. . ဗျို့ယာခင်း ရှင် . . တို့ဟု "အသံခပ်အုပ်အုပ်နှင့် ခေါ်လိုက်ပါသည်။

မကြာမီ . . . တဲအတွင်းမှ ကဲလားတံခါးပွင့်လာပြီး ယာခင်းရှင်ဖြစ်ဟန်တူသော တောင်သူဦးကြီးတစ်ယောက်ထွက်လာကာ မြင်းတစ်စီးနှင့် ခရီးသည်ဖြစ်ဟန်တူသော လုလင်ပျိုကို ခြေဆုံးခေါင်းဆုံးလေ့လာအကဲခတ်နေပါသည် . . ထို့နောက် . . တောင်သူဦးကြီးမှ . . "ဟော့ . . သူငယ် . . ဘာများ အလိုရှိလို့လည်းကွယ် . . အဘကတော့ ဒီတောင်ယာတဲ ရှင်ပဲကွယ်" "ဒီလိုပါအဘရယ် . ကျွန်တော်မျိုးဟာ တောထဲမှာတောကြောင်တွေနဲ့တွေ့ပြီးအဖော်ကွဲလာတဲ့ ဒုက္ခသည်ပါ . . တောထဲမှာ မျက်စိလည်လမ်းမှားနေတာ သုံးရက်ရှိနေပြီမို့ စားစရာတစ်ခုခုရှိရ အနည်းငယ်မျှ ဖို့တောင်းပန် တယ်" ထိုအခါတောင်သူဦးကြီး စိတ်မကောင်းဖြစ်သွားဟန်နှ လုလင်ပျို၏ ဖြစ်အင်ကိုကြည့်ရ . . စုတ်သတ်လိုက်ပြီ . .

"အော် . . တောကြောင်တွေ တစ်စခန်းထလို့ မျက်စိလည် လမ် မှားလာတဲ့ ဒုက္ခသည်ကိုး ဒီသူငယ် ဒဏ်ရာတွေလည်းရလာသကို . . ကဲ . . ကဲလာ တဲပေါ်တ အနာကို ဖန်ရည်လေးဆေးပြီ ဆေးမြစ်စုံအုံရတာသပကွယ် . ဟုပြောပြီး တဲနောက်သို့ လှမ် ကြည့် ၍ လုံမရေ . . ဒီမှာကွယ် တောထဲမှာ အဖော်တွေနဲ့ကွဲလာ ပြီး ဒုက္ခရောက်လာတဲ့ ဧည့်သည် ကို စားစရာတစ်ခုခု စီစဉ်ခဲ့ပါဦး ကွယ် . . ဟု လှမ်းခေါ်၍

www.burmeseclassic.com

www.burmeseclassic.com


လုလင်ပျို၏ ဒဏ်ရာများကို ဆေးမြစ်စုံစည်းပြီးနောက်မကြာခင်တွင် ယွန်းဗျပ်ကြီးတစ်ခုတွင် ထမင်းနှင့် စားစရာအတို့ဟင်းလျာတစ်ချို့ ထည့်၍ လုံမပျိုလေးတစ်ဦးရောက်ရှိလာပါသသည်။

"ဒီကမောင်ကြီးနဲ့ အဘတို့ပြောနေတာကြားလို့ စားစရာအဆင် သင့်ပြင်ထားပြီးပါပြီ . . တောထဲမှာ အဖော်တွေနဲ့ ကွဲလာတဲ့မောင်ကြီးမှာ အရမ်းဆာနေရော့မယ် . ."

"ပျူငှါစွာဆက်ဆံလာသော ကျေးဇူဝတော သူလုံမပျိုလေး ယူလာ သည့် ထမင်းဟင်းများကို လုလင်ပျိုမှာ ဟန်ပင်မဆောင်နိုင်အောင်ပဲ စားပြီးမှ လုံမပျိုလေးကို ကျေးဇူပြုလိုက်မိလေသည်။

တစ်ဦးနှင့် တစ်ဦးအကြည့်ချင်း ဆုံမိသည့် တဒင်္ဂတခါဘူးမျှမခံစားဘူးသောအဖြစ်နှင့် လုလင်ပျိုမှ ရင်တဖိုဖိုရှိန်းတမြမြဖြစ်၍သွားသည်။ ကျေးတောသူ လုံမပျိုမှာဖြင့် ရှက်၍ သလိုလိုခေါင်းကို ငုံ့၍ဆိတ်ခဲ့ဟန် နေရင်း မိန်းခလေးတို့ . . . နှုန်းခိုဖို့ "ကဲပါ ထိန်းချုပ်လိုက်ရသည်။ မ ဆန္ဒ

"လုလင်ပျိုသည် ကျေး ကတိ သူအလှလုံမပျိုကို ကျေးဇူး သော မျက်လုံးနှင့် ကျေးဇူးပါပဲဒီကနှမရယ် . . အခုလိုဒုက္ခရောက်နေတုန်းမှာ အကူအညီပေးတဲ့ အတွက်တစ်ချိန်မှာ အဘနဲ့ ဒီကနှမလေးရယ်ကကျေးဇူးကို တုန်ပြန်ခွင့် ပေးနိုင်ပါစေလိုဆုတောင်းပါတယ်"

အိုကွယ် . . လူကလေးရယ် . . ဒီလောက်ထိပြောဖို့မလိုပါဘူးကွယ် ဟု လက်ကာပြ၍ အဘတို့ရာမညသားတွေဟာ စည်းစိုး


www.burmeseclassic.com

www.burmeseclassic.com



တယ်ချစ်ခင်တယ် . . သစ္စာရှိ ဘယ်မှန်ရည်တယ် . . မျိုးဂုဏ်ကို ၁င့်ထိန်းကြတတ်လွန်းလို့ မွန်ကဲလ:လို့ခေါ်တာကွယ့် . . ”

ဖြစ်ဟန်၊တော့ အဘတို့မွန်လူမျိုးတစ်ယော မျိုးစပါးရောင်းစားခြင်း တစ်စီးရောင်းခြင်းအမှုကို မပြုလုပ်ရဘူး . . စပါးမျိုးပျက်တတ်သကွယ့် . . အကယ်တန္တအလိုရှိလို့ တောင်းလာပြန်ရင်လည်း အဖိုးသားနားမကန့်သတ်ရဘဲ လက်ဆောင်အဖြစ်သာပေးရတယ် . . အဲမျိုးစပါးတောင်းသူကလည်း သီးနှံပေါ်တဲ့အခါ ကျေးဇူးတုန့်ပြန်တဲ့ အနေနဲ့ စပါးဖြစ်ဖြစ် ဆန်ဖြစ်ဖြစ်ပြန်ပေးရိုးထုံးစံရှိသကွယ် . . ”

“အခုလိုကိုယ်နဲ့မသိကျွမ်းသော်လည်း ခရီးလမ်းကြုံသဖြင့် ဝင်ရောက်လာသူကို ထမင်းအရင်ကျွေးရလေ့ရှိပြီး ဧည့်သည်က အိမ်မှုကိစ္စဝင်လုပ်ရင် အိမ်ရှင် ကျက်သရေကို ထိခိုက်တဲ့ ထုံးစံရှိတယ် . . အလွန်ရင်းနှီးတဲ့ ဧည့်သည်ဖြစ်မှသာ မိမိတို့ကို မိမိအိမ်ရှင်လို့ခွင့် ပန်ပြောပြီး . . တာဟီရ ကိစ္စဝင်လုပ်လို့ရတယ် ။

ဗလိငါးပါးမှာ ဧည့်သည်တိုပြုစုတဲ့ “အဌတိဗလိ”ကို များစွာဂရုပြုကြရတယ်။ ဒါကြောင့် လကလေးအဖော်တွေနဲ့ မတွေ့မချင်ဒီတောင်ယာမှာ နားခိုနိုင်ပါတယ်တိုင်းပြည်အရေးပေါက်နဲ့ ကျေးသလိုအခါမျိုးမှာ တောလျှောက်သွားနေရတာ အန္တရာယ်ထူပြောလှတယ်ကွယ် . . ရိုးသာစွာ ကျေးတောသားတို့၏ စရိုက်တလှစ်ဟပြလိုက်သော အဖိုးအိုစိတ်ရင်းမှန်ကို သိလိုက်ရသည်သော စောစောက ကြည်လင်ရေ

www.burmeseclassic.com

www.burmeseclassic.com



သော လုလင်ပျို၏ မျက်နှာမှာ တစ်စုံတစ်ရာ အကြောင်းအရာကို ဖြင့် လေးနက်စွာ တွေးတောရင်း လျှို့ဝှက်မှုနှင့် မိမိနောက်ကြောင်း ရာဇဝင်ကြောင့် ဤတောင်ယာ ရှင်မြေးအဖိုးခမျာတာဝန် ပိုမှာ စိုးရိမ်မိလေသည်။

ထိုအချိန်တွင် ကျုံ့ကျုံ့လေး ထိုင်လျှက် အဖိုးအိုတို့ပြောစကား ကို နားထောင်နေသော လုံမပျို လေးမှ . . .

ဟုတ်သားပဲ မောင်ကြီးရယ် .. တောမီးလောင်တောကြောင် လက်ခမောင်းခတ်သူတွေကြောင့် ပြေးရပုန်းရနဲ့ နေရတာ မထိတ် သာမလန့်သာရှိလှပါတယ် . . နှမ တို့ ဒီတောင်ယာဟာ အေးချမ်းပြီး ဘားမသန်းတဲ့ အရပ်မို့ မောင်ကြီး ပျော်သလောက်နေပါလေ . . ဟု တိုက်တွန်းလိုက်လေသောအခါ

သင်းထုံသော တောပန်းရနံ့တို့ ၏ ပျံ့မွှေးခြင်းအဆင်းသည် စွဲ မက်မိန့်မူးဘွယ်အကောင်းဆုံးဟု လုလင်ပျို ပိုင်းခြားခံစားနားလည်မိ လေတော့သည်။ ရည်မှန်းချက် ပန် တိုင်းရွေ့ခရီးအတွက် ကျွန်တော့် ယာတွင် အခိုက်အတန့် ကွန်းခိုဖို့ ရန် ဆုံးဖြတ်ချက်နှင့် "ကဲပါ . . လေ အဘနဲ့ ဒီကနှမ ဆန္ဒ အတိုင်းသာရှိပါစေလေဟု ကတိ ပေးလိုက်မိလေတော့သည်။

ဤသို့ဖြင့် နွေမိုးဆောင်းသို့ ရက်လတို့ ကူးပြောင်း၍ လာ ချေပြီ။ တောင်သူကြီး၏ ယာတဲတွင် လုလင်ပျိုရောက်လာ မှ ကြီးစားကြဲ ဆမှုကြောင့် ဗူး၊ ဖရုံ သခွား၊ ပဲ၊ ပြောင်းများ ခါတိုင်း နှင့်မတူသည်နှစ် တွင် ပိုဖြစ်ထွန်း ၏။ ရက်လတို့ ကြာမြင့်သည်နှင့် လုလင်ပျိုနှင့် လုံမ ပျိုတို့ရင်ထဲမှ ငုပ် လျှိုးနေသော နှလုံးသားအသီး အပွင့်သည် အဆုပ်အခဲ ပမာ ကြီး ထွားပွင့်လန်းလာခဲ့လေ တေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

သင်းယုံသော တောပန်းရနံ့၏ မွှေးပျံသော အနံ့အရသာ အခံဆင်း အားတရှိုက်မက်မက်နမ်းကြူမဝနိုင် ချစ်စခင်စ ကြင်နာစမို့ တစ်ဦးနှင့် တစ်ဦးမျက်စေ့အောက်ကပင် အပျောက်မခံချင်လောက်အောင် အကြင်နာဆက်နေမိသော ချစ်သူ နှစ်ဦး . . .

"ဟော . . နေတောင်မွန်းတည့်တော့မယ် . . မောင်ကြီးရေ . . နားပါဦးကွယ် . . နှမလေးယူလာတဲ့ စားမြိန်ဖွယ်ရာတွေကို သုံးဆောင်ပါဦး . . အရိပ်ကောင်းသော သစ်ပင်ကြီး၏ အောက်မှ လုံမပျိုက ချစ်စဖွယ်အမူအယာနှင့် လှမ်း၍ ပြောလိုက်၏။

မွန်းတည့်နေရောင်အောက်တွင် ရင်အုပ်ကားကားယောကျ်ားပီသသော ခန္ဓာကိုယ်အချိုးအစားနှင့် လုလင်ပျိုကို ဝံ့ဝံ့စားစားကြည့်နေသော လုံမပျိုအား အပြုံးဖြင့် တုန့်ပြန်ရင် လုလင်ပျိုသည် ချွေးစက်များကို သုပ်ကာ အနီးစမ်းချောင်းထဲမှ ရေနှင့် ချိုးသန့်စင်ပြီး လုံမပျိုအသင့်ပြင်ထားသော ထမင်း နှင့် စားမြိန်ဖွယ်ရာများကို နှစ်ဦး အတူတူစားသောက်ကြလေသည်။

"တကူကူး . . ကူး . . တကူကူး . . ကူး"

တောတန်းဆီမှ ဂျိုးကူသံလေးသဲ့သဲ့ကြားနေရသည် . . . ဂျိုးကူသံလေးသည် ရင်ကိုဖြင့် လွမ်းတသသကျွမ်းတမြမြဖြစ် အောင်ကူချွဲ၍ နေပါတော့သည်။

ယာတောစပ်ရှိ သစ်ပင်ကြီးအောက်တွင် လုလင်ပျိုတို့ ချစ်သူနှစ်ဦးတို့ သည်

ဖက်ထားရာမှ လုံမပျိုလေးကလည်း ရှက်ရွံ့တုန်ရွှပ်ကြားချစ်သူနှင့် ရင်ခုန်သံခြင်းအပ်၍

www.burmeseclassic.com



သာယာမှုမှာ မိန့်မူးသည့်သဖွယ် .. မဆွတ်ခင်ကညွတ်ချင်သည့် ပန်းကလေးအဖြစ်လုလင်ပျို၏ ရင်ခွင်ကျယ်ကြီးတွင် ခိုဝင်မှီတွယ်နေလိုက်ပါတော့သည်။

နှမလေးရယ် .. ချစ်သူနဲ့ ကွေကွင်းရခြင်းဟာ ဆင်းရဲလှတယ် .. ဟောဒီက မောင်ကြီးရဲ့ တောပန်းစံပယ်လေးနဲ့ ချစ်သူထိုဘဝ ချစ်တေးသီရတာဟာ ချမ်းသာခြင်းသုခပါပဲကွယ် ..

ဒါပေမယ့် .. နားရှိလို့သာကြားရတယ်မောင်ကြီးရယ် .. တစ်နေ့များမှာ အချစ်ကြီးချစ်လို့ ယုံခဲ့ရတဲ့ ဒီကနှမကို တနယ်သား မောင်ကြီးစိမ်းကားသွေဖယ်မှာကိုဖြင့် ဒီကနှမတွေးလို့ ကြောက်လှတယ်ကွယ် ..။

ဩော် .. ချစ်ဖဲ့ နှမရယ် တနယ်သားပေမယ့် သွေဖီရိုးတဲ့ ယုံးစံမရှိပါဇာနည် ယောက်ျားမောင်ကြီးဟာဖြင့် ဇာတိအားဖြင့် သန့်စင်မွန်မြတ်သူပါ .. နှမလေးအပေါ် သစ္စာသွေဖီဖောက်လို့ မျက်စေ့အောက်က အပျောက်မခံ နိုင်အောင်ရိုး မြေကျတိုင်ကြင် နာမယ့်သူပါကွယ် ..

နှမလေးယုံပါပြီ မောင်ကြီးရယ် .. မောင်လိုယောက်ျားမျိုးဟာ သစ္စာတရားကို ကိုးစားယုံကြည်မယ့်သူလို့ အတွင်းစိတ်ကသိပေမယ့် .. ချစ်ဇောဟုန်ပြင်းပြတော့ နှမလေးသံသယစကားဆိုမိတာခွင့်လွှတ်ပါနော် .. မောင်ကြီး . . .

လေပြေကလည်း သွဲ့သွဲ့ညင်းနေ၏။ တိတ်ဆိတ်ငြိမ်သက်မှုနှင့် အတူရွက်ကျင်လေးတွေလေအနှော့လွင့်ပျံနေလျှက်ရှိသည်။

လုလင်ပျိုသည် လုံမပျိုလေးအား ရင်ခွင်ထက်မှ ဆွဲဖယ်၍ မျက်နှာချင်းဆိုင်ကာ .. ကဲပါ နှမရယ် .. မယုံတာတွေ ဘေးဖယ်ထားလို့ နှမလေးနဲ့ မောင်ကြီးတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခရီး လမ်းသာယာဖြောင့်ဖြူးဖို့ အရေးကြီးပါတယ် . . ဒါနဲ့ နှမလေးကို အချစ်သက်သေအဖြစ်

အာဇာနည် ယောကျ်ားတွေ သစ္စာတရားကြီးမားတဲ့ ရာဇဝင်ပုံပြင်လေးတစ်ခုပြောပြရဦးမယ် . . "လုံမပျိုမှ . . ရင်ခွင်ထက်မှ လူးလဲထကာ ပြေလျော့နေသော ဆံနွယ်များကို စုစည်းလိုက်ပြီး . . ဘယ်လိုပုံပြင်များလည်း မောင်ကြီးရယ် . ."

"ဒီလိုနှမရယ် . . တစ်ခါတုန်းက ဟံသာဝတီထီးနန်းကို အုပ်ချုပ်ခဲ့ရတဲ့ မွန်မင်းသူရှင်တာကာရွတ်ပိ မှာ လက်ရုန်းတစ်ဆူလိုအားထားရတဲ့ သူရဲကောင်း သမိန္ဒောရာမဟာ သူ့ခမည်းတော်မရှိတော့တဲ့နောက်ပိုင်းမှာ မဟာဆိမဟာသွေးပီပီ အညံ့မခံပဲ ရဟန်းဝတ်နဲ့ ကိုယ်ယောင်ဖျောက်ပြီး ညစဉ်ညတိုင်း ညောင်တစ်ပင်ကြီးအောက်မှာ ဧတ္တာ ကမ္မဋ္ဌာန်းစီးဖြန်းနေတုန်း တညဉ့်မှာ ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြီး . . အိပ်မက်ပေးတယ် . . ."

အသင်ရဟန်း . . နံနက်မိုးသောက်အလင်းရောက်ပါက မြစ်ဆိပ်သို့ သွားပါလေမြစ်တွင်းမှာ မိကျောင်းတစ်ကောင်တွေ့ရလိမ့်မယ် . . မထိတ်လန့်နှင့် မိကျောင်းကို စီးပြီး မြစ်အနောက်သို့ သွားပါလေ . . . တနေရာတွင် ကညင်ပင်ကြီးတစ်ပင်တွေ့ ရလိမ့်မည် . . ကညင်ပင်ပေါ်တွင် ဇင်ယော်ငှက် များဖုံ့ဖဲ့နေလိမ့်မည် . . သချာ အောင်ဥဒေါင်းတွန်သံကြားရပါက ထိုအရပ်တွင် မိကျောင်းပေါ်မှ ဆင်း၍ ကညင်ပင်ဆီသွားပါ ကညင်ပင်မှအရှေ့သုံးတောင်အကွာရောက် မြေအနက်သုံးတောင်တူးပါက ရွှေပေလွှာကို တွေ့ရလတ္တံ့ . . ရွှေပေလွှာကို မှုလ်တူးဖော်ခဲ့သော နေရာတွင်ပြန်မြှုပ်ပြီး မိကျောင်းစီး၍ပြန်



www.burmeseclassic.com

www.burmeseclassic.com


ပါလေ ဂါထာများကို အလိုရှိရာ အကျိုးသက်ရောက်အောင် အသုံး ပြုတတ်ပါစေဟု အိပ်မက်ပေးလေ ၏။

ရဟန်းတော်ဟာ . . သို့လော . . သို့လောနဲ့ မြစ်ဆိပ်ကို နံနက်မိုးသောက်မှာဆင်းကြည့်တဲ့ အခါ **အိပ်မက်ထဲက ပုဏ္ဏားကြီး** ပြောတဲ့အတိုင်း **မြစ်ထဲမှာ မိ**ကျောင်းကြီးပေါ်နေတာတွေ့ရတယ် . . အံ့ဩမှုနဲ့ သူ့ရဲ့ညောင်တစ်ပင်ကျောင်းကို ပြန်ခဲ့ရတယ် . . ဒုတိယအကြိမ်ထပ်မံပြီး ပုဏ္ဏားကြီးက အိပ်မက်ပေးပြန်တော့ မြစ်ဆိပ်ကို ဆင်းမယ်အလုပ်မှာ လူပရိသတ်တွေက ရဟန်းတော်လေးစိတ်ပေါ့သွမ်းသယောင်ထင်ပြီး ဝိုင်းတားမြစ်ကြဆွဲကြနဲ့ အကြံတော်ပျက်ရရှာတယ် . . .

ဒီလိုနဲ့ တတိယအကြိမ်သူတော်စင် ပုဏ္ဏားကြီးရောက်လာပြီး အိပ်မက်ပေးတဲ့ အခါမှာတော့ ရဟန်းတော်ဟာ ဒီတစ်ခါတော့ ဘယ်လိုပဲ အတားအဆီးဖျက်ဖျက် အကြံတော်အပျက်မခံနိုင်ဘူးဟု ဆုံးဖြတ်ချက်နဲ့ လူတွေအလစ်မှာ မြစ်ဆိပ်ကို ဆင်းတယ်ဆိုရင်ပဲ မိကျောင်းကြီးက ကမ်းစပ်ရောက်လာပြီး ကျောခင်းပေး**သည်နှင့် ရဲရဲရင့်ရင့်** မိကျောင်းပေါ်**တို့ ခွစီး**တယ်ဆိုရင်ပဲ လျှင်မြန်စွာမြစ်အနောက်ဘက်ကို မိကျောင်းကြီးစုန်လေပြီး . . တနေရာတွင်ကညင်ပင်တက်၍ စင်ရော်ငှက်ဝဲနေပြီး ဥဒေါင်းတွန်သံကြားသဖြင့် ပေစာအညွှန်းအတိုင်းက ညင်ပင်အရှေ့သုံးတောင်အကွာ မြေအနက်သုံးတောင်တူးသော်ရွှေပေလွှာကို တွေ့လေ၏။ ရွှေပေလွှာပါဂါထာသုံးပုဒ်ကို နေမကုန်မီအရကျက်ပြီးပြန်မြုပ်ခဲ့ကာ မိကျောင်းစီးပြီးပြန်သော်လမ်းတွင်မိုးသက်လေပြင်းနှင့် တိုး၍ မနည်းအသက်လုပြီးပြန်ခဲ့ရသဖြင့် ရွှေ


www.burmeseclassic.com

www.burmeseclassic.com



ပေလ္လာပါဂါထာသုံးပုဒ်အနက် တစ်ဂါထာသာ မှတ်မိလေတော့သည်။

ရွှေပေလ္လာပါဂါထာသုံးပုဒ်က ပထမရှိန်းဆာယာဂိုမောက် ကိုယ်ပျောက်ဂါထာ ဒုတိယ ဓားလှံသေနတ်ထိုးပစ်ခုတ်လျှင် မီးမကူးကျည်မခ သဗ္ဗရက္ခာပြီးတဲ့ ဂါထာ ၊ တတိယဂါထာက ခြေကျိုးလက်ကျိုးဒါးလှံသေနတ်ဒဏ်ရာရပါက ရေကို မန်းမှုတ်ထွေးလေသော် ပကတိအတိုင်းပြန်ဖြစ် ပြီးစပါးပဲပြောင်းဗူး၊ ဖရုံ၊ သခွားစိုက်ခင်းအားမန်၍ ဖျန်းပက်ပါကလည်း ဆန်ရေစပါးတိုးပွားသီးနှံပွင့်လေပြန်တဲ့ဂါထာထူးများပင်ဖြစ်တယ်။

ရဟန်းတော်ဟာ တတိယဂါထားကိုသာ မှတ်မိပြီး နောက်ထူးဆန်းစွာ ညောင်တစ်ပင်ကျောင်းက သတင်းအစအနမြုပ်သွားလေတော့တယ် . . မြို့သူမြို့သားတွေဟာ ရုတ်တရက်ပျောက်သွားတဲ့ ရဟန်းလေးအတွက် နှမြောတသကြေကွဲကြရလေတယ် . . ကွယ်

" ကဲ . . နှမလေးရေ . . စကားပြောကောင်းနေတာနဲ့ နေတောင်အတော်စောင်းသွားပြီး ကျန်တဲ့ယာခင်းကို ဆက်ရှင်းထားနှင့်နော် "

"မောင်ကြီးဟို ဘက်လျှိုလေးထဲမှာ နက်ကညွတ်ထောင်ထားတာသွားတဲ့

မကြာမီ ရှိုကလေးအတွင်းမှ လုလင်ပျိုပြန်ရောက်လာပြီး လက်ထဲတွင် ချေပေါက်တစ်ကောင်နှင့်လာ၍ လုံမပျိုကို ကမ်း၍ပေးလိုက်သည် ချေပေါက်ငယ်၏ ဦးခေါင်းနှင့်အမွှေးအမျှင်များကို လုံမပျိုက ပွဘ်သတ်နေချိန်တွင် ချေပေါက်လေးမှ သနားစဖွယ်မျက်လုံးရယ် အကြောင်သားနှင့် အသက်အားမှလွတ်ရန်တောင်းပန်နေသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ၏။

"ဟယ် . . ချေငယ်လေးက အရောင်အသွေးစုံစုံနဲ့ ချစ်စရာလေး ပါလား . . . ဟင်း . . . ခြေနှစ်ချောင်းလည်းသွင်သွင်ကျိုးလို့ပါလား"

"ဟုတ်တယ်နှမလေးရယ် . . ညှတကက်အဖြုတ်မှာ လွတ်ထွက်သွားလို့ မှီရာလှမ်းရိုက်လိုက်ရင်း ခြေကျိုးသွားတယ်ထင်ပကွယ် . . ဟုပေါ့ပေါ့တန်တန်ပြောလိုက်၏။"

"သနားစရာမောင်ကြီးရယ် ခြေကျိုးကြီးနဲ့ အစဘယ်လိုရှာတော့ မလည်းမောင်ကြီးတော့ ဝဋ်လည်လိုက်မှာ မကြောက်ဘူးလား . . ဟင်ဟုစိတ်မကောင်းကြီးစွာ ပြောလိုက်လေသည်။"

"နှမလေးက သူ့ကို ပြန်ကောင်းစေချင်လို့လား . . လုံမပျို့မှ ခေါင်းကို အသာအယာငြိမ့်ပြလိုက်သည်နှင့် လုလင်ပျို့သည် အနီးရှိရေတကောင်းမှ ရေကို ယူလျှက် မန်း၍ ငုံကာ ချေပေါက်လေးအား တိုက်လည်းတိုက်ပက်ဖျန်းသည်နှင့် မယုံနိုင်စရာအကောင်းပကတိနှင့် ချေငယ်လေးသည် ရှုံကလေးထဲသို့ ခုန်ပေါက်ပြေးလွှားပျောက်ကွယ်သွားလေသည်။

"ထိုအဖြစ်ကို လုလင်ပျို့မှ ခါးထောက်ရယ်မောကြည့်နေမိစဉ် လုံမပျို့လေးမှ တစ်စုံတစ်ရာကို စဉ်းစားပြီး အံ့ဩမင်သက်စွာနှင့် . . ထူး ဆန်းလှချည်လား . . ."

"ဟင် . . ဒါဆိုရင် . . မောင်ကြီးဟာ . . ဟို . . ဟို ရဟန်းပျို့ဖြစ်တဲ့ဟု ပြောရုံရှိသေး လုလင်ပျို့မှ . . . ဟုတ်ပါတယ် နှမလေးရယ် . . မောင်ကြီးဟာ တခြားသူဟုတ်ရိုးလား ရွှေပေလွှာဂါထာကို အရကျက်ခဲ့တဲ့ ဟံသာဝတီထီးနန်းရှင်ဟောင်းသူရဲကောင်းမင်းသားပဲ ပေါ့ . . ."

"လုလင်ပျို့စကားကြောင့် လုံမပျို့မှာ အမူအယာပြောင်းသွားပြီးလျှင် . . . မှန်လှပါအရှင်သခင်

www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိ၍ ပြုမိမှားခဲ့သည့် အပြစ်ရှိလျှင် ခွင့်လွှတ်သည်းခံတော်မူပါ . . . ဟု လက်အုပ်ချီလျှက် လျှောက်တင်လေလျှင် . . . ."

" လုံမပျို၏ လက်နှစ်ဘက်ကို အသာအယာဆွဲယူပြီး . . "

"ဩော် . . နှမလေးရယ် . . မောင်ကြီးဒုက္ခရောက်စဉ်က စောင့်ရှောက်ထားတဲ့ နှမတို့ရဲ့ ကျေးဇူး ကို အမြဲအောင့်မေ့လို့ တစ်ချိန်မှာ အကြွဲတော်သာအောင်ခဲ့ . . မိန်းမသားတို့ရဲ့ မမျှော်မှန်းဝံ့တဲ့ အမြင့်ဆုံးနေရာထိရည်မှန်းထားပြီးသားကွယ်" လုလင်ပျို၏ မျက်နှာကို ကြည့်၍ လုံမပျိုမှာ မျက်ရည်များ ရစ်ဝိုင်းလာပါသည်။

မှန်လှပါ . . နှမတို့ ကျေးတောသူအဖို့ ရိုးအလွန်း၍မင်းရေးစိုးခွင့်နားမလည်သဖြင့် နောင်ရေးကို တွေးရင်လေးလွန်းလှပါတယ်"

" အို . . ချစ်နှမ . . အခါအခွင့်သင့်တုန်းဘုန်းစွမ်းနဲ့ လူစပြုပါမှ နေရာကျနိုင်မပေါ့ကွယ် . . လုလင်ပျိုနှင့် လုံမပျိုတို့ နှစ်ဦးသားရွှေ့ရေးအတွက် တိုင်ပင်ရင်း တောင်ယာတဲလေးဆီသို့ ပြန်လာချိန်တွင် နေသည်အနောက်အရပ်သို့ပကွယ်လျှိုး၍ ကြယ်ရိပ်ကလေးများပင် မိုး၍လာချေပြီ။"

"အချိန်သည်ကား သက္ကရာဇ် ၉၁၄ ခုနှစ်တန်ခူးလဆန်း (၁၃) ရက် တနင်္ဂနွေနေ့ ဇရွဲ့အုံနယ်ကရင်သူကြီးနှင့်တော်(ရွှေ)ရွာသားများလာရောက်ဆက်သ၍ ဘုရင့်နောင်မင်းတရားကြီး၏ နန်းရင်ပြင်တွင် ဟံသာဝတီအရေးတော်တွင် စစ်ရှုံး၍တပ်ဖျောက်နေသော "သမိန္ဒောရာမ" မင်းသားအား ဖမ်းမိသော ရွာသားများက ဒူးနှစ်ဘက်ကို ရိုက်ကြိုးတုတ်နှောင် လေသည့် မြင်ကွင်းမိုးမရွာရက်စရာ တစ်ချိန်က ဟံသာဝတီထီးနန်း အုပ်ချုပ်မင်းလုပ်သွားသူ ဖြစ်ဝါးလွန်းသော ကံကြမ္မာရယ် ညီ



www.burmeseclassic.com

www.burmeseclassic.com



ချိန်တန်လင့်ပြီထင်ရဲ့ စိတ်မကောင်းဂရုဏာသက်ရောက်သည့်ဖကြည့် . . မွန်သူရဲကောင်းကြီး၏ အတွင်းစိတ်သဏ္ဍာန်ကို ကျွန်ုပ်သိပါသည်။သို့သော် အများကောင်းကျိုးအတွက် ကြိုးပမ်းနေချိန်တွင် တစ်ယောက်ချမ်းသာကိုယ်ကျိုးမရှာလိုသည့် အရှင်သစ္စာအား ဦးထိပ်ပန်ဆင်မည့်ဖကြည့် . . .

"အသင်သမိန္ဒောရာမ"

သင်သည် တပ်ပျက်၍ တိမ်းရှောင်နေသည်မှာ မွန်၏။ ငါ၏သစ္စာတော်ခံယူပါက သင့်အားထိုက်လျှောက်စွာ ချီးမြှင့်မည်ဟုမိန့်ရာ . . မွန်သူရဲကောင်းကြီးမှ

"အရှင်မင်းကြီး ကျွန်ုပ်သည်မဟာဆီမဟာသွေးဖြစ်ပါ သည်ခံယူပြီးသော အရှင့် သစ္စာအားဦးထိပ်ထက်တင်၏ အမျိုးကောင်းစားရေးအတွက် သာရည်ရွယ်ပါသည်။တစ်ယောက် ချမ်းသာကိုယ်ကျိုးရှာမှုအတွက် သစ္စာကို မဖျက်ဝံ့ကြောင်းပါ . . ."

"အိမ်း . . ကြားရသည်မှာအားရစမ်းပါဘိ . . သင်သည် ဇာနည်ယောကျ်ားပီလေစွ . . သင့်အားအခွင့်အရေးတစ်ခုငါကိုယ်တော်မြတ်ပေးမည် . . သင်အလိုရှိရာတစ်ခုတောင်းဆိုပါ" ထိုအခါ မွန်သူရဲကောင်းမှ . .

"အကျွန်ုပ်အား ရေကြည်တော်တစ်ခွက်ချီးမြှောက်လင့်ပါ အရှင်မင်းကြီးအထင်နှင့် လွဲသောတောင်းဆိုမှုဖြစ်သော်ငြား ခွင့်ပြုတော်မူ၏ . . ရေကြည်တော်တစ်ခွက်ရရှိသည်နှင့် သူရဲကောင်းကြီးသည် ရေကို မန်းမှုတ်ကာ ဒူးနှစ်ဘက်ကို ပက်ဖျန်းပြီး ကုန်းထသော်လည်း နေမြဲတိုင်းတည်း . . ထိုအခါတွင် မိမိအရှင်သခင်အတွက်အကျိုးပေးနည်းလှသည့် အဖြစ်ကိုတွေး၍ မျက်ရည်များတစ်ပေါက်ခြင်း တစ်ပေါက်ခြင်းယိုစီးကျလာလေသည်။မွန်သူရဲကောင်း၏ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အင်ကို ကြည့်လျှက် မင်းကြီးမှ . .

"အမောင်သူရဲကောင်းကြီး "သမိဒ္ဓါရာမ"သင်သည် သူရဲကောင်းပီသိဖြစ်လျှင် နှင့် အဘယ့်ကြောင့် ငိုကျွေးသနည်း . ."

"အရှင်မင်းကြီး . . သေရမည့်အရေးကို စိုးထိတ်၍ ငိုကျွေးခြင်း မဟုတ်ပါ . . ကျွန်ုပ်တွင် အစွမ်းထက်သော ဂါထာရရှိထားသဖြင့် ဥပါယ်တံမျှဉ်အကြံနှင့် ရေကို မန်း၍သောက်ပါသော်လည်း အရှင့်ဘုန်းကကြီးလှသည် . . ခံယူထားသော်သစ္စာအတွက် ကျွန်ုပ်မှာ အရေးမလှလေခြင်းဟု ယူကျုံးမရဖြစ်ခြင်းသာဖြစ်ပါသည် . . အရှင်"

"သင်၏ ရေမန်းအစွမ်းထက်ခဲ့သော်သင့်ခြေထောက်များ ကောင်းမွန်ပါက အသို့ပြုမည်နည်း"

"ကျွန်ုပ်အကြံအစည်မှာ နီးရာလက်နက်ဖြင့် အရှင့်အားလုပ်ကြံရန်ဖြစ်ပါသည်" ဟု မကွယ်မဝှက်လျှောက်၏။

"မင်းကြီးသည် ပြုံးတော်မူ၏ သူ၏ လက်သူကြွယ်တွင် ဝ... ဆင်ထားသော သိဒ္ဓိဝင် ပတ္တမြား အမြဲတေလက်စွပ်ကို ခေတ္တမှ ကြည့်၍ သင်ကားငါ၏ ဘုန်းက... အစွမ်းအစကို မသိ၍ကြံမိမှား ခြင်းဖြစ်သည်"

"ယခုဒိုင်းလွှားပေး၍ ကပါစေ ဆိုလျှင် ထ၍ က၏။ နေမြဲတိုင်း... တည်စေဟုဆိုလျှင် ကျိုးမြဲတိုင်း... သာတည် . . နောက်ဆုံးတွင် တော့ . . မင်းကြီးလည်း တိုင်းပြည် စည်းရုံးရေးအတွက် ပြုလုပ်နေချိန် တွင်သူတစ်ယော... အတွက်ဖြင့် ကွဲပြားခြားနားမှု... တွေးမိသဖြင့် မျက်နှာလွှဲတော်မူ... ၏။

ဤသို့ဖြင့် ပုဂ္ဂိုလ်ထူးပေးခဲ့... သော ရွှေပလ္လာ ဂါထာတော်တို့ တလွဲအယူအဆမှားစွာနှင့် ပြုမိ... မှား ခဲ့သော၍ လည်ကောင်းသုံးနှ... က်ကြီးသော ဘုရင်တစ်ပါး၏



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းအစကို မယုံကြည်မိ ၍ ကံမှာဆိုနှင့် သာတိုးခဲ့ရရှာ လေ သလား . . မွန်သူရဲကောင်းကြီး ရယ်"

နေလုံးကြီးသည်ကား အနောက်ဘက်ခင်တန်းညိုသို့ တ ရိပ်ရိပ်ကျဆင်း၍ နေပါသည်။ ချေငယ်လေးကို ရင်ဝယ်ပိုက်၍ ချစ်သူလာမည့်လမ်းကို မှန်းမျှော် ရင်လုံမငယ်လေးသည် . .

" နှမလေးရဲ့ချစ်သစ္စာဟာ မောင်ကြီးတစ်ယောက်အပေါ် အဦးဆုံးပွင့်ခဲ့တဲ့ တစ်ပွင့်တည်း သော ချစ်သစ္စာပန်းမို့ ဒီဘဝဒီမျှ သာပါပဲကွယ် . . အသဲနှင့် ထပ်တူ ချစ်ခဲ့ရသူမို့ ရင်မှာ မီးတောက်မက ပူပြင်းလွန်းလှပါတယ် . . ချစ်တဲ့ မောင်ကြီးတစ်ယောက်လောကထဲ ကပျောက်ပျောဒီစမ်းချောင်းလေးကို သက်သေပြုလို့ သစ္စာဆိုလိုက်ပါ တယ်ဆိုတာ မြင့်မြတ်တဲ့ ဘုံမှာ ရောက်နေတဲ့ မောင်ကြီးတစ် ယောက် သိပါစေသော်ကွယ် . .

လေပြေလေးတစ်ချက်အဝှေ့ တွင် လွင့်ပါးသွားသော ရွက်ကြွေ လေးများပမာနှယ် ဦးတည်ရာမဲ့ စိတ်များက ဟိုနှယ်ဒီနှယ်လွင့်ပါး ကာ အလွမ်းပင်ဆင့်ကျွမ်းရင်နင့် စေခဲ့သည်။ (မွန်သူရဲကောင်း "သမိန္ဒောရာမ"၏ ရာဇဝင်ထဲက လွမ်းပုံပြင် . . သို့"

မင်းနိုင်

စာကြွင်း

ကေတုမတီတောင်ငူဘုရင် "မင်း ခေါင်း" မှ ညီတော်ဇင်းမယ်မြို့စား "နော်ရထာ"ထံသို့ သူပိုင်နက် နယ် မြေတွင် သောင်းကျန်းလျှက်ရှိ သော ဆင်ဆိုးကြီးအား နှိမ်နင်းရန် အတွက် အကူအညီတောင်း ရာ



www.burmeseclassic.com

www.burmeseclassic.com


ဇင်းမယ်မြို့စားမှ သားတော် "နန္ဒကျော်ထင်နော်ရထာ" ကို စေလွှတ်နှိမ်နင်းစေသည်။ဆင်ဆိုးကြီးကို အောင်နိုင်သဖြင့်ဘုရင်မင်း ခေါင်မှ တူတော်မောင်နှင့် သမီးတော် "မဏိရတနာ"မင်းသမီးအား လက်ဆက်စေသည့် ထိုညတွင် မင်းသမီးလေးမှာ စက်တော်ရာအဆောင်မှ ပျောက်ဆုံးသွားသဖြင့် မင်းသားလေးမှ လိုက်ရှာရာတွင် မင်းသမီးလေးအား တဘက်သတ် စုံမက်နေသော စစ်သူကြီး "ဗလမင်းထင်" နှင့် တွေ့ပြီး အချင်းများ ကြသည်။ ဗလမင်းထင်လည်း မင်းသားလေး၏ ဓါးချက်ဖြင့် အသက်ပျောက်ခဲ့သလို "နန္ဒကျော် ထင်နော်ရထာ" သည်လည်း ဗလမင်းထင်၏ အဆိပ်လူးသော ဓားချက်မိကာကံကုန်တော်မူ၏။

"မဏိရတနာ" မင်းသမီးလေမှာ သူ့ချစ်သူ မင်းသားလေးအား နောက်ပြောင်ကျီစယ်ရန် စက်တော်ဆောင် ကြေးသေတ္တာထဲ ဝင်ပုန်းရာမှ လေမွန်း၍ ကံတော် ကုန်ခဲ့သည်။ သို့သော် မင်းသမီးလေး၏ အလောင်းအား (၁၇) ရက်တိုင် ကြာမြင့်ပြီးမှ တွေ့ရှိကြသော်လည်း ဝတ်ဆင်ထားသော "ပတ္တမြားလက်ဝတ်" ရတနာအစွမ်းကြောင့် အိပ်မောကျနေဘိသကဲ့သို့ ရှိနေသည်။

ပေစာသိုက်အညွှန်းအရ ပတ္တမြားလက်ဝတ်ရတနာနှင့် မင်းသမီးဝတ်ဆင်ထားသော ရတနာများအား ဂူချိုင်းတွင် မြှုတ်နှံစဉ် တစ်ခုမျှ ဖြုတ်မယူထားခဲ့ချေ။ ပုတီး တစ်ကုံးတည်းပင် အသပြာတစ် သိန်းထိုက်တန်သည် ဟုဆို၏။

မီးကွင်းသည့် သိဒ္ဓိဝင် အမြုတေလက်စွပ် . . တစ်ခါ တည်းနှင့်ရန်သူများကို နှိမ်နှင်းနိုင် စွမ်းရှိသည့် ကျောက်ဖောင်းများ ရှေးမြန်မာကြီးများဆီတွင် ရှိခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီး


www.burmeseclassic.com

www.burmeseclassic.com



သည် ရခိုင် - တောင်ငူ - ဇင်းမယ် ထိုင်းနိုင်ငံများသို့ စစ်ချီထွက်ခဲ့ဘူးသဖြင့် မြကျောက်နှင့် ကျောက်မျက်ရတနာများအကြောင်းကို နားလည်းတက်ကျွမ်း၏။

ဘုရင့်နောင်မင်းတရားကြီး၏ သိဒ္ဓိဝင်အမြှုတေလက်စွပ် အစွမ်းမည်မျှထားသနည်းဆိုသော် မင်းလောင်သမိန္တောရာမ၏ ရန်သူများကို နှိမ်နင်းရာတွင် ပတ္တမြားလက်စွပ်ကို အသုံးပြုပြီး လက်စွပ်ပေါ်တွင် ပေါ်လာသော အရိပ်အယောင်များကို လက်သုံးတော်ဓားဖြင့် ခုတ်ရုံမျှဖြင့် ရန်သူများကျဆုံးရသည် အဆိုရှိ၏။

မင်းတရားကြီးနတ်ရွာစံပြီးနောက် ညီတော် တောင်ငူဘုရင်မင်းခေါင်ထံ တနည်းနည်းဖြင့် ရောက်ရှိသွားပြီး သမီးတော် "မဏိရတနာ" မင်းသမီးအား လွန်စွာမြတ်နိုးလှသဖြင့် ချီးမြှင့်လိုက်သည်။ မင်းသမီးလေးကကုန်သော် တစ်ပါတည်းထည့်၍ သဂြိုလ်လိုက်ရာမှ ထူးဆန်းသောပတ္တမြားလက်စွပ်သတင်းမှာ ပျောက်ကွယ်သွား၏။

နောင်လာလတ္တံ့သော် သမီးတော်ဂူသချိုင်းအားတွေ့ရှိသူသည် မကျွတ်မလွတ်သူများအား ရည်စူး၍ ကုသိုလ်ကောင်းမှုပြုနိုင်ရန် မင်းသမီးလေး၏ လက်ဝတ်ရတနာများအား မဖြုတ်မသိမ်ဘဲ တပါတည်းဝတ်ဆင်ထည့်ပေးလိုက်ခြင်းဖြစ်သည်ဟုသိရသည်။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


## သျှို့ဝနက်ဘုရား၏ ဂမ္ဘီရမြွမ်းအုံ
## (နှင့်)
## မြွေဟောက်ဘုရင်၏ ညှို့မာယာ

**ဇော်ထက်**

တစ်ခါကဖြစ်သည်။

ကျွန်ုပ်သည် လော်ကယ်ရထား၏ပထမတန်းတွဲ၌ လေကလေးတဟူးဟူးတိုက်ခိုက်နေသည်ကိုခံစားရင်း တငြိမ့်ငြိမ့်စီးနင်းလိုက်ပါလာခဲ့ရာ ကျွန်ုပ်၏အာရုံတို့သည်တစ်စထက်တစ်စအိပ်တွဲလေးလံလာလေ၏။ပထမတန်းတွဲ၌ အိပ်စင်ကလည်း စမတ်ကျလှရာ အိပ်ပျော်လုလုရှိနေစဉ်မှာပင် ရထားငြိမ့်ခနဲ ထိုးဆိုက် သွားသည်။ ဘူတာသေးသေးတစ်ခုတွင် ခေတ္တဝင်ဆိုက်ခဲ့သည်ကို သိလိုက်ရသည်။ ကျွန်ုပ်က ဘူတာ၏ နဖူးစည်းဆိုင်းဘုတ်ကို လှမ်းစောင်း၍ကြည့်လိုက်သည်တွင် “ရမ္မာန်ဂူဒီ” ဘူတာရုံဖြစ်နေ၏။

ကျွန်ုပ်၏အကြည့်တို့က ဘူတာရုံပလက်ဖောင်းပေါ်သို့ ရောက်တတ်ရာရာပေါ်ရောက်နိုင်ဖို့ အလုအယက်နှင့်ပင် တိုးတိုက်တက်ရောက်နေတာကို မြင်လိုက်ရလေသည်။

ယင်းသို့ရှိစဉ်မှာပင်

အားလုံးထက်သီးခြားရှိနေသလို ကျော့ရှင်းသပ်ရပ်သော


www.burmeseclassic.com

www.burmeseclassic.com

နံငယ်ပိုင်းဒိုတီ (အိန္ဒိယပုဆိုး)နှင့် ပိုးထည်"အံဂါးဗက်(စ်)တရမ်း" (အပေါ်ကုတ်အင်္ကျီ)တို့ကို ကျနစွာ ဆင်ယင်ထားလေသည့် ပုဂ္ဂိုလ် တစ်ဦးသည် ကျွန်ုပ်၏တွဲခန်းရှိရာ ဆီသို့ တက်ရောက် အကင်းပါးလှ သည့် အကြည့်မျက်လုံးများရှိနေ လေ၏။ ကျွန်ုပ်၏စိတ်၌ ကျိုလို လူကြီးလူကောင်း ထင်မိသော် လည်း ကျွန်ုပ်၏အခန်းကိုကျော် မသွားဘဲ အထဲသို့တံခါးဖွင့်၍ပင် လှမ်းလာလေရာ ကျွန်ုပ်မှာ ပါးစပ် ပောင်းလောင်းဖြစ်သွားရ၏။

ထိုသူက ကျွန်ုပ်၏မျက် စောင်းထိုးအိပ်စင်ရှိလှလွတ်နေသည့် ထိုင်ခုံတွင် ဝင်နေရာယူလိုက်ပြီး အပေါ်စင်ပေါ်သို့ သူ၏ထီးရှည် ကြီးကို ဂရုတစိုက်တင်လိုက်လေ၏။ သေးငယ်သော သူ၏ခရီးဆော အိတ်ကိုမူ ဘေးမှာပင်ချခဲ့သည်။

ရထားကြီးသည် အသ ဝင်လာခဲ့ပြီး တငြိမ့်ငြိမ့်နှင့် ပြ လည် ခရီးဆက်ဖို့လုပ်၏။

ကျွန်ုပ်လည်း တ ယောက်ထီးတည်းနေခဲ့ရာက ပျင်းရိလာပြီဖြစ်ဖြစ်၍စကားရော ဖောရောလုပ်ချင်လာသည်နှင့်. . .

"နှောင်ကြီးကို ကျုပ်တ နေရာရာမှာ မြင်တွေ့ဖူးသလိုပဲ"

ဟုအဖော်ဆွယ်စကာ ကို စလိုက်မိသွား၏။

"အို - ဟုတ်ချင်ဟုတ်မှာ ပဲ. . . ကျွန်တော်ကလဲ မြေ အဆိပ်များရဲ့ ဘုရင်ဆိုပြီး ကျော် ကြားလှသိမ်းနေခဲ့တာကိုးလို့"

"အို - ဟုတ်လား. . .


www.burmeseclassic.com

www.burmeseclassic.com


အဲဒီ ဝိသေသကလဲ အံ့ဩစရာ အကြောင်းတစ်ခုပါပဲလား၊ ခင်ဗျား ဘုရင်ဖြစ်ရမယ့်နေရာကလဲ အဆိပ်နယ်မြေမှာတဲ့ဟုတ်လား"

ကျွန်ုပ်၏အပြောကထော် ငေါ့လုံးလိုဖြစ်သွားမည်ရှိရာ ထို ပုဂ္ဂိုလ်ခေတ္တမျှတွေဝေသွားသည်သို့ နှယ်ရှိ၏။

"ဟုတ်တယ်ဗျ. . . ခင်ဗျားအဖို့တော့သိပ်ပြီး စိတ်ဝင်စား ချင်စရာဖြစ်ချင်မှဖြစ်မယ်. . . ဒါပေမယ့် ခင်ဗျားသာ ကျုပ်တို့ရွာထဲ ကိုပြီးခဲ့တဲ့တစ်လလောက်ကသာ ရောက်ဖူးမိတဲ့ညည်သည်တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင်တော့ ကျုပ်ဒီနာမည်ဘာကြောင့် ရလာရသလဲဆို တာလုံလောက်တဲ့အကြောင်းတစ်ခု ဖြစ်သွားလိမ့်မယ်. . . ပြီးတော့ ကျုပ်နာမည်ကိုလည်း ခင်ဗျားအတွက် မိတ်ဆက်ပြီးသားဖြစ်သွားတော့မှာပေါ့"

"မြွေအဆိပ်ဘုရင်"ဆိုသော စကားလုံးကြောင့်ကျွန်ုပ်အထင်မှားပြီး သူ့ပေါ်အဆိုးမြင်သွားမည်ကိုဖြေရှင်းပြချင်ဟန်တူမယ် လားဟု ကျွန်ုပ်မဆီမဆိုင် တွေးနေမိ၏။ ကျွန်ုပ်သိခဲ့ထားရ ပုဂ္ဂိုလ်တက်လာခဲ့ကို "ရှီဘား ရွာ၏ ရပ်ကျိုးရွာလောက်ရွက်ရုံ အဝေးဆီသို့ တက်၏"

က မြွေ-ဆရာတစ်ဦးနှင့် ဒမယ ၏။ထိုသူ၏ ပြောပြချက်များထဲ တွင် မြွေဆိပ်များစုဆောင်းနိုင်ခဲ့သူ တစ်ယောက်အကြောင်းပါ ပါဝင်ခဲ့ဖူးသည်ကိုပြန်အမှတ်ရမိခဲ့ရာမှ. .

"အို,ဟုတ်ပြီ. . . ကျုပ်


www.burmeseclassic.com

www.burmeseclassic.com



ခုမှသတိရပြီ. . . ခင်ဗျားဟာ မြေ တွေမှာရှိတဲ့အဆိပ်အားလုံးကို စုပ် ယူနိုင်တဲ့ မြွေအဆိပ်ပြီးတဲ့ ဆရာဝန် တစ်ယောက် အဖြစ် ရွာထဲမှာ သတင်းကြီးနေသူတစ်ယောက်ပေ

သ မြွေအားလုံးရဲ့အဆိပ်ကိုကော လေ ျပ်"နိုင်စွမ်းရှိနေတယ်ဆို

လူကြီးရ ်တ်တယ်. . . အဲဒီ လည်း ကျွန် ် ကျုပ်ကိုယ်တိုင်ပဲ မသွားဘဲ အ ပ်မိထားတဲ့လူသာ လှမ်းလာ ပိုးပြီးသေခါနီးဖြစ်နေ ယောင်း တော့ ကျုပ်အရောက်မီခဲ့ရင် ၂လူရဲ့ အဆိပ်ဟာ ဘယ်လောက် ပဲဆိုးဝါးတဲ့အခြေအနေရှိရှိ ကျုပ် ပြတ်သွားစေအောင် ရုပ်ပေးနိုင် တယ်"

"သေလု သေခင် နီးနီး ရောက်နေခဲ့ရင်ကောပေါ့. . . ဟုတ်လားဗျ"

"အနည်းနဲ့အများ ကတော့ ကျုပ်ဖက်ကတတ်နိုင်စွမ်းတာချည်း ပဲ. . . တစ်ခါကတော့ အဆိပ် တွေဟာ မြွေကိုက်ခံလိုက်ရတဲ့ လူ ရဲ့အသည်းနှလုံးထဲပျံ့သက်နေခဲ့လို့ ကျုပ်အစွမ်းတွေ ကင်းမဲ့ခဲ့ရသေး တယ်၊ တချို့တချို့မြွေဆိပ်တွေ ဟာ ထင်တာထက်တောင် အပျံ့ မြန်ဆန်တာကလား၊ မြွေဟောက် မျိုးနဲ့ ငန်းတော်ကြားမျိုးဟာ တကယ့်သေမင်းမြွေအမျိုးအစားပဲ အဲဒီကြားထဲက ရုပ်(စ်)ဆဲမြွေအမျိုး အစားမျိုးကလည်း တကယ့်သေ မင်းပဲ"

"အေးဗျ - ကျုပ်တော့ ခင်ဗျားကို ပယောဂဆန်တဲ့မြ



www.burmeseclassic.com

www.burmeseclassic.com


အားတစ်ခုခုရှိနေမယ်လို့ အမြင်များထင်ဟတ်လာသည်။

"တကယ်တော့ ကျုပ်အစွမ်းထက် "ရှိဘား (သျှိဝ)"ရဲ့ အစွမ်းကပိုမယ်ထင်တယ်၊ (သျှိဝ) ထဲမှာ ပထမယုံကြည်စွာဆည်းကပ်လိုက်ရတယ်၊ လောကကြီးရဲ့ အကောင်းမှန်သမျှတို့ဟာ "ရှိဘား (သျှိဝ)"ရဲ့အမည်နာမထဲမှာပဲ ရှိနေတာကိုးဗျ. . . မနက်တိုင်းမနက်တိုင်းတရားထိုင်ရင်း "ရှိဘား(သျှိဝ)" ရဲ့အမည်နာမကို အကြိမ်တစ်ထောင်တိတိရွတ်နေကြပေါ့ဆရာ. . . နောက်တော့မှပဲ ကျုပ်ရဲ့စိတ်ထဲမှာ စိုးမိုးနေတဲ့ ခံစားမှုနာကျင်ကျင်တွေကို "ရှိဘား(သျှိဝ)"နတ်ဘုရားထံနှင်းအပ်လိုက်တယ်၊ "ရှိဘား (သျှိဝ)"အမည်နာမကို ဖြေးဖြေးချင်းနဲ့ အကြိမ်တစ်ထောင်ရွတ်သလိုတစ်ခါတစ်ရံလည်း အဲဒီအကြိမ်ထက်မက ပိုရွတ်လိုက်တယ်၊ ကျုပ်ရဲ့ ဒီလိုရွတ်တာတွေဟာ မြွေဆိပ်မိထားတဲ့လူတစ်ယောက်အဖို့တော့ စွမ်းအားရှိတဲ့ ဆေးထိုးအပ်နဲ့ထိုးသွင်းပြီးကုလိုက်သလိုရှိတတ်မယ်လေ"

"မြွေအပေါက်ခံထားရတဲ့လူတစ်ယောက်ကို "ရှိဘား (သျှိဝ)"တစ်ထောင်လောက်ရွတ်ရုံနဲ့လုံလောက်နိုင်မလား"

"ဒီထက်ပိုရွတ်မှဖြစ်မယ် . . အကြိမ်လေးထောင်၊ ငါးထောင်လောက်တော့ ရွတ်ပေးရတယ်၊ အထူးသဖြင့် အဆိပ်နင့်နင့်နဲနဲ ပျံ့သက်ခံနေရပြီဆိုတဲ့လူနာတွေအတွက်လေ"


www.burmeseclassic.com

www.burmeseclassic.com



အမှန်ပြောရလျှင်မူ ကျွန်ုပ်၏ ခံစားချက်ထဲမှာ အံ့ဩခြင်းတစ်ပိုင်းနှင့် သံသယရှိရခြင်းတစ်ဝက်တို့အချိုးကျပေါင်းစပ်နေသည်၊ သူတော်စင်တစ်ပါး၏ အမည်နာမကိုရွတ်ဖတ်သရဇ္ဈာယ်ရုံနှင့်မြွေဆိပ်ကိုပင် ပြယ်စေနိုင်မည်ဆိုခြင်းမှာ တော်ရုံတန်ရုံနားလည်ရအခက်သား. . . ကျွန်ုပ်၏မေးခွန်းစကားတိုင်း၌ မယုံနိုင်သောအကြောင်းတစ်ခုအတွက် သေချာအောင်စူးစမ်းသလို ရှိနေပေလိမ့်မည်မလွဲပါ. . .

"ရှိဘား(သျှိဝ)"နာမည်ရွတ်ရုံနဲ့လူနာရှင်တွေဆီက တစ်ခါတစ်ခါဘယ်လောက်တောင် အခကြေးငွေတွေ ရတတ်သလဲ"

"ရူပီးငွေနှစ်သန်းသုံးသန်းတော့ရမြဲပဲ" ကျွန်ုပ်၏ အမေးစကားကြောင့် ခေတ္တမျှနှုတ်ဆွံ့အ,သွားပြီးမှ ဖြေခဲ့လေသည်၊ "ကျုပ်ရဲ့အစောင့်အရှောက်တွေကလဲ တစ်နေ့တစ်နေ့ နှစ်သန်းထက်မနည်း ကောင်းကျိုးပေးတတ်တယ်လေ. . . ဒီအတွက်လည်း မနက်တိုင်းနာရီနဲ့ချီပြီးကျုပ်တရားထိုင်ခဲ့ရတယ်"

ကျွန်ုပ်တို့စီးလာသောရထားကြီးသည် မြွေသံနဲ့မြွေတွန့်လိုပင်သံလမ်းပေါ်မှ တွေ့တွေ့ဝိုက်ဝိုက်နှင့်ဆက်လက်ကာ ခုတ်မောင်းလာခဲ့ပြန်ပါ၏၊ ထိုအချိန်မှာပင် မြွေဆိပ်ဘုရင်ထံ ကျွန်ုပ်ကသူကုသရာတွင် အခက်အခဲကြုံရသေးသော စိတ်ဝင်စားဖွယ်ဖြစ်ရပ်မျိုးကြုံဖူးသေးခြင်းရှိမရှိဆိုသည်ကို



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ၏ ခံစားချက်ဖြင့် ဖူးစမ်းလိုက်ဖြစ်သည်။ ကျွန်ုပ်၏အသွင်မှာ ကျော်ကြားနေသူခွဲစိတ်ဆရာကြီးအား ခွဲစိတ်ခုံပေါ်က အတွေ့အကြုံတစ်ခုကို ပြောပြပေးဖို့ တောင်းခံသူနှင့်မခြားနားရှိသွားလေမည်လားမပြောတတ်ပါ. . . သူကလည်း နဂိုကတည်းက ပြောပြဖို့ စိတ်အားထက်သန်နေချင်ဟန်ရှိ၏။ ထိုအခါ သူပြောပြချင်နေသော အကြောင်းအရာတို့ကို တန်ဆာဆင်သိုင်းဝိုင်းခြင်းပြုမနေတော့ဘဲ ချက်ခြင်းပင်ပြောပြလာခဲ့လေတော့သည်။

သူပြောပြသည့် ဖြစ်ရပ်တို့မှာ ငယ်စဉ်တောင်ကြေးကဖြစ်ရပ်တို့နှင့်ပေါင်းစပ်လာရလျက်. . .

xxxxxx

"ကျုပ်ဟာ ငယ်စဉ်တောင်ကြေးဘဝကတည်းကပဲ မြွေတွေဆို သိပ်စွဲလန်းခဲ့သူပါပဲ၊ ကျုပ်နေထိုင်ခဲ့ရတဲ့ ကျေးရွာထဲမှာဆိုလဲ မြက်ပင်ခြုံပုတ်ထဲ မကြာမကြာဝင်သွားတတ်တဲ့ မြွေတို့၊ တွားသွားသတ္တဝါတို့၊ လျှောကနဲ လျှောကနဲနဲ့ရှိတတ်တာကို ခဏခဏတွေ့ကြုံရင်းနှီးနေခဲ့တယ်ဆိုပါတော့လေ. . . အဲဒါတွေကို ပဲစွဲလမ်းမိစွာပဲစောင့်ကြည့်မိတတ်ခဲ့တယ်၊ ကြောက်ရမယ်ကောင်းမှန်းမခံစားမိနိုင်ခဲ့ဘူး၊ ပျော်ရွှင်ကြည်နူးမိသလိုတောင် ခံစားမိသလိုလိုပဲ. . အဲသလိုနဲ့ ကျုပ် (၁၆)နှစ်ထဲ ပြည့်လာတဲ့နေ့တစ်နေ့က မြွေဟောက်ကြီးတစ်ကောင်နဲ့ မမျှော်လင့်ဘဲ ဆုံမိခဲ့ရတယ်ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



တော့. . . သရက်ပင်တစ်ပင်ရဲ့အရိပ်အောက်က ဖြတ်လျှောက်လာခဲ့တုန်းမှာပဲ "V"အမှတ်အသားထင်ရှားအောင်ပေါ်နေခဲ့တဲ့ မြွေဟောက်ကြီးတစ်ကောင် ကျုပ်ရှေ့တည့်တည့်ရှုခနဲပါးပျဉ်းထောင်လာတာကိုမြင်လိုက်ရတာနဲ့ ကျုပ်အသည်းတွေ အေးခနဲခံစားလိုက်ရတယ်၊ ကြောက်လွန်းလို့ ရှေ့မတက်ရဲတော့ဘဲ ရပ်လက်စနေရာကနေပဲ "အို - ကြီးမြတ်လှတဲ့အရှင် . . . ကျွန်ုပ်ပေါ်ဘာဖြစ်လို့ အမုန်းအငြိုးကြီးမားနေရတာလဲ. . . "လို့ ကျုပ်ခေါင်းထဲဝင်လာတဲ့စကားလုံးတွေကို ခတ်ကျယ်ကျယ်ပဲ ရွတ်ဆိုမိသွားခဲ့ရတယ်. . ပါးပျဉ်းထောင်နေတဲ့ မြွေကြီးလဲချက်ချင်းမာန်လျှော့ချသွားရင်း သစ်ပင်နော က်ဖက်ဝင်သွားတာကို တအံ့တဩပဲ မြင်လိုက်ရတယ်. . .

"အဲဒီကအစပြုခဲ့တာပါပဲ ကျုပ်မှာဒီလိုအကြောင်းမျိုးမှာသာမဟုတ်ဘဲ တခြားအကြောင်းတွေမှာပါပြီးမြောက်နိုင်မယ့် စွမ်းအားတွေရှိနေတာကိုပါ ကျုပ်ကိုယ်ကျုပ်သတိထားလာနိုင်မိခဲ့တယ်. . . ကျုပ်ရဲ့ရိုသေကိုင်းရှိုင်းမှုတိုင်းကို မြွေတွေနဲ့ ဆက်နွယ်သွားနိုင်တာသိလာခဲ့တယ်၊ ကျုပ်ခြိုးခြံရောင့်ရဲအကျင့်တွေ, တရားထိုင်အကျင့်တွေဖက်ကို အဲဒီအချိန်ကစပြီ လိုက်စားလာဖြစ်တယ်. . . အဲသလိုတရားထိုင်တဲ့အကျင့်တွေပါ များများရလာခဲ့လို့လဲ ရပ်ရွာတစ်ခုလုံးမှာကျုပ်ရဲ့ အောင်မြင်နေတဲ့သတင်းတွေကနေ "မြွေဆိပ်ကုဆ



www.burmeseclassic.com

www.burmeseclassic.com


ဆိုတဲ့ ဘွဲ့အမည်နာမကိုပါ ရလာတယ်ဆိုပါတော့. . .

"ကျုပ်အသက် (၁၈)နှစ်၊ မကျော်ခင်မှာပဲ ရွာထဲက မြွေကိုက်လူနာအတော်များများကို အဆိပ်ပြယ်အောင် လုပ်ပေးပြီး အသက်ပေါင်းများစွာကို ကျုပ်ကယ်တင်နိုင်ခဲ့တယ်. . ကျုပ်တတ်နိုင်လာတဲ့ နောက်ပိုင်း ရွာထဲမှာ မြွေပေါက်လို့ အဆုံးအရှုံးခံရတဲ့လူ မရှိသလောက်ဖြစ်သွားရတယ်. . . ကျုပ်သတင်းတောမီးလို ပျံ့လာနေတဲ့အတွက် ဘယ်လိုအရပ်တွေမှာ မြွေကိုက်ကိုက်ကျုပ်ဆီပဲပြေးလာတတ်ကြတယ်

"အဲသလိုနဲ့ ခင်ဗျားစောစောတုန်းကမေးခဲ့တဲ့ ကျုပ်စွမ်းအားပြသဖို့ခက်သွားတဲ့ စိတ်ဝင်စားဖွယ်ရာအကြောင်းလေးတစ်ခုကြုံလာရတော့တာပါပဲ. . . ဘုတာရုံနဲ့သုံးမိုင်လောက်ဝေးမယ့် ရွာမှာ


www.burmeseclassic.com

www.burmeseclassic.com



နပုဒ်လေးတစ်ခုမှာဆိုပါတော့. . အသက်အရွယ် ၁၄-နှစ်သာသာရှိမယ့် မိန်းကလေးတစ်ယောက်ဟာ မိဘတွေနဲ့အတူနေထိုင်ရတာ ဧ ပြောရမယ်၊ အဲဒီမိန်းကလေးဟာ ရုပ်ရည်ကြည့်ပျော်ရှုပျော်ရှိပြီး၊ ကျန်းမာရေးဒေါင်ဒေါင်မြည်နေတဲ့ လက္ခဏာလဲရှိတယ်ဆရာ. . . အဲဒီမိန်းကလေးမှာ အထူးခြားဆုံးက တော့မျက်လုံးတွေ. . . မြွေလို ညို့အားကောင်းနေတယ်လို့ တင်စားရမလားမသိဘူး၊ ဝိုင်းစက်ပြီးလက်ပြောင်နေတာပဲ၊ အိမ်ထောင်မကျသေးတဲ့ သမီးပျိုမိန်းကလေးတိုင်း၊ မိဘရဲ့ဝေယျာဝစ္စမှန်သမျှလုပ်ပေးရသလို အဲဒီကောင်မလေးလည်း မိဘတွေရဲ့ နွားတွေကိုကျောင်းပေးရတယ်. . .

တစ်နေ့မနက် မိန်းကလေး နွားကျောင်းရင်း. . ညောင်စုတ်ဆိုတ်ပင်ကြီးနားအရောက်မှာ

လုလင်ပျိုတစ်ယောက် အရိပ်အခြေ မြင်ရတာဆိုတော့ မိန်းကလေးလဲ ဇဝေဇဝါ စိတ်ဖြစ်သွားတယ်၊ ပျိုရွယ်သူတို့ ထုံးစံအတိုင်းအဲဒီပုလွေသံသဲ့သဲ့ကို နားထဲကြားယောင်နေပြီး ရင်ခုန်သံလေးနဲ့ပြန်လာခဲ့တယ်၊ နောက်တစ်နေ့ရောက်အသွားမှာပဲ သာယာလှတဲ့ ပုလွေသံသဲ့သဲ့ကို မနေ့က နေရာကနေ ပုန်းကွယ်ပြီး မှုတ်နေတာဖြစ်မှာပဲလို့ခံစားလိုက်ရပြန်တယ်၊ ဒါပေမယ့် လူရိပ်လူယောင် မမြင်ရဘဲ သစ်ပင်ကြီးထဲကလိုပဲ ကြားနေရတာ မိန်းကလေးလဲ ဒီတစ်ခါတော့ကြောက်အောင်

www.burmeseclassic.com



လာခဲ့ပြီး နွားတွေနဲ့ပြန်လာမိခဲ့တယ်၊ အဒီညနေခင်းကျမှပဲ မိဘတွေကို အဲဒီအကြောင်းတွေပြောပြမိသွားတယ်၊ အဲဒီတော့ မိဘတွေက သမီးစကားကိုသဘောကျမိသလို ရယ်တော့တာပေါ့. . . သူ့အမေက သမီးကိုတစ်ယောက်ယောက်က ကြောက်အောင်ခြောက်တာလဲဖြစ်နိုင်တာပဲ. . .”လို့ ထင်ကြေးပေးတယ်၊ ဒီတော့ အဖေကပါ “ဒီလိုတော့ ဟုတ်မယ်မထင်ဘူး. . တို့ခေတ်ထဲမှာ ကိုယ်စွဲလမ်းမိတဲ့ မိန်းမပျိုတစ်ယောက်ကိုကြောက်အောင် တိုက်ခိုက်မယ်ဆိုတဲ့ စိတ်ကူးတွေနဲ့ ယောက်ျားသားမျိုးတော့ရှိမှာမဟုတ်တော့ပါဘူး”လို့ ကျီစယ်သလိုဆိုပြန်တယ်၊ နောက်ဆုံးကျတော့မှ ကောင်မလေးမိခင်က “အဲဒါကိုသိပ်အရေးကြီးသလို အစွဲအလမ်းထားမနေပါနဲ့လား သမီးရယ်. . တကယ်လို့ နောက်တစ်ခါ အဲသလို ပုလွေသံမျိုးတွေကြားလာရင် သမီးစမ်းပြီး လေချွန်ကြည့်လိုက်စမ်း၊ အဲဒီပုလွေသံရှင် ဘယ်လိုတွေ ဖြစ်သွားရမလဲဆိုတာမေမေတို့ကို ပြန်ပြောပြပေါ့ကွယ်ဟုတ်လား”လို့ဆိုပြီး အဲဒီအကြောင်းကို နိဂုံးချုပ်ပစ်လိုက်တယ်။

“ဒီတစ်ခါမနက်ရောက်လာပြန်တာနဲ့ မိန်းကလေးဟာဟိုအရင်တွေလို ကြောက်တာမျိုး၊ အံ့ဩတာမျိုးလိုမဟုတ်တော့တဲ့ စိတ်ဝင်စားတဲ့ စိတ်အသစ်နဲ့ ညောင်မုတ်ဆိတ်ကြီးနားကော်ဖီသာ

www.burmeseclassic.com



မျိုးပေါ့ဆရာ. . . အဲဒီခဏမှာပဲ ညောင်မုတ်ဆိတ်ကြီးအောက်က နေသိပ်သယာတဲ့ ပုလွေသံဟာ ရုတ်တရက် ထွက်လာတယ်။ မိန်းကလေးရင်တွေဖိုလှိုက်သွားတယ်။ မိန်းကလေးဟာ စိတ်အာရုံတွေ အားလုံးကိုပြန်စုစည်းလိုက်ရင်းက ပဲ သူ့အမေမှာထားတဲ့အတိုင်း ပုလွေသံအလိုက် လေချွန်သံလေး ပြန်ပေးမိသွားတယ်. . အဲဒီတစ်ခ ဏပုလွေသံပျောက်သွားတယ်၊ မိန်းကလေးလည်း ဒီလိုဆုံလာရ တော့ အရမ်းကိုပဲ ထိတ်သွား တယ်၊ ထပ်ပြီးစိတ်ကို တင်းလိုက် ပြီးမှ လေထပ်ချွန်ကြည့်လိုက်တယ် ပေါ့ဗျာ. . သံစဉ်အလိုက်ဒွာန်ကရိုက်း ကျကျ တစ်ကြိမ်စနှစ်ကြိမ်စချွန်ပြီး စောင့်ကြည့်လိုက်တယ်"

"အဲဒီအချိန် မယုံချင်နိုင်စ ရာ အဖြစ်[redacted]တစ်ခုကို ဆုံတွေ့ လာပါရောလား၊ ညောင်မုတ် ဆိတ်ပင်ကြီးရဲ့ အမြစ်အောက်ခြေ လိုင်းကနေချောမွေ့ပြောင်အိနေပြီး လုံးရှည်ရှည်ကြီးဟာ ဖြည်းဖြည်း ချင်းတွားတွားပြီး ထွက်လာရင်းက သူ့ရဲ့မည်းပြောင်လှတဲ့ကိုယ်ကြီးကို တရွေ့ရွေ့နဲ့ပဲထောင်လာတော့မှ "မြွေဟောက်"ကြီးတစ်ကောင်ဖြစ် နေမှန်းသိလိုက်ရတဲ့မိန်းကလေးဟာ တစ်ကိုယ်လုံးအေးစက်တောင့်တင်း လို့သွားရတယ်ပေါ့. . အဲဒီမြွေဟာ ကြောက်စရာအကောင်းဆုံးဖြစ်တဲ့ "မြွေဟောက်ဘုရင်"လေ. . . မိန်း ကလေးကြောက်စိတ်တွေနဲ့ မင် တက်နေပြီး လက်နှစ်ဖက်ကို တ အားဆုပ်ရုပ်နေမိခဲ့တယ်၊ မြွေ

www.burmeseclassic.com

www.burmeseclassic.com



ဟောက်ကြီးနှစ်ကိုက်အကွာလောက်ထိ ပြန်လို့တရွေ့ရွေ့တိုးကပ်လာရင်း ရုတ်တရက်အရိပ်အရောင်မပြအချက်ပေးမနေတော့ဘဲ သူ့ရဲ့ကိုယ်ကိုထောင်လို့ လှုပ်ရှားခဲ့ပြီးကြိုးတစ်ချောင်းလိုပဲ မိန်းကလေးရဲ့ ကိုယ်ကိုကြောင်လိန်ပတ်ကလေးပတ်လာတော့တယ်၊ မိန်းကလေးဟာ ကြောက်လွန်းခဲ့ပေမယ့်သည်းငယ်အောင် မအော်ငိုမိလိုက်တာကပဲ အနေမှန်သလိုဖြစ်လာခဲ့ရတယ်. . .

"အဲဒီအချိန် ညောင်မုတ်ဆိတ်အနီးလမ်းကြောင်းလေးပေါ်ဆိတ်တွေကျောင်းပြီး ဖြတ်သွားနေတဲ့ကောင်လေးတစ်ယောက်အဲဒီမြွေကြီးနဲ့ မိန်းကလေးတို့ရဲ့အခြေအနေကို မြင်သွားတာနဲ့ကြောက်အားလန့်အား မိန်းကလေးရဲ့မိဘတွေဆီပြေးတိုင်တယ်၊ မိဘတွေလည်း အရမ်းထိတ်ထိတ်ပူပူနဲ့ရှိသွားရင်း သမီးနဲ့မြွေကြီးရှိနေတဲ့ နေရာဆီကအတိုက်ကရက်ပဲပြေးခဲ့မိတယ်၊ ရောက်တော့ဆယ်ကိုက်အကွာမှာပဲ ခြေရှိန်သတ်နိုင်ခဲ့ပြီး သမီးကိုမေးချင်တာတွေ မေးဆိုတဲ့တယ်၊ သမီးကလဲ ဘာမှမပူလာတယ်၊ အပြောမျိုးကို သတိမေ့လုနီးနီးတော့ကြားက လှမ်းဖြေဖြေပြောလေးလေးလုပ်တယ်၊ မြွေဟောက်ကြီးကလည်းလို့သမီးကို အန္တရာယ်ပြုတာမဟုတ်ပါဘူးလို့ ဒါပေမယ့် သူ့အဖေကမြွေဟောက်အရစ်အပတ်ကြီးကနေသမီးကျွတ်အောင် မ,သုတ်ပြီးကယ်တင်နိုင်အောင် ကြိုးစားချင်နေခဲ့တယ်. . . နောက်ဆုံးတော့



www.burmeseclassic.com

www.burmeseclassic.com



ရှာသားတွေဟာ ကျုပ်သတင်း ကြား ထားနေကြတာဆိုတော့ ကျုပ်ဆီပဲပြေးလာပြီး အကူအညီ တောင်းခဲ့တော့တယ်. . . ကျုပ် လဲ နှစ်မိုင်လောက်အကွာက အဲဒီ ရွာလေးဆီ မြို့ကနေတစ်ဆင့် အ ရောက်သွားဖြစ်တယ်ပေါ့ဗျာ. . ."

ပုလွေ "အဲဒီမှာပဲ ကျုပ်ဒီမိန်း မြန်ပေးမလေးကို စပြီးမြင်ဖူးတော့တာ ကပုလွေ. . မျက်လုံးတွေဟာ ဝန်းပြီး မိန်းက ယှလှပပနဲ့ ညို့ဓါတ်တဖျတ်ဖျတ် တေ ပြေးနေခဲ့တယ်၊ လက်အုပ်ချီရပ် နေတဲ့ပုံစံနဲ့ ရွာသူရွာသားတွေ ဖက် ရပ်နေခဲ့တဲ့ မိန်းကလေးရဲ့တစ် ကိုယ်လုံးကို မြွေဟောက်ကြီးက သူ့ရဲ့ပြောင်ချောပြီး မည်းနက်နေ တဲ့ကိုယ်လုံးကြီးနဲ့ ကြိုးတစ်ချောင်း လိုပဲတစ်ပတ်ချင်းကြောင်လိမ်ပတ်

နဲ့ ပတ်ထားခဲ့တယ်. . မိန်းကလေ ရဲ့ ခေါင်းပေါ်မှာ မြွေဟောက်ကြ ရဲ့ခေါင်းပွိုင်းက ထီးလိုပဲ အုပ်မိုး ကျုပ်မျက်လုံးထဲမှာ အီဂျစ်နိုင်ငံ နတ်ဘုရားမကိုတောင် ပြေး မြင်ယောင်မိသေးတော့. . .

"ကျုပ်က စိတ်မောမော စောင့်စားကြည့်ရှုနေကြတဲ့ သားတွေကို ကိုက် ၂၅ကို လောက် အကွာအဝေးမှာ ငြိမ် နေကြဖို့ အချက်ပြလိုက်ရတ ညောင်မှတ်ဆိတ်ပင်ကြီးနဲ့ မိ ကလေးနဲ့မြွေဟောက်ကြီးတို့ ကြားကွက်လပ်ကိုလဲ ယောက်မှဝင်မလာဖို့ စည်းတ ထားလိုက်တယ်၊ ကျုပ်ကပဲ အကြားထိုင်လိုက်ပြီး ဗျာန်သ ပတ်ထိုင်ဖို့လုပ်ခဲ့တယ်၊ နှစ်မိ



www.burmeseclassic.com

www.burmeseclassic.com


သာသာလေးက မျက်လုံးပိတ်မှိတ်လို့ တရားထိုင်နေပြီးမှ ပြန်ဖွင့်လိုက်တယ်"ကြီးမြတ်တဲ့အရှင်ရေ မိန်းကလေးကို ဖြေပေးပြီး ကျုပ်ဆီကို လာပါလေလော့"လို့ ကျုပ်ကဆိုခဲ့ဖြစ်တယ်. . .

"မြွေဟောက်ကြီးကလဲ ကျုပ်တောင်းဆိုလိုက်တဲ့စကားကို နာခံလိုတဲ့ဟန်နဲ့ပဲထောင်ထားတဲ့ ပါးပျဉ်းကြီးကို တဖြေးဖြေးနဲ့ အောက်ကိုရွှေ့လျှားချပြီးဆင်းခဲ့တယ်၊ ပရိသတ်အားလုံးဟာ အသက်ကိုတောင် ရဲရဲနဲ့မရှူရဲကြဘဲ စောင့်ကြည့်နေကြတာပေါ့. . အဲဒီနောက် မြွေဟောက်ကြီးဟာ တစ်ပတ်ချင်းပြန်ဖြေခဲ့ပြီး မိန်းကလေးဆီကနေဆင်းခဲ့ရာက ကျုပ်နဲ့ငါးကိုက်အကွာမှာပဲ ရပ်သွားခဲ့ပြီး သူ့ရဲ့ပါးပျဉ်းကြီးထောင်လိုက်တယ်၊ ဒါပေမယ့် ကျုပ်တိုင်တည်စကားပြော သပ်မံမလွှတ်ထုတ်ခင် အချိန်လေးထဲမှာပဲ မြွေဟောက်ကြီးဟာ ပြန်လှည့်လိုက်ရင်းက စောစောကလိုပဲ မိန်းကလေးကိုပြန်ရစ်ပတ်ခဲ့တယ်၊ ပရိသတ်ဆီက 'ဟာ'ခနဲဆိုတဲ့ အသံတွေတစ်ခဲနက်ပဲထွက်လာတယ်၊ ဒီနေရာမှာ ခင်ဗျားက ကျွန်တော့်ကို မေးချင်နေမယ်၊ မိန်ကလေးဟာလွှတ်နိုင်ပါရက်နဲ့ ဘာဖြစ်လို့ထွက်မပြေးတာလဲလို့ပေါ့လေ။

"ကျုပ်စိတ်အထင်တော့ မိန်းကလေးရဲ့စိတ်ထဲမှာ စိတ်ကူးယဉ်ဆန်ဆန်လုပ်ရမှာကို ကြောက်လွန်လွန်းလို့ပဲဖြစ်နိုင်တယ်၊ ပြီးတော့ ဘယ်လောက်ပြော


www.burmeseclassic.com

www.burmeseclassic.com



ပြေးပြေးမြွေဟောက်ကြီးရှာပြီး လိုက်လာနိုင်မယ်လို့ အစွဲရှိနေလို့လဲဖြစ်နိုင်မှာပဲ၊ ကျုပ်လဲတရားထိုင်သလို မျက်လုံးတွေပိတ်မှိတ်လိုက်ပြီး "ရှိဘား(သျှိဝ)"ရဲ့ အမည်နာမကိုပဲ တိုင်တည်လိုက်မိတယ်. . . ကျုပ်စိတ်ထဲတန်ခိုးသတ္တိတွေဝိညာဉ်ထဲ ဝင်ပူးကပ်လာသလိုခံစားမိလိုက်ရတာနဲ့အမျှ ကျယ်လောင်တဲ့အသံနဲ့ "ကြီးမြတ်တဲ့အိုအရှင်ရေ မိန်းကလေးကို လွှတ်ပေးပြီး ကျုပ်ရှေ့တွားလာပါတော့"

"ကျုပ်အသံကြားတယ်ဆိုရင်ပဲ ပါးပျဉ်းကြီးဟာ မြေပေါ်ကို ပြန်နိမ့်ဆင်းချလာခဲ့ပြီး မြွေကြီးလဲကျုပ်ရှေ့တရွေ့ရွေ့နဲ့တွားလာခဲ့ပြန်တယ်၊ ခုနစ်ကိုက်ကျော်ကျော်မှာရပ်သွားပြီး ပါးပျဉ်းထောင်လာခဲ့ပြန်တယ်ပေါ့ဗျာ. . .

"မိန်းကလေးရဲ့အဖေဟာ သမီးကို ကယ်တင်ဖို့လုပ်တယ်. . ကျုပ်က "ကျွန်တော်အမိန့်မပေးမချင်းတစ်ယောက်မှ မလှုပ်ပါနဲ့"လို့ အမိန့်လှမ်းပေးလိုက်ရတယ်"

"ကျုပ်ဟာ ပါးပျဉ်းထောင်နေတဲ့ မြွေဟောက်ကြီးကို ကြည့်လိုက်ရင်း"မိန်းကလေးကို ဘာဖြစ်လို့ ပြန်လွှတ်ပေးဖို့ ဝန်လေးနေခဲ့တာလဲအရှင်"ရယ်လို့ မေးခွန်းထုတ်မိခဲ့တယ်"

"ကျုပ်က မြွေဟောက်ကြီးဆီက အဖြေပေးသံများအာရုံထဲမှာကြားလာရမလားဆိုတဲ့ စိတ်နဲ့မျက်လုံးအစုံကို ခဏပြန်မှိတ်ထားခဲ့မိတယ်၊ ကျုပ်မျက်လုံးတွေကို ပြန်လဲဖွင့်ကြည့်လိုက်ရော



www.burmeseclassic.com

www.burmeseclassic.com


မိန်းကလေးကိုယ်ကို ပြန်ရစ်ပတ်နေခဲ့တာတွေ့လိုက်ရတယ်ဆိုပါတော့. . ."

"ကျုပ် ကိုယ်တိုင်အသာအယာထခဲ့ပြီး မိန်းကလေးရဲ့ မိဘတွေနဲ့ခပ်လှမ်းလှမ်းမှာ တိုင်ပင်တဲ့သဘောနဲ့ စကားဆိုခဲ့မိတယ်၊ ပုလွေသံဟာ မြွေဟောက်ဆီက တွန်သံဖြစ်ပြီး မိန်းကလေးရဲ့အလှအာရုံပေါ် စွဲလန်းခဲ့မိလို့ ပေးခဲ့တာဖြစ်နိုင်ကြောင်း မြွေဟောက်ကြီးကို ညောင်မှုတ်ဆိတ်ပင်ကြီးဆီ အေးအေးသာသာနဲ့ ပြန်လှည့်သွားစေချင်လိုရင် မြွေဟောက်ကြီးပေါ် သတ်ဖို့ အန္တရာယ်ပြုဖို့ ဘာဖို့မတွေးသင့်ကြောင်း သတိပေးလိုက်ရတယ်၊ သူတို့လဲ ကျုပ်သတိပေးသလို နေကြည့်ပါမယ်လို့ ကတိပေးခဲ့တယ်. . ."

"ကျုပ် စောစောက နေရာကို ပြန်သွားပြီး တရားထိုင်လိုက်ရပြန်တယ်၊ ပါးစပ်ကနေ "ရှိဘား (သျှိဝ)"ဆိုတဲ့နာမည်ကို အကြိမ်တစ်ထောင်ထက်မက ရွတ်ဆိုလိုက်တယ်"အဲဒီနောက် "ကျွန်ုပ်တို့ကလဲ သင့်ကိုအန္တရာယ်မပေး, အသင်ကလဲကျွန်ုပ်တို့ကို ပြန်မပေးဘဲ သင့်အပင်ရှိရာကို ကြွမြန်းပါတော့လို့" မေတ္တာရပ်ခံလိုက်တယ်"

"အဲဒီအခါရောက်တော့မှပဲ မြွေဟောက်ကြီးဟာ ကျုပ်ကိုနှုတ်တွေဘာတွေတောင်ဆက်ပြီး ညောင်မှုတ်ဆိတ်ပင်ကြီးရဲ့ အမြစ်တွေ အောက်,တွင်းပေါက်ထဲတန်းဝင်ပြီး တစ်ခါတည်း ပျောက်သွားပါတယ်


www.burmeseclassic.com

www.burmeseclassic.com



သွားတော့တယ်၊ လူတွေဆီက စိတ်သက်သာရာရသွားတဲ့ ဟင်းတုံးချလ်တွေထွက်လာခဲ့တယ်၊ မိန်းမနှစ်ယောက်က မိန်းကလေးကို ဖက်ပွေ့ရင်းက စိတ်မထိန်းနိုင်သလိုငိုမိတယ်၊ မိန်းကလေးရဲ့ မိဘတွေကတော့ ဘာပြောကောင်းမလဲ. . အန္တရာယ်တွင်းထဲကနေ လွတ်မြောက်ခွင့်ရခဲ့တဲ့သမီးဖြစ်သူကို ဖက်လိုက်၊ နမ်းရှုံ့လိုက်နဲ့ အဖြစ်သဲတော့တာပေါ့. . . ကျုပ်လဲ အဲဒီအချိန်အခါရောက်တော့မှ "မြွေဆိပ်ဘုရင်"ဆိုတဲ့ ဘွဲ့ထူးကြီးရလိုက်တာပါပဲ"

မြွေဆိပ်ဘုရင်ဆိုသူက သူ၏ရှည်လျားသောအဖြစ်အပျက်အတွေ့အကြုံတွေကို ဒီနေရာသို့ အရောက်မှာပင် နိဂုံးချုပ်လိုက်လေ၏။

"အေးဗျာ - ခင်ဗျားပြောပြတဲ့ အဖြစ်အပျက်ကတော့ သိပ်ကိုမှ ဆန်းကြယ်ပြီး ဂမ္ဘီရဆန်တာပဲဗျာ. . . ခင်ဗျားရောက်သွားခဲ့လို့ သာကောင်မလေးကံကောင်းသွားရတဲ့ သဘောပါပဲလား. . ဘာပဲပြောပြော ခုကြားရတဲ့အဖြစ်အပျက်အတိုင်းဆိုရှင် မြွေတွေတွန်သံပေးတိုင်း ကိုယ့်ဖက်က လေချွန်သံပြန်မပြုသင့်ဘူးဆိုတဲ့ သင်ခန်းစာကိုတော့ကျုပ်အပြည့်အဝရလိုက်ပြီလေ" ဟု ကျွန်ုပ်ကပြောလိုက်သည်။

"ဒါလဲမှန်တယ်ဗျ၊ အဲ. . ဒီလိုဘာကြောင့် ဖန်တီးလာရတာလဲဆိုတဲ့အကြောင်းတစ်ခုကိုလဲ ကျုပ်နောက်ကျမှပဲ အဖြေရပြီး သဘောပေါက်မိဖြစ်တော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ မြွေဟောက်ကြီးဟာ မိန်းကလေးပေါ် ဘာကြောင့် တွယ်တာသလို ရစ်ပတ်ထားတာ လဲဆိုတာပါ ကျုပ်စိတ်ထဲ ရှင်းလင်း သွားခဲ့တယ်ဆိုပါတော့ဗျာ"

"အို . . . ဟုတ်လား. . ဘာကြောင့်လဲဆိုတာ ကျုပ်ကို ရှင်းပြစမ်းပါဦး".

"ဒီလိုဗျ. . . ကျုပ်လဲ မိန်း ကလေးကို ကယ်တင်နိုင်ပြီးတော့ မှပဲ သူ့မိဘတွေကို မိန်းကလေးရဲ့ နာမည်က ဘာတဲ့လဲလို့မေးကြည့် မိလိုက်တယ်လေ. . သူ့မိဘတွေက "နာဂါး-ဆွန်ဒရီး"ဖြစ်တဲ့ အ ကြောင်းပြောတော့မှ ကျုပ်ပါးစပ် အဟောင်းသားဖြစ်မိတော့တယ်. . "နာဂါး"ဆိုတာက "မြွေမလေး"၊ "ဆွန်ဒရီး"ဆိုတာကတော့ "လှ တယ်"ဆိုတဲ့ အဓိပ္ပါယ်မဟုတ် လား၊ နှစ်ခုပေါင်းလိုက်ရင်၊"လှတဲ့ မြွေမလေး"ရယ်ပေါ့၊ ဒီတော့က အဖြေကရှင်းနေပြီ၊ မြွေဟောက် ကြီးဟာ "လှတဲ့မြွေမလေး"ပေါ်မှာ ကြွေသွားတာနဲ့ ခုလို နဂါး-ဆွန်ဒ ရီးကို အချစ်သက်တတွေပြလာ တဲ့သဘောဆိုတာ တွေးလို့မရ တော့ဘူးလား. . မိန်းကလေးက လေပြန်ချွန်ပြခဲ့တော့ ပိုနိုက်သွား တော့တာပေါ့. . . ဟားဟားဟား" ဟူ၍ မြွေဆိပ်ဘုရင်ကြီးက စကား ကိုနိဂုံးချုပ်လိုက်ပါသတည်း။

Ref : SNAKE BEAUTY

မေတ္တာရည်လွှာ
စာကြည့်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# " ဝိညာဉ်ကမ္ဘာမှ ဂျင်နီ "

မင်းမျိုးအောင်

## ဂျင်နီဆရာနှင့် တွေ့ဆုံခြင်း

ကျွန်ုပ်သည် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း မက်ဆိုပိုတေးမီးယားစစ်မြေပြင်၌ စစ်မှုထမ်းခဲ့လေရာ စစ်ကြီးပြီးသော အခါ အီဂျစ်လူမျိုးမိတ်ဆွေ တစ်ယောက်နှင့်အတူ ကိုင်ရိုမြို့သို့ လိုက်ပါသွားခဲ့လေသည်။

ကျွန်ုပ်သည် ကိုင်ရိုင်မြို့တွင် အီဂျစ်လူမျိုးမိတ်ဆွေ၏ မိတ်ဆက်ပေးမှုဖြင့် အီဂျစ်မှော်ဆရာအဘိုးအိုတစ်ဦးနှင့် တွေ့ဆုံခဲ့ရလေ၏။

အဘိုးအိုသည် ကိုင်ရိုမြို့စွန်ရှိ တောင်ကုန်းငယ်တစ်ခု အပေါ်တွင် တည်ရှိသည်။

အိမ်ကြီးတစ်လုံးပေါ်တွင် နေထိုင်လျက်ရှိ၏။ အိမ်ကြီးမှာ ကြီးမားသော နှစ်ထပ်အိမ်ကြီးတစ်လုံးဖြစ်၏။

အဘိုးအိုသည် ကျွန်ုပ်အားလိုလိုလားလားပင် လက်ခံခြင်းပြုလေ၏။

"ဝိညာဉ်လောကဆိုတာကို အဘိုးတို့အီဂျစ်လူမျိုးတွေ ယုံကြည်ကြသေးလား. ."

ကျွန်ုပ်က မေးလိုက်ရာ အဘိုးအိုက

"ယုံကြည်ကြတာပေါ့ မစ္စတာမင်းအောင် အီဂျစ်လူမျိုးတွေရဲ့ ဝိညာဉ်လောကဟာ ရှေ့ဆုံးမှာ ရှိတယ်။ အခုကျုပ်တို့မြင်တွေ့နေတဲ့ လူ့လောက လူ့ကမ္ဘာနဲ့ မတူတဲ့ ဝိညာဉ်လောက


www.burmeseclassic.com

www.burmeseclassic.com


ဝိညာဉ်ကမ္ဘာဆိုတာရှိတယ်. .

အဲဒီ ဝိညာဉ်ကမ္ဘာမှာ ဝိညာဉ်အမျိုးအစားသုံးမျိုးရှိတယ်. အဲဒီသုံးမျိုးကတော့ နတ်ဝိညာဉ် လူဝိညာဉ်နဲ့ ဂျင်နီဝိညာဉ်တို့ဖြစ်တယ်"

" ဝိညာဉ်အမျိုးအစား သုံးမျိုးတောင်ရှိတယ်ဆိုတော့ တော်တော်အံ့သြစရာပါပဲ "

" ဟုတ်တယ် မစ္စတာမင်း အောင် အဲဒီဝိညာဉ်သုံးမျိုးထဲမှာ နတ်ဝိညာဉ်က အဆင့်အတန်း အမြင့်ဆုံး ဝိညာဉ်တွေဖြစ်တယ်. . အနိမ့်ဆုံးကတော့ ဂျင်နီဝိညာဉ်တွေပါပဲ. . အဲဒီဂျင်နီဝိညာဉ်တွေမှာကောင်းတဲ့ ဝိညာဉ်တွေ ရှိသလို ဆိုးတဲ့ ဝိညာဉ်တွေလည်းရှိတယ်။ အကောင်းအဆိုးရောနှော ဒွန်တွဲနေကြတယ်. .

လူတွေဟာ သေဆုံးပြီးတဲ့ အခါ ခန္ဓာကိုယ်ထဲက ဝိညာဉ်တွေဟာ ဝိညာဉ်ကမ္ဘာကို ရောက်ရှိသွားကြတယ်. . "

"ဒါဆိုရင် ဂျင်နီတွေရဲ့ ဝိညာဉ်ကရော"

"ဂျင်နီတွေကတော့ ဝိညာဉ်ကမ္ဘာတွေထဲမှာတင် တိုက် ရိုက်မွေးဖွားကြတယ်. . အချို့က တော့ ဂျင်နီဝိညာဉ်ဆိုတာ တိရစ္ဆာန်တွေရဲ့ ဝိညာဉ်လို့ ဆို တယ်. . အမှန်တော့ တိရစ္ဆာ တွေရဲ့ ဝိညာဉ်မဟုတ်ပါဘူး. . သီးခြားဖြစ်ပေါ်နေတဲ့ ဝိညာဉ် ပါပဲ. . "

"ဂျင်နီဝိညာဉ်တွေဟာ တိရစ္ဆာန်တွေနဲ့ မတူဘူးပေါ့"

"မတူပါဘူး ဂျင်နီတွေ စရိုက်လက္ခဏာဟာ တိရစ္ဆာ တွေနဲ့ ခြားနားပါတယ်. . သူ အထဲက တချို့ဂျင်နီတွေ လူတွေလို အသိတရားရှိပြီး ထ ကတော့ သူတော်စင်များလို နေထိုင်ကြတယ်. . တချို့ဂျ တွေကတော့ လူသား သူတို့တတ်နိုင်သလောက် အ


www.burmeseclassic.com

www.burmeseclassic.com



ပြုကူညီတက်ကြပါတယ်. . လူတွေဟာသေဆုံးပြီးတဲ့အခါ ဝိညာဉ်ကမ္ဘာကို ရောက်ရှိပြီး နတ်ဝိညာဉ် ဂျင်နီဝိညာဉ်တွေနဲ့ တွေ့ဆုံကြရပါတယ်. . ”

“ဒါဆိုရင် လူဟာ အဲ့ဒီ နတ်ဝိညာဉ် ဂျင်နီဝိညာဉ်တွေနဲ့ အတူ ဝိညာဉ်ကမ္ဘာသားဖြစ်သွားရတာပေါ့. . ”

“ဟုတ်ပါတယ် မစ္စတာမင်းအောင် ဝိညာဉ်ကမ္ဘာသားဖြစ်သွားရပါတယ်. . ကျုပ်တို့ အီဂျစ်လူမျိုးတွေကတော့ ဝိညာဉ်ကမ္ဘာဟာ အမှန်တကယ် တည်ရှိနေတဲ့ ကမ္ဘာတစ်ခုပဲလို့ ယုံကြည်နေကြပါတယ်. . ”

**ဂျင်နီများကို စေစားခြင်း**

“ဂျင်နီဆိုတာ အင်မတန်ထူးခြားဆန်းကြယ်တဲ့ ဝိညာဉ်တစ်မျိုးပေါ့ ဟုတ်လား. . ”

“ဟုတ်ပါတယ် သူတို့ကို လူတွေအနေနဲ့ စေစားနိုင်ပါတယ်”

“စေစားနိုင်တယ်ဟုတ်လား”

အဘိုးအို၏ စကားကြောင့် ကျွန်ုပ်မှာ လွန်စွာ အံ့သြသင့်သွားမိလေ၏။

“ဟုတ်ပါတယ် ဂျင်နီတွေကို စေစားနိုင်ပါတယ် ဒါပေမယ့် လူတိုင်းတော့ အဲ့ဒီလို ဂျင်နီတွေကို မစေစားနိုင်ပါဘူး. . ဂျင်နီတွေကို စေစားညွှန်ကြားခြင်းပညာရပ်ဟာ အဆင့်မြင့် ပညာရပ်တစ်ခုဖြစ်တဲ့အတွက် နှစ်ရှည်လများ သင်ကြားကြရပါတယ်. . အဲ့ဒီလို သင်ကြားရာမှာ သမာဓိအား ကောင်းဖို့လိုပါတယ်. . ”

“အီဂျစ်တွေရဲ့ အယူအဆတစ်ခုမှာ လူတစ်ယောက် နေထိုင်မကောင်းခြင်း

အကုသိုလ်ဖြုလ်ဆိုးဝင်ခြင်းတို့ဟာ မကောင်းတဲ့ ဂျင်နီတွေ ဖမ်းစားခြင်းအတွက်ကြောင့်ဖြစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ယူဆကြပါတယ်. . ပြီးတော့ လူတစ်ယောက် ကျန်းမာပျော်ရွှင်နေခြင်း စီးပွားတိုးတက်ကောင်းစားနေခြင်းတို့ဟာလည်း ကောင်းတဲ့ဂျင်နီတွေရဲ့ ကြည့်ရှုစောင့်ရှောက်မှုကြောင့်လို့ ယူဆကြပါတယ်. . ."

"အဲ့ဒီအတိုင်းဆိုရင် ဂျင်နီတွေမှာ ထူးခြားတဲ့ စွမ်းအင်ပါဝါတွေရှိနေတာပေါ့. ."

"ရှိနေတာပေါ့. . ဒါပေမယ့် ဂျင်နီတွေဟာ လူတွေလို ရုပ်လုံးရုပ်ထည် ထည်ဝါတဲ့ လူတွေ မဟုတ်ပါဘူး. . သူတို့ရဲ့ သဏ္ဌာန်ဟာ အခိုးအငွေ့သဏ္ဌာန် အလင်းရောင်သဏ္ဌာန် လှိုင်းသဏ္ဌာန် သာသာမျှ သာရှိတဲ့ အတွက် လူတွေရဲ့ သာမန်မျက်စိနဲ့ မမြင်တွေ့နိုင်ပါဘူး. ."

"ဂျင်နီတွေကို စေစားညွှန်ကြားတဲ့ အတတ်ပညာဆိုတာ ဘယ်လိုပါလဲ"

"အဲ့ဒီအတတ်ပညာဟာ အခုတော့ အီဂျစ်နိုင်ငံမှာ တော တော်ရှားပါးသွားပါပြီ ဂျင်နီ စေစားညွှန်ကြားပေးမယ် ပုဂ္ဂိုလ်ဟာ မိမိစေစားခြင်းပြုမယ် ဂျင်နီရဲ့ အမည်ကို ဦးစွာ သိထား ပါမယ်

ဒါမှ ဂျင်နီကို စေစားနိုင် လိမ့်မယ်. . ."

"ဂျင်နီရဲ့ အမည်ကို ဘယ်လို သိနိုင်မလဲ. ."

"ဟုတ်တယ်. . ဒါဟာ အဓိကအချက်ပဲ ပြီးတော့ အဲ့ ဟာ လျှို့ဝှက်ချက်ပဲ. . ဂျင်နီနဲ့ မည်တွေကို သိရှိနိုင်ဖို့အတွက် ဘယ်လိုပြုလုပ်မလဲ ဆိုတာ တော့ စေစားခြင်းပြုမယ့် ပုဂ္ဂိုလ် ချင်းနဲ့ သက်ဆိုင်ပါတယ်. ."

"အဲဒီလို ဂျင်နီရဲ့ အမ ကို သိရှိထားမှသာ စေစားခြ ပြုနိုင်လိမ့်မယ်. ."

လျှို့ဝှက်မန္တန်တစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com


ဖြူစင်တဲ့ စာရွက်တစ်ခုပေါ်မှာ ရေးရမယ်. . ရေးပြီးရင် မိမိစေးစားမယ့် ဂျင်နီရဲ့ အမည်ကို ရေးရမယ်. . ပြီးရင် ပိရမစ်ကျမ်းထဲက မိမိနှစ်သက်ရာ စာပိုဒ်တစ်ပိုဒ်ကို ရေးရမယ် အဲ့ဒီလို ရေးပြီးတဲ့ စာသားတွေကို မျဉ်းကြောင်းနဲ့ ဘောင်နှစ်ထပ်ခတ်ရမယ်. . အဲ့ဒီစာရွက်ကို စားပွဲခုံတစ်ခုပေါ်မှာ ထောင်ထားရမယ်. . ပြီးရင် စားပွဲခုံပေါ်မှာ အမွှေးတိုင်တွေ ထွန်းညှိပြီး မိမိအလိုရှိတဲ့ ဂျင်နီရဲ့ အမည်ကို ခေါ်ရမယ်. . ပြီးမှ စောစောက စာရွက်ပေါ်မှာ ရေးထားတဲ့ မန္တန်ကို အသံထွက်မှန်မှန် ရွတ်ဆိုရမယ်. . ဒါပေမယ့် ကျုပ်အခုပြောခဲ့တာတွေဟာ ယေဘုယျအချက်အလက်တွေသာဖြစ်တယ် ဂျင်နီတွေကို စေစားညွှန်ကြားနိုင်တဲ့ အတက်ပညာဆိုတာဟာ အင်မတန် လျှို့ဝှက်နက်နဲတဲ့ ပညာဖြစ်ပါတယ်. . ”

<u>မြွေနှင့်တူသောဂျင်နီ</u>

ကျွန်ုပ်သည် ထူးဆန်းသောဂျင်နီများအကြောင်းကို ထိုအဘိုးအိုထံမှ စုံလင်စွာပင် သိခဲ့ရလေသည်။

စင်စစ် ဂျင်နီကို အမှန်တကယ် စေစားနိုင်သူများသည် ဂျင်နီများကို နိုင်ထက်စီးနင်းပြုမူဆက်ဆံ၍ မရပေ။

ထိုသို့ ပြုမူဆက်ဆံမိပါက ဘေးအန္တရာယ်များသည် ထိုသူအပေါ် ကျရောက်လာတတ် ကြပေသည်။

ထို့ကြောင့် ဂျင်နီများမှာ မြွေများလို အကိုင်အတွယ်ရ ခက်ခဲလှပေ၏။ ဂျင်နီများသည် အသိဉာဏ်ရှိသော သတ္တဝါတစ်မျိုးဖြစ်ပြီး သူတို့၌ ကိုယ်ပိုင် တန်ခိုးတို့များရှိကြလေရာ သူတို့အား နိုင်ထက်စီးနင်းပြုလာသည့် သူ့ကိုနေပြန်လည်တိုက်ခိုက်တတ်ကြသည်မှာ ဆန်းလှသည်ဟု မဆိုနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီများသည် သူ့ကို စေစားညွှန်ကြားမှု ပြုနိုင်သည့် မှော်ဆရာအမိန့်ကို ကျိုးကျိုးနွံနွံလိုက်နာတတ်ကြသော်လည်း မှော်ဆရာကိုယ်တိုင် တစ်ခါတရံ ဂျင်နီများကို မထိန်းနိုင်သည့် အပြစ်မျိုးနှင့်လည်း ကြုံတွေ့ရတတ်ကြသေးသည်။

မှော်ဆရာကိုယ်တိုင် အရည်အချင်းမပြည့်စုံသော အခါမျိုးတွင်လည်း ဂျင်နီများက မှော်ဆရာဖြစ်သူကို ပြန်လည်တိုက်ခိုက်တတ်ကြပြန်သည်။

ဂျင်နီများသည် အဆိပ်ပြင်းသော မြွေများနှင့်တူပြီး မှော်ဆရာသည် မြွေအလပ္ပာယ်ဆရာ ..ားနှင့် တူပေသည်။ ထို့ကြောင့် ..သ်းကျင်မှုမရှိဘဲ ဂျင်နီများကို လူ့ဘေးယ်မိစေရန် အလွန်အရေး တွေ့ရှိပသည်။

ဂျင်နီများကို စေစားညွှန်ကြား..င်း သို့မဟုတ် ထိန်းချုပ်ခြင်း ..ာက်ပညာသည် ရှေးခေတ် အီဂျစ်ဖကီးကြီးများထံမှ ဆင်းသက်သော ပညာရပ်ဖြစ်သည်။ ရှေး ယခင်က ထိုပညာရပ်အစွမ်းဖြင့် အီဂျစ်ဖတီးကြီးများသည် သီးခြား တည်ရှိနေသော ဗိညာဉ်ကမ္ဘာထဲမှ ဂျင်နီများကို ဖမ်းကာ ပိရမစ်နှင့် စဖင့်ကြီးများထဲ၌ အစောင့်များ အဖြစ် ချထားရစ်ခဲ့ကြသည်။ ထို ဂျင်နီများသည် ပိရမစ်ကြီးများနှင့် ဖလင့်ကြီးများသည် တဝဲလည်လည် စောင့်ကြပ်ကြရလေတော့သည်။ သူတို့၏ အဓိကတာဝန်မှာ ပိရမစ်နှင့် ဖလင့်ကြီးများအတွင်းသို့ ခိုးဝှက်ဝင်ရောက်လာကြသော လူများကို မောင်းထုတ်တိုက်ခိုက်ပစ်ရန်ပင်ဖြစ်ပေသည်။

ထို့အပြင် အရေးကြီးသော သချိုင်းများနှင့် ရှေးဟောင်းရတနာသိုက်များ ဘုရားကျောင်းများတွင်လည်း ဂျင်နီများကို အစောင့်များအဖြစ် ချထားတတ်ကြပေသည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com


ဂျင်နီကိုခေါ်ယူခြင်း

တစ်နေ့တွင် ကျွန်ုပ်သည် ကိုင်ရိုမြို့စွန်ရှိ ထိုမှော်ဆရာအဘိုးအိုထံသို့ ရောက်ရှိသွားမိလေ၏။ အဘယ့်ကြောင့်ဆိုသော် အဘိုးအိုက ကျွန်ုပ်ထံ လူလွှတ်ခေါ်ခိုင်းလိုက်သောကြောင့်ဖြစ်ပေ၏။ ကျွန်ုပ်အဘိုးအိုထံ ရောက်သွားသောအခါ အဘိုးအိုက ကျွန်ုပ်အား ပြုံးရွှင်စွာ ဆီးကြိုနေလေ၏။

"အဘိုး. . ကျွန်ုပ်ကို ခေါ်ခိုင်းလိုက်တဲ့ အကြောင်းကို သိပါရစေ. ."

"လာလာ. . မစ္စတာမင်းအောင် ကျုပ်က ဂျင်နီတစ်ခုကို ခေါ်ယူမလို့လေ အဲ့ဒါ မစ္စတာမင်းအောင်ကို ပြချင်လို့. ."

အဘိုးအိုစကားကြောင့် ကျွန်ုပ်လွန်စွာ စိတ်ဝင်စားသွားမိသည်။

"ဂျင်နီ. . ဟုတ်လား. ."

"ဟုတ်တယ်လေ. ."

အဘိုးအိုသည် ရှေ့မှ ဦးဆောင်ကာ အပေါ်ထပ်သို့ ကျွန်ုပ်အား ခေါ်ဆောင်သွားလေသည်။ အပေါ်ထပ်တွင် ကျွန်ုပ်နှင့် အီဂျစ်အဘိုးအိုမှလွဲ၍ မည်သူမျှ ရှိမနေပါချေ. . .

အဘိုးအိုက ကျွန်ုပ်လို အာရှတိုက်သား တစ်ယောက်အား ယခုကဲ့သို့ ဂျင်နီအား ခေါ်ယူပြသခြင်းသည် ပထမဆုံးအကြိမ်ပင်ဖြစ်ကြောင်း ပြောပြသည်။

ကျွန်ုပ်သည် ဝိညာဉ်ကမ္ဘာမှ ဂျင်နီများကို လွန်စွာ စိတ်ဝင်စားနေမိပြီဖြစ်သည်။

အဘိုးအိုသည် ဂျင်နီဝိညာဉ်တစ်ခု ခေါ်ယူရန်အတွက် ပဏာမပြုလုပ်စရာရှိသည်များကို ပြုလုပ်လေသည်။ ထို့နောက် မန္တန်တစ်ပုဒ်ကို ခပ်တိုးတိုး ရွတ်ဆိုနေသည်။

အပေါ်ထပ်တစ်ထပ်လုံး


www.burmeseclassic.com

www.burmeseclassic.com

တွင် အလင်းရောင် အနည်းငယ်မျှသာ ရှိနေကြောင်း ကျွန်ုပ်သတိထားလိုက်မိသည်။ စားပွဲခံပေါ်တွင် ထွန်းညှိထားသော အမွှေးတိုင် များမှ မီးခိုးငွေ့တန်းကလေးများက အဆက်မပြတ် ထွက်ပေ နေပြီး အပေါ်ထပ်တစ်ထပ်လုံးမှာ သင်းပျံ့မွှေးကြိုင်နေသည်။

အဘိုးအိုသည် ဂျင်နီကို ခေါ်ယူနေခြင်းဖြစ်သည်။ သူဘာကို ရွတ်ဆိုနေမှန်း ကျွန်ုပ်မသိပါ။ အချိန်မှာ အတန်ငယ်ပင်ကြာသွားလေပြီ. .

"အဟွတ်. . အဟွတ်."

အမွှေးတိုင်များကို များပြားစွာ ထွန်းညှိထားရာ ထိုအမွှေးတိုင်များမှ ထွက်ပေါ်နေသော မီးခိုးငွေ့များကြောင့် ကျွန်ုပ်မှာ မွန်ထူကာ ချောင်းဆိုးလိုက်မိသည်။ ကျွန်ုပ် စိတ်ထဲမှလည်း "ဒီလောက်အမွှေးတိုင်တွေအများကြီး ဘာကြောင့် ထွန်းထားရတာလဲ မသိဘူး. . ."ဟု တွေးမိနေမိသည်။

သို့သော် မကြာမီမှာပင် အမွှေးတိုင်များ များပြားစွာ ထွန်း ထားခြင်း၏ အဖြေက ပေါ်လာ တော့သည်။

ကျွန်ုပ်က အမွှေးတိုင်များ မှ ထွက်ပေါ်နေကာ မီးခိုးငွေ့များ ကို ငေးကြည့်နေမိစဉ်မှာပင် မီးခိုး ငွေ့တန်းများသည် ရုတ်ချည်း မီးခိုး လုံးကြီးတစ်ခုအဖြစ်သို့ အသွင်ကူ ပြောင်းသွားသည်ကို တွေ့လိုက် ပြီး တစ်ဆက်တည်းလိုလိုပင် မီးခို လုံးကြီးထဲတွင် အရိပ်သဏ္ဍာ တစ်ခု ပေါ်လာသည်ကို မြင်လိုက် ရသည်။

ထိုအခါ ကျွန်ုပ်မှာ အလွ တရာ အံ့ဩစိတ်နှင့်အတူ မ သက်ငေးမောသွားမိလေသည် ပေါ်နေသော အရိပ်သဏ္ဍာန်မှ လူတစ်ယောက် အရိပ်သဏ္ဍာ ဖြစ်ပြီး မျက်နှာကို သဲသဲကွဲကွဲ မြ ရပေ။ ထိုသဏ္ဍာန်ပေါ်နေသေ

www.burmeseclassic.com

www.burmeseclassic.com


အချိန်မှာ (၃) မိနစ်ကျော်ကျော် ခန့်ရှိလိမ့်မည်ထင်ရ၏။

ထို့နောက် မီးခိုးလုံးကြီး ဟာကွာန်မှာ တဖြည်းဖြည်း လွင့်ပြယ်သွားကာ မီးခိုးတန်းကလေးများသာ ကျန်ရစ်ခဲ့လေသည်။ ထိုအခါ ဂျင်နီပီညာဉ်မှာလည်း ပျောက်ကွယ်သွားလေတော့၏။

နောက်ဆုံးတွင် ထွန်းညှိထားသော အမွှေးတိုင်များမှ မီးခိုးငွေ့တန်းကလေးများသာ တလူလူ ထွက်ပေါ်နေသည်ကို တွေ့ရလေသည်။

အီဂျစ်အဘိုးအိုမှာ လွန်စွာ ပင်ပန်းနွမ်းနယ်သွားပုံရပြီး ပက်လက်ကုလားထိုင်ပေါ် တစ်လုံးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။ ပြီးမှ ကျွန်ုပ်အား ကြည့်ကာ

"အင်း. . ဂျင်နီခေါ်ရတဲ့ အလုပ်ဟာ မြင်တဲ့အတိုင်းပဲ တော်တော့ကို ပင်ပန်းလှတဲ့ အလုပ်ပါ။ သူတို့ကို ကိုယ်လိုရာ ခိုင်းနိုင်ဖို့ဆိုရင် ဘယ်လောက်ပင်ပန်းမလဲဆိုတာ မစ္စတာမင်းအောင် စဉ်းစားသာ ကြည့်ပေတော့. . "

ဟု ဆိုလေ၏။ ထိုအခါ ကျွန်ုပ်က

"အဘိုး. . စောစောက ဘာကြောင့် ဂျင်နီကို မခိုင်းတာလဲ"

ဟုမေးလိုက်ရာ အဘိုးအိုက

"ကျုပ် ဂျင်နီတွေကို မခိုင်းချင်တော့ပါဘူးကွယ်. . ခိုင်းရတဲ့ အလုပ်က တော်တော်ပင်ပန်းသလို အန္တရာယ်လည်း ကြီးလှပါတယ်. . အခုတော့ ကျွန်ုပ်အသက်လည်းကြီးလှပါပြီ သူတို့ကိုလည်း မခိုင်းချင်တော့ပါဘူး. . "

ဟုပြောပြီး ဖွေးဖွေးဆွတ်နေသော သူ့မုတ်ဆိတ်မွေး ရှည်ရှည်များကို လက်ဖြင့် ပွတ်သပ်နေလေသည်။

ထိုအခိုက်တွင် အမွှေးတိုင်များမှ ထွက်ပေါ်နေသော မီးခိုးငွေ့

www.burmeseclassic.com


တန်းများသည် ရုတ်တရက် မီးခိုး လုံးကြီးတစ်ခုသဏ္ဌာန် ပြောင်းလဲ သွားလေသည်။

"အလို. . ." "ဟင်. ."

သည်တစ်ကြိမ်တွင် ကျွန်ုပ် သာမကတော့ဘဲ အဘိုးအိုပါ အံ့ သြသွားလေသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

"စောစောက ဂျင်နီဝိညာဉ် က ထွက်ခွာသွားပြီးပဲ ပြန်များဝင် လာတာများလား"

အီဂျစ်အဘိုးအိုက ရေရွတ် လိုက်ရင်း ပက်လက်ကုလားထိုင် ပေါ်မှ ငေါက်ကနဲ ထရပ်လိုက်ပြီး မီးခိုးလုံးသဏ္ဌာန်ကို စူးစိုက်ကြည့် နေသည်။

မကြာမီ မီးခိုးလုံးထဲတွင် လူအရိပ်သဏ္ဌာန်တစ်ခု ပေါ်လာ သည်ကို တွေ့လိုက်ရသည်။

အီဂျစ်အဘိုးအိုက ထို အရိပ်သဏ္ဌာန်ကို စေ့စေ့ကြည့် လိုက်ပြီး. .

"အလို. . ဒါဟာ ဂျ[illegible] ဝိညာဉ်တစ်ခု မဟုတ်ဘူး. . တစ်ယောက်ရဲ့ ဝိညာဉ်ပဲ သူ[illegible] မခေါ်ဘဲ ဝင်လာတာကတော့[illegible] သြစရာပဲ. ."

ဟု ရေရွတ်နေသည်။

အီဂျစ်အဘိုးအိုက ဂျ[illegible] ဝိညာဉ်မှန်း. . လူ့ဝိညာဉ်မှန်း ခွဲ[illegible] ပြောဆိုနေသည်။

ထိုစဉ်မှာပင် အံ့သြစ[illegible] ကောင်းလောက်အောင် ထိုမီ[illegible] လုံးကြီးက ကျွန်ုပ်၏ ရှေ့တ[illegible] တည့်သို့ ရွေ့လျားလာသည်။

ကျွန်ုပ်သည် မီးခိုးလုံး[illegible] ထဲတွင်က အရိပ်သဏ္ဌာန်တ[illegible] လို ခပ်ဝါးဝါးဖြစ်နေသည်။ ကျွ[illegible] ကြည့်နေစဉ်မှာပင် ထိုအ[illegible] သဏ္ဌာန်သည် တဖြည်းဖြည်း[illegible] ပီပြင်ထင်ရှားလာသည်။

"ဟာ. ."

ကျွန်ုပ်မှာ ရုတ်တ[illegible] ထခုန်မိမတတ်ဖြစ်သွားရသည်[illegible]


www.burmeseclassic.com

www.burmeseclassic.com



မီးခိုးလုံးကြီးထဲမှ အရိပ်သဏ္ဌာန်၏ မျက်နှာသည် ကျွန်ုပ်ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေသည်ကို တွေ့ရလိုက်ပြီး ထိုမျက်နှာပိုင်ရှင်မှာ မက်ဆိုပိုတေးမီးယားစစ်မြေပြင်၌ ကျွန်ုပ်နှင့်အတူ တိုက်ပွဲဝင်စဉ် ကျဆုံးသွားခဲ့သော ဂျာမဒါမောင်မောင်ကြီး၏ မျက်နှာဖြစ်နေသောကြောင့်ပေတည်း..

ထိုမျက်နှာသည် သုံးမိနစ်ခွဲကျော်ကျော် လေးမိနစ်နီးပါးခန့် ပေါ်နေပြီးနောက် ပျောက်ကွယ်သွားလေတော့သည်။

အီဂျစ်အဘိုးအိုက ကျွန်ုပ်၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီးနောက်

"ဒီဝိညာဉ်ဟာ မစ္စတာမင်းအောင်ရဲ့ မိတ်ဆွေ တစ်ယောက်ယောက်ရဲ့ ဝိညာဉ်များလား.."

ဟု မေးလေရာ ကျွန်ုပ်က

"ဟုတ်ပါတယ် သူဟာ ကျွန်ုပ်နဲ့ အတူတူ မက်ဆိုပိုတေးမီးယားစစ်မြေပြင်မှာ တာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့တဲ့ ဂျာမဒါမောင်မောင်ကြီးပါ သူကျွန်တော့်ကို လာနှုတ်ဆက်သွားတာ ထင်တယ်.."

ဟု ပြောလိုက်မိလေသ

ထို့နောက် အီဂျစ်အဘ

က

"ကဲ ကျုပ်မပြောဘူးဝိညာဉ်ကမ္ဘာမှာ နတ်ဝိညာဉ်လူဝိညာဉ်နဲ့ ဂျင်နီဝိညာဉ်တွေ ရှိပါတယ်လို့... အခု မစ္စတာမင်းအောင် မြင်ပြီမဟုတ်လား.."

ဟု ဆိုလိုက်လေတော့သတည်း...

× × × × ×

ထူးခြားဆန်းကြယ်လှို့ဝှက်သော "ဂျင်နီတွေနေတဲ့အိမ်" ဇာတ်လမ်းကို ဆက်လက်ရေးသားပါဦးမည်...

× × × × ×

မင်းမျိုးအောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# ချစ်သူ့ဝိညာဉ်

မောင်မောင် (မြန်မာပြည်)

## ပင်လယ်ရပ်ခြားသင်္ဘောသား

မောင်မောင်နှင့် ခင်မေသက်တို့က သိပ်ချစ်သည့် ချစ်သူနှစ်ဦးပါပေ။ ချစ်သူဘဝကနေ ဘဝနှစ်ခု ပေါင်းဖက်ကာ အိမ်ထောင်ထူစိုက်ခဲ့ကြ၏။ နှစ်ဖက်မိဘများကလည်း ကြည်ဖြူသည်မို့ အခက်အခဲတော့မရှိ၊ မတွေ့ခဲ့ကြပေ။ မောင်မောင်က နိုင်ငံတကာသွားပင်လယ်ကူးသင်္ဘောသားမို့ သာသူတို့ချစ်လျက်နှင့် နှစ်အပိုင်းခြားဝေးရ၏။

မိုင်ပေါင်းဘယ်လောက်ပင်ဝေးကွာပါစေ ချစ်သူထံသို့ စိတ်က အမြဲရောက်နေတတ်၏။ ဒီအချိန်ဆို ဘာလုပ်နေသည်။ စားသည် သောက်နေသည် စသည်ဖြင့် သတိတရရှိစမြဲတည်း။ စာချင်လည်း အဆက်အသွယ် မပြတ်ကြချေ။ မြန်မာပြည်နှင့် ဆက်သွယ်သည့် အာရှနိုင်ငံများဘက်သို့ သင်္ဘောရောက်တိုင်း ဆိုက်ကပ်သည့် မြို့ဆိပ်ကမ်းမှ တယ်လီဖုန်းလည်းဆက်ပါ၏။ အလွမ်းပြေဓာတ်ပုံလေးကိုလည်း ကြည့်မိစမြဲပါပေ။

သင်္ဘောသားဆိုသည်မှာ နေ့ရက်များစွာ ပင်လယ်ထဲမှာကုန်ဆုံးလွန်မြောက်ရစမြဲတည်း။ သဘာဝဘေးအန္တရာယ် ပင်လယ်မုန်တိုင်းဒဏ်လည်း ကြုံရတတ်၏။ မတော်တဆ အလုပ်ခွင်အတွင်း ထိခိုက်မှုများလည်း ဖြစ်တတ်



www.burmeseclassic.com

www.burmeseclassic.com


ကြုံတတ်ပေသည်။ ဂရုစိုက်ရ၏။ သတိထားလုပ်ရ၏။ ပေါ့ဆမှုသည် အသက်အန္တရာယ်ကို ဖြစ်စေတတ်၏။

မိသားစုများကလည်း သင်္ဘောသားထံ စိတ်ထိခိုက်စရာတွေ အနှောင့်အယှက် ဖြစ်စရာတွေ စာမရေးသင့်ပေ။စိတ်ညစ်ကာ လုပ်မိလုပ်ရာ လုပ်ကြ၏။ ထိုအခါ ဒုက္ခများတွေ့တတ်၏။ စိတ်လက်ကြည်လင်၍ ဒေါသလည်း အလိုလိုဖြစ်တတ်၏။ စခြင်း၊ နောက်ပြောင်မှုလေးပင် ပြဿနာကြီးကျယ်စွာ ဖြစ်ပေါ်တတ်ပေ၏။ ခင်မေသက်က သဘောပေါက်၏။ သူမ မိဘအသိုင်းများတွင်လည်း သင်္ဘောလိုက်နေသူတွေ ရှိပေသည်။

မောင်မောင်တို့ သင်္ဘောက အမှုန့်တင်သင်္ဘော (Bulk Carririer) ဖြစ်၏။ ဂျပန်ဆိပ်ကမ်း ယိုကိုယားမားကနေ ကုန်တင်ခဲ့ပြီး၊ ပစိဖိတ်သမုဒ္ဒရာ ကိုဖြတ်ကာ အမေရိကတိုက်သို့ ထွက်ခွာ သည်။ ရေမိုင် (၇၆၀၀) မိုင်ပေါ်ဝ ရှိ၏။ ရက်ပေါင်း (၂၆) ရက်ကြာ ခုတ်မောင်းရပေမည်။ ပစိဖိတ် သမုဒ္ဒရာအလယ်တွင် ကျွန်းဆို၍ ဟာဝါယီကျွန်းသာရှိပေသည်။ မောင်မောင်တို့ သင်္ဘောက အဝေးမှသာ ခုတ်မောင်းဖြတ်သန်း ဖြစ်ပေသည်။ မြေပုံအရသာ ရှိ ကြောင်းသိပါသည်။

မောင်မောင်တို့ သင်္ဘော သားတွေသည် သင်္ဘောခုတ် မောင်းနေစဉ်အတွင်း နားရသည် တော့ မဟုတ်ချေ။ တာဝန်ချိန် အတိုင်း နေ့နှင့်ည အဆက်မပြတ် ထမ်းဆောင်နေရ၏။ အချိန် လည်း သတ်မှတ်ချက် မှီအော လုပ်ကိုင်ပေးရသေး၏။ တာဝန် ချိန်ပြီးမှ ချစ်သောသက်၏ ဓာတ် ပုံလေးကြည့်ကာ အလွမ်းဖြေရ ရင်ထဲက အလွမ်းအဆွေးများက


www.burmeseclassic.com

www.burmeseclassic.com



စာလွှာရေးမိပါသည်။

**အိပ်မက်ဆိုး**

ထိုနေ့ည (၁၉၈၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်နေ့) တွင်တာဝန်ချိန်ပြီး၍ အခန်းထဲရောက်ကာ ပင်ပမ်းသဖြင့် မောင်မောင်အိပ်ပျော်သွားခဲ့၏။ အပ်မက်ဆိုးတွေ မက်ကာ ချွေးများပျံလာသဖြင့် နိုးသွားခဲ့၏။ လှုပ်ရှားကြည့်သည့် ကိုယ်လက်များ လှုပ်ရှားမရတော့ပေ။ ဟစ်အော်ကြည့်သည် အသံမထွက်ဘဲရှိ၏။ ထိတ်လန့်တကြားဖြစ်မိသည်။ အမှန်က ဘီလူးစီးသည်ဟု ခေါ်၏။ သွေးလေချောက်ချားခြင်း ဖြစ်၏။

တစ်နည်းအားဖြင့် သွေးလေရပ်တန့်သွားခြင်းတည်း။ သိပ်တော့ မကြာပါချေ သို့သော် သေရမလောက် ခံစား ထိတ်လန့်မိပါသည်။ ထိုနေ့ရက်ကို မှတ်မှတ်ရရ ရေးမှတ်ထားလိုက်ပါသည်။

ခရစ်စတာ ဘောဆိပ် အလုပ်
ကျောက်ချ ရပ်နားစ ားကာ
ပါနားမားတူးမြောင်း ခုတော့
စောင့်ဆိုင်းနေချိန်ပ ချစ်ဇနီး
ထိုသို့ဖြစ်ပြီး မှုပင်
မောင် သည် တစ်ပေ စနောင့်
မိမိနောက်က, အဖြ ရှိ လုပ်
သလို ခံစားရမိ၏။ မ သတ်
လည်း ကြားမိသလိုရှိခဲ့ ်။
ထင်၍ ဖြစ်မည်ဟုသာ ဖြေ
၏။ ခြေသံကြားသလို သည် လမ်းလျှောက်လှမ်းချိန်တွင် ဖြစ်တက်၏။ ရပ်လိုက်သော် ခြေသံကို မကြားမိတော့ပေ။ မဖြစ်နိုင်ဘူးဟုသာ စိတ်ထဲမှန်နေရတော့သည်။

တခြားသူများပြောပြ လျှင်လည်းယုံကြည်ကြမည် မဟုတ်ပေ။ လှောင်ကြ ပြောင်ကြမည်ဖြစ်၏။ ကြုံပါများတော့လည်း စိတ်ထင်ခြင်း မဟုတ်၊ တကယ်ခြေသံကြားရခြင်းမဟုတ် တကယ်ခြေသံ



www.burmeseclassic.com

www.burmeseclassic.com



ကြုံတတ်ပေါင်း ဖြစ်လာခဲ့ပေသည်။ သတိထားလေးလံသွားခဲ့၏။ ချစ်အသက်ဒ ထံမှလည်း လာနေကျ၏။ လာခဲ့ပေ။ တစ်ခါတရံ မိ ၏၏ ကိုယ်စားလှယ်သဘော်းသပ်ကမ်းဆိုပါက စာတွေ တွေ အင်ချေ။ ရသည့် ဆိပ်ကမ်းတွ စာ၅တွေ တစ်စောင်မက ပ်မိးကာရ၏။ ဖတ်ရပေသည်။ အ သူများတွေ စာကိုယ်စီမိသားစုထဲမှ ရောက်လာပြီး၊ မိမိထံစာမရောက်လာသည့်အခါ ပို၍စိုးရိမ်ပူပန်မိပါသည်။ စိတ်များလေးလံထိုင်းမှိုင်းသွား၏။ ချစ်သောသက်များ၊ တစ်ခုခုတစုံတရာများ ဖြစ်နေပြီလား ဟု စိတ်ထင့်မိ၏။ မဖြစ်နိုင်ဘူးဟုသာ စိတ်ဖြေရ၏။ အတိတ်နိမိတ်တော့ တစ်ခုခုဖြစ်ပါက ပြရပေမည်။ ဟုတ်သည်။ ဘီလူးစိုးသလို ဖြစ်ခဲ့ကြောင်းကိုတွေးမိပြန်သောအခါ စိုးရိမ်စိတ်ကတားဆီးမရတော့ချေ။ စာရေးကာမေးမိပါသည်။ သက်များ နေထိုင်မကောင်းပေလားမသိနိုင်ပေ။

အလုပ်လုပ်နေချိန်တွင်တော့ သတိမရပါချေ။ အလုပ်ထဲမှာသာ အာရုံစူးစိုက်ထားရ၏။ သဘော်သွားနေစဉ်လည်း ဆေးသုတ်၊ သံချေးခေါက်ခြင်း အလုပ်သည် ထမင်းစား ရေသောက်သလိုအဆက်မပြတ်လုပ်ရပေသည်။ အမြင့်တိုင်များ (MAST) တက်ကြရ၏။ ကရိန်းဝါယာကြိုးများအားအမ်မဲဆီ (GREASE) သုတ်လိမ်းရ၏။ ဆီခမ်းခြောက်ပါက မာတောင့်သွားကာ ပြတ်တက်၏။ အမဲဆီမပြတ်သုတ်လိမ်းထား ခြင်းဖြင့် ကြာရှည်အသုံးခံပါသည်။

ကုန်ပေါက် (HATCH) ထဲသို့ ဆင်းကာ သန့်ရှင်းရေးပြုလုပ်ရသေး၏။ အချို့ကုန်များသည် ခဲကာ ကုန်ပေါက်နံရံတွင်ကပ်နေတက်၏။ ထိုသည့်ကိုရေအားဖြင့် ထိုးချရ၏။ ခြေပါက



www.burmeseclassic.com

www.burmeseclassic.com



ကောပါ (SCAPPER) အရှည်ဖြင့် ထိုးခွာရ၏။ အရှည်မမီပါက ခက်ခဲစွာ တက်ကာလုပ်ရတော့၏။ ကုန်ပြန်တင်ရန်လုပ်ပေသည်။ ကုန်ဟောင်းများ ကပ်ငြိကျန်နေပါက ကုန်တင်ရန်လာရောက်စစ်ဆေးသော ကုန်စစ်ဆေးရေးအရာရှိ (SERVIROR) က ကုန်တင်ခွင့် မပြုပေးလျှင် ကုန်တင်ခွင့်မရနိုင်တော့ပေ။

သင်္ဘောသား သံချေးခေါက် ဆေးသုတ်လုပ်ရခြင်းမှာ သင်္ဘောအား မပျက်မဆီးကြာရှည်ခံနိုင်ရန် ထိန်းသိမ်းခြင်း (MAINTANESS) ပင်တည်း။ ထိုသည်များမှာ သင်္ဘောသားတို့၏တာဝန်များဖြစ်၏။ အထက်အရာရှိက အမိန့်ပေးစေခိုင်းသည့်အတိုင်းလုပ်ကြရပေသည်။ ကုန်ပေါက်မှူး (BOSUN) က အမိန့်ယူကာ လုပ်ရမည့်တာဝန်များကို နေ့စဉ်ခွဲဝေကာ လုပ်ခိုင်းရ၏။

**အသက်အန္တရာယ်သဘော**

မောင်မောင်သည် အလုပ်လုပ်ရာတွင် စိတ်အေးထားကာ လုပ်တတ်သူဖြစ်၏။ ယခုတော့ စိတ်မအေးနိုင်တော့ချေ။ ချစ်ဇနီးတစ်ယောက်အတွက် ပူပင်သောက ဖြစ်နေ၏။ စိတ်စနောင့်စနင်းဖြစ်ရသည်။ သတိရှိရှိ လုပ်တတ်သူဖြစ်သော်လည်း သတိလက်လွှတ်ဖြစ်လာတော့သည်။ အမြင့်တိုင်များသို့ တက်ကာ ဆေးသုတ်ရစဉ်က ဖြစ်ပေသည်။

လိုက်လိုင်း (LIFE LINE) မနီလာကြိုးထားရ၏။ ဆေးပုံးကိုလည်း ကြိုးတစ်ကြိုးဖြင့် ချည်နှောင်ပြီးလိုသော နေရာကို အောက်က တစ်ယောက်က အတင်အချ လုပ်ပေးရ၏။ မမျှော်လင့်သော အန္တရာယ်က ကြုံတွေ့လာတော့၏။ လိုက်လိုင်းကြိုး ပြတ်ကျသွား၏။ မောင်မောင် အသဲအေးသွား၏။ မျက်လုံးများ ပြာဝေ



www.burmeseclassic.com

www.burmeseclassic.com

သွားတော့သည်။ သွားပြီ သေပြီဟု ထင်မှတ်လိုက်၏။ အမြင့်ပေါ်က ပြုတ်ကျခြင်းတည်း။

အောက်ကြမ်းခင်းသည် မြေအောက်သံပြားများ ဖြစ်၏။ အမြင့်မှာလည်း သုံးထပ်တိုက်မက ရှိ၏။ ထိုစဉ်မောင်မောင်အား လေပင့်လိုက်သလို တုန့်ခနဲဖြစ်ကာ အပေါ်သို့ မြောက်တင်လိုက်သလို ဖြစ်၏။ သတိက လက်မလွှတ် သဖြင့် နီးရာဆွဲဖမ်းကိုင်လိုက်ရ၏။ သဘောသည် လှိုင်းအပုတ်ကြောင့် ဘယ်ညာလူးသွားခြင်းတည်း။ ကံကောင်းသည်ဟု ဆိုနိုင်သည်။ မောင်မောင်ပြုတ်အကျ သဘော ဘယ်ညာလူးသဖြင့် ဘယ်ညာ လူးသဖြင့် သူ့အား ကယ်တင်လိုက် သလို ဖြစ်သွားပေသည်။

မောင်မောင့်စိတ်ထဲတွင် တော့ မမြင်အပ်သည့် တစ်စုံ တစ်ရာက သူ့အားကယ်လိုက် သည် ထင်ပါသည်။ မောင်မောင် ဖမ်းဆုပ်ကိုင်လိုက်သည်က အမြ တိုင် (MAST) တိုင်၏ လှေခါးထ ပင်တည်း။ အကြောက်မဖ သေးချေ။ တုန်ရီချိနဲ့စွာဖြ အောက်သို့ အနည်းဆင်းခဲ့ရသ ရင်များက ထိတ်ထိတ် မြန်စွာ နေလျက်ရှိတော့သည်။ သေ မ ှပျောက် အသက်မပျောက်ခဲ့ခြ ဖြစ်၏။

နောက်ထပ် အသ ဘေးနှင့် ကြုံပါသေး၏။ ကုန်ပေါ် ထဲတွင် သဘောသားများ သန့်ရှ ရေးလုပ်ကြရသည်။ ရေမချ (WASHDOWN) ဦးစွာ အမှ ကျန်များ တုန်များကို တံမြက် ကျင်းကြရပေသည်။ ပြောင်း (YELLOW CORN) အကျန်မ ဖြစ်၍ သေချာလှဲကျင်း ကြရ ကျန်ရစ်သော ရေဖြင့်နူးကာ ပုပ် က အနံ့ဆိုးတော့၏။ ထိုအ မပျောက်ပါက နောက်ထပ် သည့် ကုန်များ အနံ့စွဲကာပျက်


www.burmeseclassic.com

www.burmeseclassic.com


တက်ပေသည်။ သေချာ စေ့စပ်စွာ လုပ်ကြရ၏။

လှဲ း ကျင်းပြီးသော အမှိုက်များကို အပေါ်က ကရိန်းဖြင့် သံစည်ပိုင်းများထဲထည့်ကာ အပေါ်သို့ ဆွဲတင်ကြရပြန်သည်။ အကြမ်းအားဖြင့် လှဲကျင်းပြီး ရေခင်ဖြင့် ဆေးကြောရပြန်သည်။ မီးသတ်ပိုက်များဖြင့် ဆေးကြပါသည်။ ရေခင်ချပြီးနောက် ထပ်မံ၍ အမှိုက်လက်ကျန်များကို လှဲကျင်းစုရ၏။ ပြီးနောက် သံစည်ပိုင်းများထဲထည့်ကာ အပေါ်သို့ ကရိန်းဖြင့် မတင်ကြရပြန်သည်။ ရေစုပ် ပေါက် (BIIGIDE) တွင် ဝင်ရောက်နေသော အမှိုက်များကို သင်္ဘောသားတစ်ယောက်က ဝင်ကာ ကုန်များက စုဝေးကာ ပုပ်ပွနံ့စော်နေပါတော့၏။ ထိုအနံ့ကို ဆေးကြောသော်လည်း နှစ်ရက်ခန့်မျှ မပျောက်ဘဲ နံ့နေတက်၏။

မောင်မောင်က သံစည်ပိုင်းထဲ အမှိုက်များပြည့်၍ ဆွဲတင်ရန် လက်ပြလိုက်၏။ ကုန်ပေါက်အောက်ခြေမှ အထက်ဝ သို့ ပေ (၁၈၀) ကျော်၏။ မောင်မောင်က ကျန်သံစည်ပိုင်းလွတ် များကို အစားထိုးပြောင်းရွှေ့နေ သည်။ ထိုအခိုက် သံစည်ပိုင်းအား ချည်နှောင်ထားသော ဝိုင်ယာ ကြိုး ပြတ်ကာ အရှိန်ပြင်းစွာ ကုန်ပေါက်ထဲသို့ ပြန်ကျလာတော့ ၏။ မောင်မောင်၏ အထက် တည့်တည့်ကျလာခြင်းပင်တည်း။

အားလုံးက မှင်သက်ငေးကြောင်စွာ ကြည့်နေမိတော့သည်။ မောင်မောင်က မသိပါချေ။ အလုပ်သာမဲ၍ လုပ်နေပေသည်။ ထိုစဉ် ရုတ်တရက် အခြေအနေက ပြောင်းသွားတော့သည်။ မောင်မောင်အား တစ်စုံတစ်ယောက်က အတင်းတွန်းထုတ်လိုက်သလို မောင်မောင် အဝေးသို့ လွင့်စင်သွားတော့၏။ ထိုအခိုက်မှာပင်


www.burmeseclassic.com

www.burmeseclassic.com


ပြုတ်ကျလာသော စည်ပိုင်းကြီးက " ဝုန်း " ခနဲ တုန်ဟီးသွားပါတော့၏။

ထိုအဖြစ်ကို အားလုံးမြင်လိုက်ကြရ၏။ ဖြူဖြူအရိပ်သဏ္ဍာန်လိုလိုက မောင်မောင့်အား တွန်းထုတ်ကာယ်တင်လိုက်ခြင်းပင်တည်း။ ဘင်မောင်မှာ ပြုံးကြောင်ကြောင် ...ကာ သူ့ကံကောင်းလို့ မသေခြင်း ပါပေ။ တစ်ယောက်က တွန်းထုတ်၍ သူမသေခဲ့ခြင်းဖြစ်၏။ ဘယ်သူပါလိမ့်။ ကျန်သူအားလုံးက သူနှင့် ဝေးရာမှာ အလုပ်လုပ်နေကြခြင်းမို့ မဖြစ်နိုင်ပါချေ။ ထိုအခါမှ ကြက်သီးမွေးညှင်းများ ထောင်ထသွားတော့သည်။

**ရောက်ရှိလာသော သတင်းဆိုး**

မောင်မောင်တို့ သင်္ဘောပါနားမားကို ဖြတ်ပြီး အမေရိကန်နိုင်ငံ ကမ်ပါဆိပ်ကမ်းတွင် ဆိုက်ရောက် ကုန်ချပြီး သင်္ဘောသည် ဘရာဇီးလ်တွင် ကုန်ပြန်တင်... ဆိုက်ရောက်၏။ ဘရာဇီး... ဆိပ်ကမ်း စန်တော့(စ်) (SANTO... တွင် တိရိစ္ဆာန်အစားအစာမျ... တင်ရ၏။ ဘရာဇီးလ်သ... ဘောလုံးလောကတွင် ကျ... ကျော်သလိုပင် သင်္ဘောသ... လောကတွင်လည်း ချစ်သူ... ပျော်စရာမြေဟု တင်စားခေ... ကြားပေသည်။

ဘရာဇီးလ်သို့ ဆို... ရောက်သော သင်္ဘောသား... သည် ဘယ်မှာ မပျော်ရွှင်နိုင်... နေအံ့နည်း။ ဆိပ်ကမ်းအနီးအန... သင်္ဘောပေါ်မှ လှမ်းမြင်ရသ... ဆိပ်ကမ်းအပြင်တွင် နိုက်ကလ... များ၊ ဒစ္စကိုကလပ်များက တ... စီရှိနေ၏။ ညဘက် (၈) နာရီတေ... သည်နှင့် သီချင်းသံများက ရင်... စေ၏။ မကြားချင်လို့ မရ... ကျယ်လောင်စွာ ဖွင့်ကြ၏။ ... အဆိုင်ဖွင့်ကြ၏။


www.burmeseclassic.com

www.burmeseclassic.com



ကလပ်များသို့ ဘာရာဇီးလ် အပျိုချောလေးများက လာရောက်ကခုန် ပျော်ရွှင်လေ့ရှိ၏။ အလွှာအသီးသီးမှ လာကြ၏။ တချို့ဆိုပါက ကိုယ်ပိုင်ကားများဖြင့်ပင် လာကြသေး၏။ အရက်ပြင်းဆိုင်ထဲတွင် မရောင်းချပါချေ။ ဘီယာ တစ်မျိုးတည်းသာ ရောင်းချပေသည်။ မိန်းကလေးများအတွက် အချိုရည်များလည်း ရောင်းပေးသည်။ မြူးကြွသော သီချင်းသံများက စိတ်ကို လန်းဆန်းနိုးထစေ၏။ လှပျိုဖြူတို့ကလည်း စွဲဆောင်ထားသလို ရှိပေသည်။

သူတို့ဒေသများမှာ ထုံးစံတစ်ခုရှိ၏။ မိမိကြိုက်သော မိန်းကလေးအား ကခုန်စားသောက်ရန် ခေါ်နိုင်ပေသည်။ မိန်းကလေး သဘောတူပါက သင်နှင့် အတူကခုန်ပါလိမ့်မည် ဖြစ်၏။ မတူပါက ခေါ်ဖို့ မစဉ်းစားသင့်တော့ချေ။ ထိုမိန်းကလေးအား ခေါ်ပြီး ခင်မင်ဆက်ဆံပြီး နောက်တစ်ယောက်က မြင်၍သစ္စာမဲ့ပါက ထိုနေရာရှိ မိန်းကလေးအားလုံးက သစ္စာမရှိသူအား ဝိုင်းရိုက်နှက် မောင်းထုတ်ခြင်းခံရပေလိမ့်မည်။ သူတို့စရိုက်ကို ဂရုပြုသင့်၏။

သူမတို့သည်လည်း ထိုသူသဘောဆိပ်ကမ်းက မခွာမချင်း တခြားသူလာခေါ်ပါကလည်း မလိုက်ကြချေ။ ငွေပုံပေးလည်း မရပါချေ။ သူမတို့ကလည်း သစ္စာစောင့်သိကြပေသည်။ ထိုသဘောသား ငွေကြေးကုန်သွား၍ မတက်နိုင်ပါကလည်း ဖယ်ခွာ ရှောင်သွေမသွား ကြပါချေ။ ပျော်ရွှင်စရာကောင်းပါသည်။ မောင်မောင်တစ်ယောက်တော့ မပျော်ရွှင်နိုင်ပေ။ မိဘဆွေမျိုးများထံမှ ကြေးနန်းစာ နှစ်လကျော်ကြာမှ ရခဲ့သည်။

သူ၏ချစ်ဇနီးခင်မသက်

www.burmeseclassic.com


ရုတ်တရက် ကားတိုက်မှုဖြစ်ပြီး ကွယ်လွန်သွားပြီဟု အကြောင်းကြားခဲ့၏။ သဘောသားတို့ဘဝမှာ ရင်နာစရာကောင်းပါသည်။ မိဘဆွေမျိုးသားချင်း ကွယ်လွန်သော်မှ မပြန်နိုင်ကြပါချေ။ ပြန်ပါက ကိုယ့်စရိတ် ကိုယ်ကျခံရပေသည်။ လိ(စ်)ပေး (Leave Pay) တစ်လခလည်း မရပါတော့ချေ။ စာချုပ်နှစ်မပြည့်ဘဲ ပြန်၍ဖြစ်၏။

ပြန်ရောက်ပါကလည်း သေသူက သေနှင့်ပြီးဖြစ်၏။ ဘာမှ မထူးခြားပါတော့ချေ။ မောင်မောင် မပြန်တော့ပေ။ ပြန်ဖို့လည်း (၂) လကျော်ကြာမှ သိရသဖြင့် အကြောင်း မထူးပါတော့ချေ။ ဝမ်းနည်းကြေကွဲမှုတွေက သူ့အား နှိပ်စက်နေကြပေသည်။ ခင်မေသက် ကွယ်လွန်သည့်နေ့သည်ကား မောင်မောင် ဘီးလူးစီးသလို ဖြစ်ခဲ့သော နေ့ပါတည်း။ ကားတိုက်မှု ဖြစ်ပြီး ဆေးရုံသို့ အချိန်မီ ပို့ပေးခဲ့ကြ၏။ သို့သော် မရတော့ချေ။ ညဉ့် (၁၂) နာရီခန့် ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီ (၁၀) ရက်နေ့ သေဆုံးသည်ဟု ဆိုပေသည်။ မောင်မောင်ဘီးလူးစီးခံရသလို အချိန်နှင့် တစ်ထပ်တည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တော့၏။ ခင်မေသက် မကွယ်လွန်မီ သတိ တစ်ချက် ခဏလေးပြန် လည်လာခဲ့၏။ သူမက သူမချစ်သော ချစ်သူ လင်ယောကျ်ားမောင်မောင်အားမေးပြီး ကွယ်လွန်သွားခဲ့သည် ဖြစ်၏။

**ဝိညာဉ်လေလား**

သူမသည် သေလွန်ချိန်အထိ မောင်မောင့်အား သတိတရ တမ်းတစွဲလမ်းခဲ့ပေလိမ့်မည်။ သူမ၏ ဝိညာဉ်သည် မောင်မောင့်ထံ နိမိတ်ပြသလို ဘီလူးစီးကာ ပြော ခဲ့၏။ မောင်မောင်ကလည်း ထိ ဖြစ်ပြီးသူမအား ချက်ချင်း သတိ


www.burmeseclassic.com

www.burmeseclassic.com


မိလေသည်။ အလုပ်လုပ်လျှင်သော်မှ စိတ်ထင်နေခဲ့မိပေသည်။ သူသဘော်ပေါ်မှာ အသက်အန္တရာယ် ကြုံရန်ဖြစ်သည့်အခါ ကယ်တင်ရှင်မှာ ခင်မေသက်လေးလားဟု မဆီမဆိုင်တွေးမိပါသည်။

ဖြစ်လည်းဖြစ်နိုင်သည်။ ခင်မေသက်သည် သူ့စွဲလမ်းသူ့ထံ စိတ်ရောက်ကာ ကွယ်လွန်သွားသူဖြစ်၏။ မကျွတ်မလွတ် ပြိတ္တာဘဝတွင်ပါကျင်လည်နေရဟန် တူပေသည်။ မောင်မောင်၏ နောက်မှ တကောက်ကောက် လိုက်ပါနေခဲ့ပေသည်။ မြေသံပေးကာ သိပေးသည်။ မောင်မောင်သတိမထားမိပါချေ။ စိတ်ထင်လို့ပါဟု မှတ်ယူခဲ့ပေသည်။

မောင်မောင်တစ်ယောက် သိပ်ချစ်ရလွန်းသူ ခင်မေသက် ကွယ်လွန်သွားခြင်းကြောင့် စိတ်ထိခိုက်ရသည်တော့ အမှန်ပါပေ။ စိတ်ဝေဒနာခံစားရသည်။ တုန်လှုပ်ယူကျုံးမရဖြစ်ရ၏။ ဖြေသိမ့်စရာမရှိတော့သလို လွှစ်ဟာသွားတော့၏။ သဘော်က သူငယ်ချင်းရောင်းရင်းတွေက ဘုရားဖူးလိုက်ရောက်နိုက် မောင်မောင် စိတ်ပြေလက်ပျောက်ဖြစ်စေရန် နိုက်ကလပ်သို့ ခေါ်သွားခဲ့ကြ၏။

မောင်မောင် မလိုက်ချင်ပါချေ။ သို့သော် မရပါ။ မာလိန်မှူး မကာအစ မောင်မောင်အား စိတ်ထိခိုက်နေမှန်း သိသဖြင့် မောင်မောင့်အား မုန့်ဖိုးပေးကာ လိုက်သွားစေခဲ့၏။ သဘော်သူကြီးကိုယ်တိုင် လိုက်ပါရန် တိုက်တွန်းနေသဖြင့် မလိုက်၍ မကောင်း။ လိုက်သွားရတော့သည်။ ကလပ်ထဲရောက်တော့ မောင်မောင်ဘီယာသောက်ကာ ခပ်ငူငူထိုင်နေ၏။

သူတပါးတွေ ပျော်ရွှင်နေကြတာ မြင်တွေ့နေရသည်။ ပို၍ခင်မေသက်အား သတိရ ရှိရ


www.burmeseclassic.com

www.burmeseclassic.com


ပါသည်။ ပျော်ရွှင်ခဲ့တဲ့ နှစ်ကိုယ်တူ အချိန်လေးများစွာကို ပြန်တမ်းတ မိပါတော့သည်။ အထီးကျန် အတွေးဖြင့် ဘီယာသောက်ကာ ဖြေသိမ့်နေမိ၏။ မေ့မရနိုင်ပေ။ ရင်ထဲမှာ နာကျင်ခံစားရ၏။ ဖြေ သိမ့်နိုင်စွမ်းမရှိပါတကား။

အုန်းသွင်၊ သက်ထွန်း၊ တင်မြင့် တို့အတူ လပ်စတောရီ (Love Stroy) တွင် ပျော်ရွှင်စွာ သောက်စားကခုန်ကြ၏။ မောင် မောင်ကတော့ ဝေဒနာကို ရင်မှာ ထွေးပိုက်ထား၏။ ဘီယာများသာ တစ်ပုလင်းပြီး တစ်ပုလင်း ဖြိုနေ တော့သည်။ အရက်သည် တစ်ခွက်သောက်လည်း မူးမည် ဖြစ်၏။ သွေးသားကောင်းသူများ အဖို့တော်ရုံတော့ မဖြုံ မမူးပါချေ။ မောင်မောင်လည်း ဘီယာမူး သည်က တခြားသတိရသည်က တခြားစီဖြစ်နေ၏။ အမူးလွန်သွား မှ မေ့ပျောက်မည်ထင်၏။ သက်ထွန်း တို့ကတော့ ဘာရာဇီးလ် သူလေးများကို ဖိတ်ခေါ်လာခဲ့ ကြ၏။ မောင်မောင့်အတွက်လည်း မိန်းကလေးတစ်ယောက်ကို ခေါ် ခဲ့၏။ မောင်မောင့်နံဘေးတွင် ထိုင်စေသည်။ မောင်မောင်အား စိတ်ဖြေနိုင်ရန် ပျော်ရွှင်စေရန် ရည်ရွယ်ကြသည်။

## ထင်ရောင်မိမှာပိုးတဝါး

မောင်မောင်ကတော့ အင်းမလှုပ်အဲမလှုပ်သာရှိ၏။ မိတ် ဆက်ပေးသော်လည်း ဂရုမစိုက် ပေ။ သူ့ဘာသာ ဝေဒနာလေး တွေနှင့်အတူ အတိတ်ခြေရာ ကောက်နေခဲ့၏။ ဘီယာများသာ ဖိ၍ သောက်နေသည်။ ဘာရာဇီးလ် သူလေး မာရီယာအင်ဂျင်လိုက မောင်မောင့်အပေါ် သနား မေတ္တာသက်ဝင်စွာ မောင်မောင် အား ငေးမောကြည့်နေရှာသည်။ သူမသည်လည်း အချစ်ဒဏ်


www.burmeseclassic.com

www.burmeseclassic.com


ခံစားဖူးခဲ့မည်ထင်၏။ ရှိခဲ့ဖူးသူတွေရှိကြပါမည်။

မောင်မောင့် အလိုကျ ဘီယာကို သူမက ဖလ်ခွက်ထဲ ထည့်ပေး၊ ငှဲ့ပေးနေခဲ့၏။ သည် မြန်မာသဘော်သားလေးအပေါ် သူမစာနာသနားနေမိပြီဖြစ်၏။ မှန်ပေသည်။ အချစ်သည် ဘယ်က စ၍ ဘယ်မှာအဆုံးသတ်သည်ကို ဘယ်သူသိပါအံ့နည်း။ အပြစ်မရှိသော ပုစ္ဆာတစ်ပုဒ်လိုပါပေ။ မောင်မောင်မူးဝေရီဝေလျက် ရှိ၏။ အမြင်အာရုံဝေဝါးလာခဲ့သည်။

မာရီယာအား တစ်ခါ တရံခင်မေသက်ဟု ထင်တတ်၏။ ထိုအခါ အတင်းပင်ပွေ့ဖက်ကာ တတွတ်တွတ် စကားဆို၏။ မာရီယာက နားမလည်ပေ။ မောင်မောင်ပုံမှန် သိဝင်လာသောအခါ ခင်မေသက်ပျောက်ကွယ်သွား၏။ မာရီယာအား တွန်းလွှတ်သည်။ ဖြစ်ချင်တိုင်း ဖြစ်နေရ၏။ မဖြစ်ချင်တာတွေလည်း ဖြစ်တတ်ပေသည်။မောင်မောင် ဆက်သောက်နေတော့သည်။

အမူးလွန်သွားတော့သည်။ သဘော်သို့ မပြန်နိုင်တော့ပေ။ မာရီယာက သူမကားဖြင့် သူမ အခန်းသို့ မောင်မောင်အား ခေါ်ဆောင်သွားခဲ့၏။ အမူးပြေမှ ပြန်ပို့မည်ဖြစ်၏။ သဘော်က ကုန်တင်ရန် တန်ချိန်လေးသောင်းကျော်မို့ ရက်ကြာစွာ ဆိုက်ကပ်ထားသည်မို့ ပြဿနာတော့ မရှိပါချေ။ မာလိန်မှူး ကိုယ်တိုင်ကလည်း မောင်မောင်စိတ်ထိခိုက်နေချိန်မို့ ဘေးမဲ့ပေးထား၏။ အလုပ်လုပ်ပါက လည်း အသက်အန္တရာယ်ဖြစ်စေနိုင်၍ ပါပေ၏။

မောင်မောင် , အိပ်ပျော်သွား၏။ ဘာမှ သူမသိပါတော့ချေ။ အမူးလွန်ကာ ချာလည်နေသေးခဲ့၏။ အိပ်ပျော်သွားမှ ဘာမျှ သူမသိတော့ပေ။ ကလေးငိုလေး


www.burmeseclassic.com

www.burmeseclassic.com

လိုပင် ဖြစ်နေပါတော့သည်။ အိပ်မက်မက်၏။ အိပ်မက်ထဲတွင် ခင်မေသက်နှင့်အတူ ချစ်ကြင်းနှောနှောခဲ့၏။ ပျော်သည်။ သို့သော် အိပ်မက်က အိပ်မက်သာပေ။ ကြာရှည်တော့ မခံနိုင်ပါချေ။

ခင်မေသက် ဝိညာဉ် ဝင်ပူးနေသည်ထင်၏။ စိတ်စွဲလမ်းနေ၍သာ ဖြစ်ပေမည်။ တချို့ကတော့ စိတ်ဝေဒနာ ခံစား၍ စိတ်ကစဉ့်ကလျားဖြစ်ခြင်းဟု ဆိုသည်။

မောင်မောင် ရေငတ်သဖြင့် အိပ်ပျော်ရာမှ နိုးထလိုက်၏။ သူ၏ နံဘေးတွင် မိန်းကလေးတစ်ဦး အိပ်ပျော်နေ၏။ ခင်မေသက်ဟု သူထင်လိုက်သေးသည်။ ခေါင်းတွေက် အရက်မူးလွန်၍ ကိုက်ခဲနေ၏။ သူ၏ အိမ်မဟုတ်မှန်းတော့ သူသိပါသည်။ ရေခဲသေတ္တာတွေ့သည်။ ဖွင့်ကာ ရေပုလင်းယူမော့သောက်မိ၏။ ရင်ထဲအေးမြသွား၏။ စိတ်ထဲနည်းငယ် ကြည်လင်လာ၏။ ဆိုဖာကုလားထိုင်ပေါ် သူထိုင်ကာစီးကရက်တစ်လိပ် ညှိသောက်လိုက်၏။

သူ စဉ်းစားနေသည်။ သူဘယ်လိုလုပ် ဒီကိုရောက်လာပါလိမ့်။ သူတို့ နိုက်ကလပ်ထဲမှာ ဘီယာသောက်ကြ၏။ ပြီးတော့ သူမူးနေချိန်တွင် သူ့နံဘေးသို့ ဘာရာဓိလ်သူလေးတစ်ယောက် လာထိုင်သည်။ ခင်မေသက်ဟု သူထင်သည့်အခါ ထင်သည်။ ဟုတ်သည်။ သူ့စိတ်စွဲလမ်းနေ၍သာ ထင်ရသည်။ ခင်မေသက် နိုက်ကလပ်ထဲသို့ ဝင်လာခဲ့သည်ကို သူမြင်လိုက်ရ၏။

ဒါဟာ မဖြစ်နိုင်ပါဘူး။ သူမူးနေလို့သာ ဖြစ်မည်။ ဒါပေမယ့် ခင်မေသက် သူ့အတွက် ဘီယာများပင် ငှဲ့ပေးခဲ့သေး ဟုတ်သည်။ သူမမသေပါ သူ

www.burmeseclassic.com


သူမလိုက်လာခဲ့သည်။

ခင်မေသက်က ဘရာဇီးလ်

သူအဖြစ် ရောက်လာခဲ့ပြီလော့ ။

မောင်မောင် (မြန်မာပြည်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# လရောင်က, တဲ့ည

ဆုမွန်ငြိမ်းဦး(ဟာသင်္ဂီတာ)

ဦးမောင်လှိုင်ဆိုလျှင် အရပ်ထောင်ထောင်မောင်းမောင်းနှင့် ကွမ်းတမြုံ့မြုံ့ဝါးနေတတ်သော ငါးဆတ်အင်းရွာက ခြံသမားကြီးဖြစ်ကြောင်း ဤနယ်တဝိုက်ကသိနေကြ၏။ ကွမ်းကိုမည်သို့သော ကာလက စတင်စားခဲ့လေသည်တော့မသိ။ သူ၏ ဖြူမဖွေးသော အသားအရည်နှင့်မလိုက်ဖက်ဆန့်ကျင်စွာ နီကျင်ကျင်ကွမ်းချိုးများနှင့် ကွမ်းချေးများက သူ၏ ပါးစပ်နှင့် နှုတ်ခမ်းများကို အရုပ်ဆိုးအကျည်းတန်ချင်တိုင်းတန်နေတော့၏။ ဦးမောင်လှိုင်ကိုမြင်လျှင် မြန်မာလူမျိုးတစ်ဦးဟု မည်သူတမှုမထင် ထောင်ထောင်မောင်းမောင်းနှင့် မြင့်မားသောအရပ်၊ ဖြူဖွေးသော အသားအရည်နှင့် တူထဲမဲမှောင်နေသော မျက်လုံးမျက်ခုံးများက မြင်သူတိုင်းကို ကရင်လူမျိုးတစ်ဦးဟု အထင်မှားစေသည်။ သို့သော် အကယ်စင်စစ် ဦးမောင်လှိုင်မှာ မြန်မာဗုဒ္ဓဘာသာဝင်လူမျိုး စကန်စစ်စစ်ဖြစ်ပါချေ၏။

ဦးမောင်လှိုင်မည်သည့်ရွာသားဖြစ်သည့်ဟူ၍ အတိအကျ


www.burmeseclassic.com

www.burmeseclassic.com

မသိသော်ဩည်း ငါးဘတ်အင်းရွာသူ မကတုံးနှင့် အကြောင်းပါရင် ဦးမောင်လှိုင်တစ်ယောက်ငါးဘတ်အင်းရွာသားဖြစ်ခဲ့ရသည်။ ငါးဘတ်အင်းရွာကလေးသည် အိမ်ခြေနှစ်ထောင်ခန့်ရှိသည့် ရွာကြီးတစ်ရွာဖြစ်ပြီး များသောအားဖြင့် ရွာသူ ရွာသားများမှာ လယ်ယာနှင့် ခြံလုပ်ငန်းများလုပ်ကိုင်ကြသည်။ ဇနီးသည် မကတုံးနှင့် အကြောင်းပါတော့ အမိအဖပိုင်ခြံလေးကို ရာသီသီးနှံလေးများကို အလှည့်ကြ စိုက်ရင်း ဘဝတစ်ခုကို ဖြတ်သန်းပွန်မြောက်တည်ဆောက်ရသည်။

ငါးဘတ်အင်းရွာကလေးနှင့် ရိုးတန်းရွာကလေးကိုတော့ ရိုးမာန်းချောင်းကလေးကတိုးလျှိုပေါက် စီးဆင်းရင်းပိုင်ခြားသတ်မှတ်ထားသည်။ ဦးမောင်လှိုင်သည် ငါးဘတ်အင်းရွာကလေးထဲတွင် နေသည်။ ရွာ၏ သာရေးနာရေးကိစ္စဟူသမျှကို မနှောင့်နှေးမကြန့်ကြာတတ် ရှေ့ဆုံးကရောက်နေနှင့် တတ်သူက ဦးမောင်လှိုင်၊ စကားပြောလျှင် အသံဝါဩဩကြီးနှင့် တစ်အိမ် ကျော်နှစ်အိမ်ကျော်ကပင် လျှင် လူကိုမမြင်ရပဲ အသံကြားရုံဖြင့် ဦးမောင်လှိုင်ဖြစ်ကြောင်း အတတ် သိကြ၏။ ငိုနေသောခလေးများ တိတ်၍ ထောင်နေသောခွေးများ ပင် အသံတိတ်ဆိတ်တတ်ကြ၏။ တနည်းဆိုရလျှင် ရွာပေါ်ရပ်ပေါ် တွင် ဩဇာတိက္ကမညောင်းသော သူတစ်ဦးဖြစ်လေသည်။

သူ၏ခြံကလေးထဲတွင် ရာသီ အလိုက်ပေါ်တတ်သော ရာသီ သီးနှံလေးများကို နွေမိုးဆော မပြတ်စိုက်ပျိုးရင်း အမြဲ


www.burmeseclassic.com

www.burmeseclassic.com


ဆိုသလိုပင်တိုင် စိုက်ပျိုးတတ်သည်က ကွမ်းခြံ၊ ကွမ်းခြံကနှစ်အောင်မြင်လျှင် ဘဝတစ်သက်ပြောင်းနိုင်သည်။ တောသူတောင်သားတို့ဘဝတွင် နှစ်စဉ်တခုတ်တရဖွဲ့နပဲနှင့်ကွမ်းခြံလေးကို စိုက်ပျိုးရင်း ဘဝကံစမ်းရသည်က ကိုမောင်လှိုင်၊ ဇနီးဖြစ်သူမကတုံးကတော့ ကွမ်းရာသီတွင် ရွာနီးချုပ်စပ်ရွာကလေးများသို့ကွမ်းခူးလိုက်ရင်း ကိုမောင်လှိုင်ကိုကဖက်တလမ်းမှ ပါရမီကူဖြည့်ပေးရ၏။

ကျွန်တော်နေသော အိမ်ကလေး၏ မျက်စောင်းထိုးတွင်တော့ ငါးဘတ်အင်းရွာသူရွာသားများ၏ ပုသ်သီတင်းဆောက်တည်ကြရာ ရွာလယ်ဝတ်ကျောင်းကလေးရှိသည်။ ထိုကျောင်းကလေးတွင် ကျောင်းထိုင်ဘုန်းကြီးဟူ၍ မရှိ။ ဝါတွင်းကာလရောက်လျှင် ရွာသူရွာသားဥပုဉ်သီတင်းဆောက်တည်နိုင်ရန် အနီးအပါးရွာကလေးများမှ ဆရာတော်များကို အလှည့်ကြပင့် ဖိတ်ကာသီလဆောက်တည်ကြ၏။ ထိုရွာလယ်ဝတ်ကျောင်းကလေးတွင် တစ်ခါက ဦးထွန်းငြိမ်းဟူသော ငါးဘတ်အင်းရွာသားတစ်ဦး ဦးနန္ဒဟူသော ဘွဲ့ဖြင့်ကျောင်းထိုင်ခဲ့ဘူး၏။ သို့သော်ဦးနန္ဒဟူ၍ တရွာလုံးက အမည်မတွင် ဦးထွန်းငြိမ်း ဆရာတော်ဟူ၍ သာအမည်တွင်ခဲ့လေသည်။

ကျွန်တော်နှင့် ဦးမောင်လှိုင်၏ ကွမ်းခြံလေးများက အေးချင်းကပ်လျက်တည်ရှိပြီး ခြံကလေးနှစ်ခု၏ အဆုံးမှာတော့ ရိုးတန်းဟူသော ချောင်းကလေးက ရစ်ခွေပတ်ရံကာ စီးဆင်းနေသည်။ မိမိ


www.burmeseclassic.com

www.burmeseclassic.com

တို့၏ ခြံကလေးများ သို့သွား သည်။ အခါတိုင်း ထိုရွာလယ်ဝတ် ကျောင်း ကလေးနံဘေးမှ ဖြတ်၍ သွားရသည်။ ရွာလယ်ဝတ် ကျောင်းကလေးသည် ကျွန်တော် နှင့် ဦးမောင်လှိုင်တို့၏ ခြံကလေး များ၏ ထိပ်တွင်ရှိသည်။ ကျောင်း ကလေးသည် နေသူတစ်ဦး တယောက်မျှ မရှိပဲ တိတ်ဆိတ် နေသဖြင့် ကျောင်းကလေးနံဘေး မှ ညအခါ ဖြတ်သွား ဖြတ်လာပြု သည့် အခါတိုင်းဘာ ကြောင့်တော့ မသိ။ ဟိုဟိုသည် သည်ကြည့်ရင်း ကျောချမ်းမိသလို လိုတော့ရှိမိ၏။ ကျောင်းကလေးထဲတွင် ပိန္နဲ၊ ဥသျှစ်၊ မာလကာပင်များ က ကြီးမားသော ခြံနွယ်ပိတ်ပေါင်း များက တစ်ချက် တစ်ချက်ပဲ့တင်ခတ် လျှက်ရှိသည်။ ဝတ်ကျောင်းက လေး၏ အနောက်

ဖက်(၂)ကိုက် (၃) ကိုက်အကွာ တွင် ကြီးမား သော စားဖိုဆောင် ကြီးနှင့် ကုဋိ (အိမ်သာ)တစ်လုံးက လူသူတိတ် ဆိတ်နေသော ကျောင်းကလေးကို ပို၍ ခြောက် ချားဖွယ်ဖြစ်အောင် တန်ဆာ ဆင်ပေးနေလေတော့သည်။ ပေါက်ပေါက်များသွန်ကျဲ ချလိုက် တော့သည့်အလား တစ်ဝေါဝေါ တဖျောက်ဖျောက်ကြွေဆင်း ရင် မိုးသီးမိုးပေါက်များက ကမ္ဘာ မြေပေါ်သို့ ကစင့်ကလျား လွင့်ကြွေကျရောက်လာပြန်၏ ထို့နောက် အသံအနည်းငယ် လျော့သွားပြီး တဖွဲဖွဲဆက်က ရွာနေပြန်သည်။ မိုးသက်လေ လေးများက သစ်ရွက်ဝါးရွက်မျ ကို တွဲခိုစီးနင်းရင်း တရှူးရှူး တ အောမြည် တိုက်ခိုက်နေ


www.burmeseclassic.com

www.burmeseclassic.com


သည်။

"ဝုတ် . . ဝုတ် . . ဝုတ်" ဟူသော ခွေးတကောင်၏ အသံကြောင့် သုံးထောင့်ခါတ်မီးလေးကို ဆွဲကာ ကွမ်းခြံလေးပေါ်သို့ ဇွေကျော်ထိုးလိုက်ရင်း မိမိခြံကလေးနှင့် ဘေးချင်းယှဉ်နေသော ဦးမောင်လှိုင်ကွမ်းခြံကလေးပေါ်သို့လည်း လှမ်း၍ ထိုးလိုက်သည်။ မည်သို့သော လှုပ်ရှားမှုတခုတစ်စုံတရာမျှ မတွေ့ရ။ ဤရာသီကာလမျိုးတွင် ခြံလုပ်သောခြံသမားများမှာ ညဖက်တွင် မိမိတို့ ခြံကလေးများဆီသို့ သွားရန် ညအိပ်ကာစောင့်ကြရ၏။ ထိုသို့မစောင့်ရင်လည်း မဖြစ်၊ ဒီနှစ်ကွမ်းဈေးကကောင်းသည်ဟု တစ်ပတ်ကျော်ကဆိုလျှင်လှတွန်းတို့ခြံက သောင်းဂဏန်းနီးနီးအကန်ကြာတော့ မြောက်ဖက်မှလေများ၏ အော်မြည်သံများနှင့် အတူမိုးကသည်းသည်းမည်းမည်း အော်မြည်ဟစ်ကြွေး ရွာသွန်းလာပြန်သည်။ မိမိခြံတဲကလေးထဲသို့ ဝင်လိုက်ရင်း ပြောင်းဖူးဖက်လိပ်ကလေးအား မီးညှိကာ မိုးသံများကို နားထောင်ရင်းဆေးလိပ်ကိုသောက်နေမိသည်။ တမိနစ် နှစ်မီးနစ်ခန့်ကြာတော့ ဗသဲသဲရွာသွန်းနေသော မိုးသည် ရုတ်ချည်းကောက်ခါငင်ခါရပ်တန့်သွားသည်။

"ဟေ့ ကျော်ညွန့် ကျော်ညွန့်ရေ" ဟုသည့် တဖက်ခြံကလေးဆီမှ ဦးမောင်လှိုင်၏ ခေါ်သံကြောင့်

"ဗျို့ အဘလှိုင်ကျွန်တော်ရောက်နေပါပြီအဘ" ဟု ပြန်၍ အသံပေးလိုက်သည်။

"မင်းရောက်တာကြာပြီလား"

"ဟုတ်ကဲ့ မိုးမရွာခင်လေးကပ်

www.burmeseclassic.com



ဆိုပါတော့"

"အေး အေး အသံပြုကြည့်တာပါကွာ ဒါနဲ့ မင်းဘာလုပ်စရာရှိလဲ"

"ဘာမှ မရှိပါဘူး အဘလှိုင်"

"အေး ဒါဆိုရင်လည်း ငါ့ခြံဘက်ဆီကူးခဲ့ကွာ အဖန်ရည်လေးသောက်ရင်းစကားပြောကြရအောင်"

"ဟုတ် ဟုတ်ကဲ့ အဘ"

အဘလှိုင်စကားဆုံးတော့ သုံးထောင့်ထိုးမာတ်မီးလေးကို တဖက်ကိုင်ဆောင်ကာ အဘလှိုင်၏ ခြံတဲကလေးရှိရာဆီသို့ ကူးလာခဲ့တော့သည်။"

အဘလှိုင်ခြံတဲကလေးသို့ တိုးဝင်လိုက်တော့ ရေနွေးကရားအိုးကလေးတလုံးနှင့် အတူ ထန်းလျက်ခဲလေးများကို ထည့်၍ အသင့်စောင့်ကြိုနေသော အဘလှိုင်က[illegible] တွေ့ရသည်။ ရေနွေးတစ်ခွက်က[illegible] ငှဲ့ လိုက်ရင်း ဂွတ်ကနဲ မည်အော[illegible] သောက်လိုက်ပြီးမှ

"ဟော့ကောင်ကျော်ညွန့်"

"ခင်ဗျာ . . . အဘလှိုင်"

"ပရလောက တကယ်ရှိ [illegible] တာ မင်းလက်ခံလား" ဟူ၍ ဆို[illegible] မဆင်း , ဗုံမဆင့် မေးလိုက်သည်[illegible] ကျွန်တော်တွေးတွေးဆဆပြု၍ [illegible]

"လက်ခံပါတယ် . . အဘ[illegible]

"အေး မင်းလက်ခံတယ်[illegible] ရင်တော့ ပြောပြရအုံးမှာပေါ့ကွ[illegible] ဟု စကားစလိုက်သည်။ [illegible] နောက် မိမိတို့၏ ခြံထိပ်မှာ ရှိ[illegible] တဲ့ ဝတ်ကျောင်းကလေးဆီ[illegible] လက်ညှိုးထိုးညွှန်ပြရင်း . ."

"ဟော ဟိုမှာ ကြည့်လိုက်[illegible] တို့ခြံထိပ်မှာရှိနေတဲ့ ဝတ်ကျော[illegible]



www.burmeseclassic.com

www.burmeseclassic.com


ကလေး"

အဘလိုင်လက်ညှိုးညွှန်ပြရာဆီသို့ အကြည့်တစ်ချက်ကိုပို့လိုက်ရင်း အမေးတခုကို စတင်လိုက်သည်။

"အဲဒီဝတ်ကျောင်းလေးကဘာဖြစ်လို့လဲ အဘလိုင်"

"အေးအဲဒီဝတ်ကျောင်းကလေးရဲ့နံဘေးမှာ ခပ်မြင့်မြင့်အိမ်တစ်လုံးမင်းတွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် အဘ"

"ဟော့ အဲဒီအိမ်ဟာ ခုတော့ လူလှတို့နေတာပေါ့ကွာ ဟိုတုန်းကတော့ အဲဒီအိမ်နေရာလေးမှာ ဦးမင်းဒင်ဆိုတဲ့ ကွမ်းပွဲစားကြီးတစ်ယောက်အိမ်ကြီးရှိခိုင်နဲ့ နေခဲ့တဲ့နေရာပေါ့"

ထို့နောက်စကားကို ဖြတ်လိုက်ရင်း

"ဦးမင်းဒင်က အဲဒီလူလှတို့အိမ်နေရာမှာ အိမ်ကြီးရှိခိုင်နဲ့ နေထိုင်ပြီး ဒီနယ်တစ်ဝိုက်က ထွက်သမျှကွမ်းတွေကို ဝယ်တဲ့ ကွမ်းဒိုင်ကြီးဖွင့်တယ်၊ ရလာတဲ့ ကွမ်းတွေကိုတော့ မနက်မနက်မှာ ဟင်္သာတမြို့ကို ကားနဲ့ တင်ပို့ရောင်းချပြီးကွမ်းပွဲစားလုပ်နေတာပေါ့ ၊ ဒါကြောင့် ဦးမင်းဒင်အိမ်ကို ကုန်ရောင်းကုန်ဝယ်၊ ကုန်သည်မှန်သမျှ ဝင်ကြထွက်ကြနဲ့ ဧည့်သည်ဆိုတာ ပြတ်တယ်မရှိဘူး ဒီလိုနဲ့တစ်နေ့တော့ ဦးမင်းဒင်နေတဲ့ အိမ်ကို ဘယ်ရပ်ဘယ်နယ်ကမှန်းမသိတဲ့ လူစိမ်းနှစ်ယောက်က ဦးမင်းဒင်ကို

(၃) (၄) ရက်တည်းခိုနေထိုင်ကျပြီး တစ်ရက်မှာတော့ အဲဒီလူနှစ်ယောက်က ဦးမင်းဒင်


www.burmeseclassic.com

www.burmeseclassic.com



ကို

“ခင်ဗျားအိမ်ဟာ သိုက်တခု ရဲ့ အပေါ်တည့်တည့်မှာကြနေတယ်၊ ဒါကြောင့် ခိုက်တက်တယ်၊ ခင်ဗျား အိမ်ကို ရွှေ့ရင်ရွှေ့၊ မရွှေ့ရင် သိုက် ကိုတူးပြီး ပြောင်းပစ်မှ ကောင်းမယ် ဆိုပြီး အဲဒီသိုက်ရှိတဲ့ နေရာကိုတူးဖို့ ပြင်ဆင်တော့တာပဲ”

“ဒါနဲ့ နေပါဦး အဘလျှင် သူတို့ က သိုက်ဆရာတွေမို့လား”

“အေး ပေါ့ကွာ သိုက်ဆရာ ဆိုတာ နောက်မှသိရတာ လာတုန်း ကတော့ အရောင်းအဝယ်ကိစ္စနဲ့ ကုန်သည်လိုလို ဘာလိုလိုပေါ့”

ထန်းလျက်ခဲလေးတလုံးကို ကောက်ခါစားလိုက်ရင်းမှ

“အေး အဲဒီတုန်းက ငါမှတ်မိ တယ် တူးတဲ့သူတွေက ဖိုးကျား ရယ်၊သိန်းရွှေရယ်၊ အုန်းမောင်ရယ်

(၃)ယောက်ပေါ့ သိုက်တူးကြ
နံနက်မှာ အဲဒီသိုက်ဆရာဆိုတ
လူက ဦးမင်းဒင်ရဲ့ အိမ်ခေါင်းရင်
နားလောက်ဆီမှာ ကန်တော့ပွဲ
ကြီး တပွဲကို ပေးရင်း ဆန်မန်းတွေ
ဆုပ် ဆုပ်ကြတော့တာပဲ ပြီးတော
လည်း ကြလိုက်တဲ့ ဆန်မန်းတွေ
တဲ့ နေရာဟာ သိုက်ရှိတဲ့နေရ
ဖြစ်လို့ အဲဒီနေရာကိုတူး လ
အမိန့်ပေးတယ်၊ ဒါနဲ့ ဆန်မန်းတေ
နောက် ဆုံးစုပုံနေတဲ့ နေရာ
စည်းဝိုင်းဝိုင်းပြီး “ကဲ စတူး” လ
အမိန့်လည်း ပေးလိုက်ရော
ဖိုးကျားတို့လူစုက ပေါက်တူ
တရွင်းပြားတွေနဲ့ တူးကြတယ်
သိုက်ဆရာနှစ်ယောက်က တေ
စည်းဝိုင်းကိုပတ်ပြီး မန်းမှု
ရွတ်ဖတ်နေကြတယ်။

“ဒီလိုနဲ့ . . .”

www.burmeseclassic.com

www.burmeseclassic.com


"အဲဒီလိုတူးတော့ ဘာတွေ တွေ့ရလဲ အဘလှိုင်"

"အေး ...အေး ပြောရ တာပေါ့ကွာ ..."

"ဒါနဲ့ အဘလှိုင်သိုက်ဆရာ ဆိုတဲ့ သူတွေရော"

"အေးငါနဲ့ တွေ့တော့ အဲဒီ သိုက်ဆရာဆိုတဲ့ သူတွေလည်း ဟယောက်မှ မရှိကြတော့ဘူး အခြေအနေမကောင်းလို့ တစ်ချိုး တည်းလစ်ပြေးကြတာဖြစ်မှာ ပေါ့ ကွာ၊ သူတို့ ကျကျနနပြင်ထားတဲ့ ကန်တော့ပွဲကြီးကတော့ အဲဒီနား မှာ တစ်စစီဖရိုဖရဲလွင့်စင်လို့ ဒါနဲ့ ငါလည်း သူတို့(၃)ယောက်ကို ဦးမင်းဒင်အိမ်ခေါ်သွားပြီး ဘုရားစင်က ရေမန်းတွေဘာတွေ တိုက်လိုက်မှ ကောင်းကောင်း သတိရသွားပြီး အဖြစ်အပျက် အကြောင်းစုံကို ပြောပြခဲ့ကြတာ"

စကားဆုံးတော့ အတန်ငယ်မေ့ သွားသည် ဟန်ဖြင့် သက်ပြင်းရှည် ကြီးတခုကို ချလိုက်ရင်းမှာ နှစ်ဦး သား မည်သည့်စကားမှ မဆို ငြိမ်သက်တိတ်ဆိတ်စွာ နေခဲ့ကြ သည်။

× × × × ×


www.burmeseclassic.com

"ဒိန်း . . ဒိန်း . . ဒိန်း"

ဟူသော မိုးခြိမ်းသံကြီးနှင့် အတူ တစ်ဝေါဝေါအော်မြည်ရှိန်း ရွာသွန်းလာသော မိုးတို့က ကျွန် တော်နှင့် အဘလျှိုင်တို့နှစ်ဦးရှိသော တဲကလေးပေါ်သို့ အဆက်မပြတ်၊

မိမိခြံထဲ ဆီသို့ ပြန်ရန်ဟန်ပြင်
ခိုက် အဘလျှိုင်ရဲ့ အမေးစကာ
ကြောင့်

"ပြန်တော့မလို့လားကွ ကျေ
ညွှန့်ရ"

"ဟုတ်ကဲ့ အဘလျှိုင်"

"မိုးသည်းနေပါသေးတပ
ကွာ ဖြေးဖြေးပေါ့" အဘလျှိုင်
စကားအဆုံးမိမိနေရာတွင် ပြ
ထိုင်လိုက်ကာ ရေနွေးကြမ်းတ
ခွက်ကို ငှဲ့ရှိုင် သောက်လိုက်သည်
ပြီးမှ

"ဒါနဲ့ အဘလျှိုင်ပြောတဲ့ သို
တူးတဲ့အကြောင်းက ပြီးသွားပြ
လား"

အတန်ကြာစဉ်းစားဟန်
ပြီးမှ "ဘယ်ပြီးလိမ့်အုံးမလဲကွ"

"အဲဒီညမှာ ဘာတွေဖြ
သလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်သလဲဗျ အဘလှိုင်"

"ဘာတွေဖြစ်သလဲဆိုတာ ပြောရရင် အဲဒီညမှာ အဘလှိုင်ခြံထဲကလေးမှာ အိပ်နေရင်း အိပ်မက်တစ်ခုမက်တယ်၊ အဲဒီအိပ်မက်ထဲမှာ ဝတ်ကျောင်းကလေးနဘေးကနေ တစ်ကိုယ်လုံး အစိမ်းရောင်ဝတ်ထားတဲ့ မိန်းမတစ်ယောက်ထွက်လာရင်း၊ အဘခြံတဲလေးဆီကို လာနေတာမြင်ရတယ်၊ ခြံတဲလေးနားရောက်လို့ ဝင်မယ်လည်းလုပ်ရော အဘက "ဟေ့ မဝင်နဲ့" လို့ နှုတ်ကလန့်အော်ရင်း၊ အဘလည်း အိပ်ယာကလန့်နိုးသွားတော့တာ ဒါနဲ့ အဘလည်း ဝတ်ကျောင်းကလေး နဘေးကသိုက်ဆရာတွေ သိုက်တူးခဲ့တဲ့ မြေကျင်းလေးဆီကို လှမ်းကြည့်တော့ လရောင်လေးထဲမှာ ဘာတွေတွေ့သလဲ မင်းထင်သလဲ"

"ဘာတွေတွေ့လဲ ပြောပါဦး အဘလှိုင်ရဲ့"

"အေးလရောင်ထဲမှာ မြင်ရတာကတော့ နေ့ခင်းကသိုက်ဆရာတွေ သိုက်တူးထားတဲ့ မြေကျင်းကြီးရဲ့ နှုတ်ခမ်းပေါ်မှာ ဝိုင်းပတ်ပြီး တစ်တောင်သာသာလောက်ရှိတဲ့ ဖိုးသူတော်တွေလေးတွေ ကခုန်နေတာတွေ ခဲ့ရတယ်၊ သူတို့ လည်ပင်းမှာလည်း ပုတီးဖြူလေးတွေကို ဆွဲထားကြတယ်။ သူတို့သိုက်ကိုလာတူးတာ မအောင်မြင်လို့ ပျော်ရွှင်ပြီး ကခုန်နေကြတဲ့ အဓိပ္ပါယ်ပေါ့ အေးဒါကြောင့် ပရလောကဆိုတာ မင်းယုံချင်ယုံမယုံချင်နေ အခိုင်အမာရှိနေတာတော့ သေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘလိုင်ကိုယ်တွေ့ပဲလေ"

ထို့နောက်တွင်တော့ ရိုးတန်းရှာကလေးဘက်ဆီမှ သန်းခေါင်ကြက်တွန်သံတစ်ချက်ကို ကြားလိုက်ရသည်။

"ကဲ ကဲ မိုးလည်းစဲသွားပြီ မင်းလည်းပြန်ချင်ပြန်တော့" ဟူသည့် အဘလိုင်၏ စကားအဆုံးသုံးထောင့်ခါတ်မီးလေးနှင့် ခက်ရင်းကွကိုကိုင်ကာ တစ်ဖက်ခြံရှိ မိမိခြံတဲကလေးရှိရာသို့ အကူးကောင်းကင်ပေါ် မော့ကြည့်လိုက်တော့ ညိုမှိုင်းမဲမှောင်နေသော ကောင်းကင်ကြီးက အနည်းငယ်ဖြူလျော်သွားရင်းလင်းလာစပြုနေပြီ ညဦးဆီမှ တစ်ခုတစ်လေမျှပင်မတွေ့ခဲ့ရသော ကြယ် စင့်ကြယ်စလေးများပင်လျှင် ဟိုး တစ်လုံးဒီတလုံးထွက်ပေါ်စပြုရင်း မိုးသက်လေပြေလေး တစ်ချက် ကဲလေ... စိမ့်ကနဲနေအောင် အေးချမ်းရင်း ဆွေးဆွေးမြေ့မြေ့ တိုက်ခိုက်လိုက်တော့သည်။

ဆုမွန်ဦး (ဟင်္သာတ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ဒိယ်ဆောကပမာ ဆိတ်ဆာယာ

သိန်းသန်းအောင်
(မြင်းခြံ)

သူ့အိမ်ပေါက်ဝသို့ရောက်သည်နှင့် ခြေစုံပစ်ရပ်လိုက်၏။ ရှေ့ကူရှရှိ တံခါးချပ်များကို ကြီးမားသော အာမခံသော့ခလောက်ကြီးက သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်စွာ ကမ်းဆောင်နေဟန် ပကတိငြိမ်သက်လျှက်၊ တင်နိုင်ဝင်းအိမ်ပြန်မရောက်သည်မှာ (၂)လ၏ ဟိုမှာဘက် (၃)လပင် သီသီစွန်းခဲ့ချေပြီပဲ. . .။

ခေတ္တာမျှတွေဝေငေးငိုင်နေရာမှ ပုံ့လွင့်နေသော စိတ်အာရုံကို စုစည်းယူလိုက်၏။ ပြီးလေမှ သူ့လက်ဆွဲအိတ်အတွင်းကို နှိုက်၍ အိမ်တံခါးသော့ကို ယူလိုက်ပြီး သော့ခလောက်ကြီး၏ သော့ပေါက်အတွင်းသို့ ထိုးသွင်းကာ လှည့်လိုက်၏။ သော့ခလောက်က "ကလစ်"ခနဲမြည်၊ ဂျိုးကိုက်နေဟန်ပင်၊ တင်နိုင်ဝင်း ဒုတိယအာကြိမ် ကြည့်လိုက်ပြန်၏။ ထိုအခါမှ ဖျောက်ခနဲအသံနှင့်အတူ သော့ခလောက်ကြီးလက်လျော့သွားလေတော့သည်။

တံခါးမကြီးကိုဖွင့်၍ အိမ်အတွင်းသို့ဖြည်းဖြည်းချင်းဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com


သည်။ သူမျက်နှာကို ပါးလွှာသော အမျှင်တန်းတို့ဖြင့် ပင့်ကူအိမ်ဟို နေရာယူထားသည်ကို သတိထား လိုက်မိသည်။ သည်နောက်တွင် ပြတင်းတံခါးပေါက်များကို လိုက် ဖွင့်လိုက်သည်နှင့် အိမ်ခန်းတွင်းသို့ အလင်းရောင်ဖျော့ဖျော့ထိုးဖောက် ဝင်ရောက်လာတော့သည်။ အိမ် အတွင်းရှိ ပရိဘောဂတွေမှာ နေရာ မပျက်ရှိနေသော်လည်း ၎င်းတို့၏ မျက်နှာပြင်ပေါ်များတွင် ဖုံမှုန့်တွေ က မိတ်ကပ်လိမ်းချယ်ထားသလို ပါပဲလား။

တင်နိုင်ဝင်းက လက်ဆွဲ အိတ်ကိုချ၍ ကြက်မွှေးဖြင့် ဖုံမှုန့် နှင့်ပင့်ကူမျှင်တို့ကို ခါထုတ်ပစ်လိုက် ရပါလေ၏။ ပြီးလေမှ သူတို့၏ အိပ်ခန်းလေးဆီသို့ မျက်နှာမူလိုက် ၏။ သို့တမင်ငြား အိပ်ခန်းအတွင်း

သို့ ဝင်ရန် ဝန်လေးနေဟန် ရှိ... သည်။ သည် အိပ်ခန်းလေးက သ... နှင့်ဇနီးဖြစ်သူ မေသူထက်တို့ အိ... စက်ရာ ဗီမာန်လေးရယ်လေ၊ တ... အောင့်လောက် ကြက်သေသေ... နေရာမှ ခန်းစီးလိုက်ကာကို မ... အတွင်းဘက်ဆီသို့ တင်နိုင်ဝ... ငေးစိုက်ကြည့်လိုက်၏။ နှ... ယောက် အိပ်ကုတင် ခပ်နိမ့်နိမ့်လေ... က အထီးကျန်ဆန်စွာ တည်ရှိ... ချေသည်ပဲ။

နှစ်လွှာပေါင်းမှ တစ်ရွက်... မည်သော စွယ်တော်ရွက်ကဲ့သို့ နှ... ဦးပေါင်းမှ တစ်ဘဝမည်သော... သူတို့၏ မေတ္တာရိပ်မြုံချစ်ဗိမာန်... လေးထဲမှ တင်နိုင်ဝင်းအား အထီ... ကျန်ဆန်စွာ ထားရစ်ခဲ့လေသော... ချစ်ဇနီးမေသူထက်ကို ယခု... တမ်းကာလွမ်းရနေဆဲပါ၊ အိပ်ခ...


www.burmeseclassic.com

www.burmeseclassic.com



လေးအတွင်းသို့ဝင်၍ ကုတင်နိမ့်နိမ့်လေးပေါ်သို့ အသာပင် တင်နိုင်ဝင်းထိုင်ချလိုက်၏။ အိပ်ခန်းအတွင်းဝယ် မေသူထက်၏ အငွေ့အသက်တို့က ရှိနေဆဲပါပဲလား၊ ဘာကိုပဲကြည့်ကြည့် မေသူထက်နှင့် ပတ်သက်သော အရာတွေချည်း၊ တစ်ချိန်က မေသူထက်၏ ခြေရာလက်ရာတွေချည်းဖြစ်ပါလေ၏။ အရာရာမှာ မေသူထက်၏ အရိပ်အငွေ့များနှင့် မကင်းခဲ့ပေမယ့် စုတော့ဖြင့် ပိုင်ရှင်မဲ့အခြေအနေသို့ ရောက်ခဲ့ရသည်မှာ မကြာသေး၊ ဟို. . လွန်ခဲ့သည့် သုံးလကျော်ကျော်လောက်ကပင် ဆိုကြပါစို့။ တကယ်တော့ တင်နိုင်ဝင်း အသက်မကချစ်ခဲ့ရသော မေသူထက်တစ်ယောက် လူ့လောကကြီးထဲမှ အပြီးအပိုင်ကျောခိုင်းသွားခဲ့ရချေပြီတည်း။

ချစ် ဇနီး သည် တစ် ယောက် ရုတ်တရက်လူ့လောကကြီးအတွင်းမှ ထွက်ခွာသွားသောအခါ ရင်နှင့်အောင်ချစ်ခဲ့ရသည့် တင်နိုင်ဝင်းအဖို့ အလွမ်းနာကို ဖြေသိမ့်စရာ အဖြေရှာမရလေသောအခါ စိတ်ပြေလက်ပျောက် ခရီးတစ်ထောက်ထွက်ခဲ့မိခြင်းပင်ဖြစ်ပါလေ၏။ သို့တမင်ပြား သူ့အတွက်တော့ မေသူထက်ကိုသာ တမ်းတနေဆဲ. . မှန်းဆနေဆဲ. . လွမ်းနေရဆဲ. . .။

သူ့ဘဝထဲမှ ပြေးထွက်သွားခဲ့ရသော မေသူထက်၏ နောက်ဆုံးနေ့ရက်များကို တင်နိုင်ဝင်းစိတ်ထဲပြန်ပြောင်းမြင်ယောင်လာမိသည်။ ထိုနေ့က မိုးသည်းထန်စွာရွာခဲ့သော တစ်ညနေရယ်လေ. . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သူတို့နှစ်ဦး တက္ကသိုလ်ရောက်မှတွေ့ခဲ့ကြသည်။ ပထမနှစ်တွင် သူငယ်ချင်းအနေအထားတွေ့ခဲ့ရာမှ ဒုတိယနှစ်တွင် ချစ်သူတို့ဘဝရောက်ခဲ့ကြရသည်။ သူတို့ဘဝအစစအဆင်ပြေခဲ့ကြသည်ဟုပင်ဆိုကြပါစို့။ နှစ်ဘက်မိဘများသဘောတူညီကြသဖြင့် လည်းကျောင်းပြီးသည်နှင့် မင်္ဂလာအခန်းအနားကို တင့်တောင့်တင့်တယ်ပြုလုပ်နိုင်ခဲ့ကြသည်။ တင်နိုင်ဝင်းအတွက် ပို၍ အဆင်ပြေသည်က ဘွဲ့ရပြီးသည်နှင့် ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်ရသည်။ အလုပ်က ပြည်နယ်၏ နယ်စပ်မြို့လေးတစ်မြို့မှာပဲဖြစ်သည်။ သည်တော့ မိဘများနှင့်အတူမနေဖြစ်ကြ၊ တစ်အိုးတစ်အိမ်ထူထောင်နေကြရသည်။

ကြင်စဦးဇနီးမောင်နှံ အတွက် လွတ်လပ်မှုဆိုသည်မှာ ဘ အရာနှင့်မှ လဲနိုင်သည့်ကိစ္စမဟုတ ဇနီးမောင်နှံနှစ်ယောက်လွတ်လွ လပ်လပ် ပျော်ပျော်ရွှင်ရွှင်ပင် နေ ကြရသည်။ အချိန်ပို အလုပ်ဆင်း သည်။ အိုဗာတိုင်ကြေးရပေမယ့ လင်နှင့်မယားထိတွေ့ချိန်က နည ပါးလှပါဘိခြင်း၊ ကြားလေသွေးရ ဝေးသည်ထင်ရသည့် အချိန်အ မျိုးမှ မေသူထက်အနေဖြင့် တင်နို ဝင်း၏လုပ်ငန်းအပေါ် အားမ အားရခံစားခဲ့ရသည်။တကပ တန်းဆန်းစစ်ကြည့်လျှင်တင်နို ဝင်းတို့အိမ်ထောင်သက်မှာ တ နှစ်လင်းတင်းပင်မပြည့်တတ်သေး

တစ်နေ့လုပ်ငန်းခွင်မှတ နိုင်ဝင်းအချိန်စောစွာပြန်လာခဲ့ရသ ယခင်ရက်များဆိုလျှင်တင်နိုင်ဝ


www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှအပြန်မေသူထက်က အပြုံးဖြင့် ဆီးကြိုနေခဲ့သည်သာ၊ထိုနေ့ကမေသူထက်အိမ်မှာမရှိတင်နိုင်ဝင်းမှာဆီးကြိုမည့်သူမရှိဖြစ်ခဲ့ရသည်။ တစ်ခုတော့ရှိသည်။ သည်ကနေ့မှ တင်နိုင်ဝင်းလုပ်ငန်းခွင်မှ စောစောရောက်နေခြင်းဖြစ်သည်။တစ်ယောက်တည်းနေရသော မေသူထက် အဖို့ငြီးငွေ့နေသည်ပင်ထင့်၊ အသိမိတ်ဆွေတစ်ဦး၏ နေအိမ်သို့ အလည်အပတ်သွားနေဟန် ရှိသည်။တင်နိုင်ဝင်းကထိုသို့စဉ်းစားရင်းသူ့တွင်ရှိသောသော့ဖြင့်ဖွင့်၍ အိမ်တွင်းသို့ဝင်ခဲ့သည်။မကြာမတင်မမျှော်လင့်ဘဲမိုးက သည်းထန်စွာရွာချလိုက်ပါသည်။

မိုးကတော်တော်နှင့် မတိတ်၊မေသူထက်အနေနှင့်လည်း သည်မိုးရေထဲတွင်ပြန်လာလိမ့်အုံးမည်မဟုတ်၊တင်နိုင်ဝင်းကအိမ်ခန်းတွင်းသို့ဝင်၍ **အဝတ်အစား**များကိုလဲဝတ်နေလိုက်သည်။ ထိုအချိန်မှာပင်မေသူထက်ပြန်ရောက်လာသည်။သူမတွင် မိုးကိုကာကွယ်ရန် တစ်စုံတစ်ရာမျှမပါလေခဲ့၊ မိုးထဲရေထဲမှာပင်တစ်ကိုယ်လုံး စိုရွှဲရွဲနှင့်ပြန်ရောက်လာခဲ့ခြင်းပင်ဖြစ်ပါလေ၏။ တင်နိုင်ဝင်းပြန်ရောက်နေသည်ကိုတွေ့တော့မေသူထက်ပင် အံ့အားသင့်သွားသည်။

"မိုးရွာကြီးထဲ. . . ဘာလို့တစ်ယောက်ထဲပြန်လာခဲ့ရတာလဲ ထက်ထက်ရယ်၊အအေးမိပြီးဖျားနေမှဖြင့်၊မိုးတိတ်မှပဲ ပြန်ခဲ့ရောပေါ့"

မေသူထက်ကမျက်နှာပေါ်မှမိုးရေစက်များကို လက်ဖြင့်သပ်၍ခါထုတ်နေခိုက် စိုးရိမ်ကြီးစွာဖြင့် တင်နိုင်ဝင်းကပြော



www.burmeseclassic.com

www.burmeseclassic.com


လိုက်၏။

'အို... မိုးက ဘယ်တော့မှတိတ်မှန်းမှမသိတာ နောက်ပြီး မောင်ပြန်ရောက်လို့ထက်ကိုမတွေ့ရင်စိုးရိမ်နေမှာစိုးလို့..."

'အော်.. ထက်.. ရယ်'

တင်နိုင်ဝင်းက ဒါပဲပြောပြီး အိပ်ခန်းတွင်းမှဟဘက်ပွပွကြီးကို ယူပေးရန် ဟန်ပြင်ပြီးမှတစ်ကိုယ်လုံး ရွှဲရွှဲစိုနေသောဇနီးဖြစ်သူကို ပြန်ကြည့်လိုက်မိသည်။ မိုးရေများကြောင့် မေသူထက်အဝတ်အစားများက သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးကို ကပ်ကပ်ယပ်ယပ်နှင့်ရုပ်လုံးဖော်ထားဘိသကဲ့သို့ရှိနေသည်။ ပန်းပုဆရာတစ်ဦးထုလုပ်ထားသော သူယောင်မယ်၏အလှမျိုးပါတကား။

မေသူထက်၏ငါးရံ့ကိုယ်လုံးလေးကိုကြည့်၍ ပင့်သက်တစ်ချက်ရှိုက်လိုက်မိပါလေ၏။ အိမ်ထောင်သည်တစ်ဦး၏ ယို့ယွင်းနေသည့်အနေအထားမျိုးမဟုတ်၊ပကတိနုပျိုသစ်လွင်နေဆဲပါတကား။

"ရေချိုးခန်းမှာရေထပ်ချိုးပြီးမှ အဝတ်အစားလဲလိုက်လေ၊ ထက်သောက်ဖို့မောင်ကော်ဖီပူပူလေးတစ်ခွက်ဖျော်ထားလိုက်မယ်နော်..."

မိမိ၏ဇနီး၏အလှဝယ် နစ်မြောနေရာမှ သတိရဟန်ဖြင့် တင်နိုင်ဝင်းကပြောလိုက်သည်။ မေသူထက်က တင်နိုင်ဝင်းအား ပြုံးစစမျက်နှာထားဖြင့်ကြည့်ရင်း ခေါင်းလေးကို မသိမသာညိတ်ပြလိုက်ပါလေ၏။ တင်နိုင်ဝင်းကော်ဖီဖျော်နေချိန်ဝယ်မေသူထက်၏ရေချိုးခန်းတွင်းမှ ရေချိုးနေသံကိုကြားလိုက်ရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃)

နောက်တစ်နေ့တွင် မေသူထက်မိုးမိရာမှ အအေးပတ်၍ဖျားတော့သည်။ တင်နိုင်ဝင်းကအိမ်သုံးဆေးသေတ္တာမှ အဖျားဖြတ်ဆေးကိုယူ၍ မေသူထက်ကိုတိုက်သည်။

'မောင်. . . အလုပ်သွားလို့ဖြစ်ပါ့မလားထက်၊မဖြစ်ရင်ကုမ္ပဏီကိုမောင်ခွင့်တောင်းပြီးပြန်လာမယ်လေ၊တော်ကြာထက်တစ်ယောက်တည်းအားငယ်နေမှာစိုးရတယ်. .'

ထက်. . . နေရထိုင်ရတာဒီလောက်ကြီးမဆိုးပါဘူးမောင်ရယ်၊ဆေးသောက်ထားတာပဲ၊တော်ကြာဆိုပျောက်သွားမှာပါ၊ကုမ္ပဏီလုပ်ငန်းဆိုတော့မောင်ခွင့်ယူတာကိုသူတို့က ကြိုက်ချင်မှကြိုက်မှာ. . ."

မေသူထက်စကားကြောင့်တင်နိုင်ဝင်း၏စိုးရိမ်စိတ်တွေလျော့ကျသွားရတော့သည်။ ကုမ္ပဏီရောက်လို့လုပ်ငန်းဝင်သည့်တိုင်သူ့စိတ်အစဉ်က ဖျားနေသည့်မေသူထက်ထံသာ ရောက်နေသည်။ ထိုစဉ်မှာ ပင်မမျှော်လင့်သောတာဝန်ပေးမှုကို ရလိုက်ရတော့သည်။ ကုမ္ပဏီ၏ဆောက်လုပ်ဆဲအဆောက်အဦးအတွက်လိုအပ်နေသော ဘိလပ်မြေများကိုတင်နိုင်ဝင်းကိုယ်တိုင်ဦးစီး၍သွားရောက်သယ်ဆောင်ရမည့်တဲ့လေ။

ထိုတာဝန်ပေးမှုကြောင့်တင်နိုင်ဝင်းဦးနှောက်စားသွားရတော့သည်။အိမ်မှာကလူမမာဖျားနေသည့်တစ်ယောက်တည်းရယ်၊ကုမ္ပဏီ၏တာဝန်ပေးမှုကလည်းရှောင်လွှဲ၍မ


www.burmeseclassic.com

www.burmeseclassic.com



ရစကောင်း၊နောက်ဆုံးတွင် ကုမ္ပဏီမှသူ့လက်အောက်အလုပ်သမားတစ်ယောက်၏ဇနီးဖြစ်သူကို အကူအညီတောင်း၍မေသူထက်အားပြုစုစောင့်ရှောက်ရန်တာဝန်ပေးခဲ့ရတော့သည်။ တင်နိုင်ဝင်းဘဝဝယ်အခါခပ်သိမ်းအဆင်ပြေခဲ့ချည်းသည်သာ၊သည်တစ်ခါတော့မဟုတ်ပါလေတော့၊ပစ္စည်းသယ်သူရာတွင် အဆင်မပြေသဖြင့်ဌင်းမြို့မှာပင်နှစ်ညအိပ်ခဲ့ရသည်။မိမိနယ်စပ်မြို့ရောက်တော့လည်းချက်ချင်းအိမ်ပြန်၍မဖြစ်၊ပစ္စည်းနှင့်စာရင်းသေချာစွာအပ်ပြီးလေမှအိမ်ပြန်ခဲ့ရသည်။သူပစ္စည်းများအပ်ချိန်တွင် ကုမ္ပဏီမှ လူများ၏တစေ့တစောင်းကြည့်ရှုခြင်းကိုခံခဲ့ရသည်မို့ စိတ်ထဲတွင်မကျေမနပ်ဖြစ်ခဲ့ရသေးသည်။သို့တမင်ခြားသူတို့ဘာတွေ၏အကြည့်ကတစ်ခုခုတော့ထူးခြားနေသလိုပင်။

အိမ်သို့ တင်နိုင်ဝင်းအမောတကောပင်ပြန်ခဲ့ရသည်။သူ့အိမ်တွင်ကုမ္ပဏီမှလူအချို့တွေ့လိုက်ရသဖြင့် သူမရှိစဉ်ကာလအတွင်းလုပ်ဖော်ကိုင်ဖက်များ၏ကူညီစောင့်ရှောက်မှုပေပဲဟုစိတ်သက်သာရာရသွားသည်။သူမရှိခိုက်ဇနီးဖြစ်သူမေသူထက်အနီးတွင်စောင့်ရှောက်မည့်သူတွေအများသားရယ်ပေါ့။

သို့စဉ်တိုင်. . .

တင်နိုင်ဝင်းအလာကောင်းသော်လည်းအခါနှောင်းခဲ့ချပြီတည်း၊မေသူထက်သူ့ကိုပင်မစောင့်တော့၊မိုးမိအအေးပတ်၍ဖျားရာမှ နမိုးနီးယားဝင်ကာလူ့လောကနှင့်အတူ သူ့ကိုပါ စွန့်ခွာသွားပြီတဲ့လေ၊တည်ဆောက်ပြီးသူ၏



www.burmeseclassic.com

www.burmeseclassic.com



၏အိမ်ထောင်သက်ကလေးတစ်နှစ်ပြည့်လုဆဲဆဲမှာပင် ပြိုကွဲပျက်စီးရချေပြီ ကောား၊တင်နိုင်ဝင်းမှာ ဖရှူကြီးပမာဖြစ်၍ကျန်ရစ်ခဲ့ရတော့သည်။

ကုမ္ပဏီမှလူကြီးများက မေသူထက်အခြေအနေမကောင်း၍ဖုံးဆက်အကြောင်းကြားခဲ့ရာတွင်လည်းနယ်စပ်မြို့ဖြစ်သဖြင့်ဖုံးကွန်ကက်မရဘဲဖြစ်ခဲ့ရသည်ဟုဆိုသည်။ ရှိသည့်ဆရာဝန်နှင့်ကုသခဲ့ကြသော်လည်းအခြေအနေကလွန်နေပြီဖြစ်သဖြင့်အားလုံးကစိတ်မချမ်းမသာဖြစ်ကြရသည်မှတစ်ပါး အခြားဘာမှမတတ်နိုင်ဘဲဖြစ်ခဲ့ကြရသည်ဟုမသက်မသာပြောခဲ့ကြသည်။

နောက်ဆုံးတွင်ချစ်သူသက်ထား ဇနီးမယားမေသူထက်အားနယ်စပ်မြို့လေး၏သုသာန်တစ်စပြင်ဝယ်ရင်နှင့်ဖွယ်ဖြင့် အုတ်ဂူသွင်း၍သဂြိုလ်ခြင်းအမှုကိုပြုလုပ်ခဲ့ရလေတော့သည်။ တစ်ခုတော့ရှိသည်။တစ်ကျောင်းတစ်ဂါထာ တစ်တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ထိုနယ်စပ်မြို့လေး၏စရိုက်ပင်ဖြစ်ရလေ၏။ထိုအရပ်ထိုဒေသတွင် သေဆုံးသူများအားအုတ်ဂူသွင်းသဂြိုလ်ခြင်းပြုကြသည့်အခါဝယ် ထိုပုဂ္ဂိုလ်သက်ရှိထင်ရှားရှိစဉ်ကကောင်းမှုအဝဝပြုခဲ့သမျှကို အုတ်ဂူတွင်ကဗျည်းထိုး မှတ်တမ်းတင်ကြစမြဲတင်နိုင်ဝင်းအနေဖြင့်သူများနည်းတူဇနီး၊မေသူထက်အတွက်အခြားတစ်စုံတစ်ရာမျှရေးသားဖော်ကျူးခြင်းအမှုကို မပြုလုပ်ပါလေခဲ့၊ သူ့ရင်တွင်းခံစားချက်များကိုသာမေသူထက်၏အုတ်ဂူတွင်ကဗျည်းထိုးရေးသားထားလိုက်ပါလေ၏။

www.burmeseclassic.com



မေသူထက်၏အုတ်ဂူ
ထက်တွင်ထင်ထင်ရှားရှားရေးသား
ဖော်ကျူးထားသည်က. . .

'သစ္စာခိုင်မြဲမေတ္တာပြိုင်ဆဲ
ရွှေလည်တွဲလျက်၊ပေါင်းဖက်မကြုံ
ဤလူ့ဘုံမှရေစက်ကုန်၍သေဆုံး
ရသည်။ ဘဝတစ်သက်တာ၊မမေ့စ
တမ်း. . .'ဟူ၍ပင်ဖြစ်ပါသတည်း။

အခန်း(၄)

ယခင်အရက်မသောက်
တတ်သည့် တင်နိုင်ပင်း၊ချစ်ဇနီးမေ
သူထက်သေဆုံးသည့်နောက်စိတ်
ပြေလက်ပျောက်အရက်သောက်
ဖြစ်ခဲ့ရပါတော့သည်။ မေသူထက်
ကိုသတိရတမ်းတ၊လွမ်းဆွတ်နေခြင်း
မှ စိတ်သက်သာရာရလေမလား
ဟူသော အတွေးစိတ်ဖြင့် အရက်
ကိုအဖော်လုပ်ခဲ့မိခြင်းသာဖြစ်ပါ
၏။

သည်ညနေအရက်ဆို
အပြန်အိမ်ကိုမဝင်တော့၊
ရောက်လျှင်သူ၏အထီးကျန်
ကဇနီးသည်ကိုပို၍ပို၍အောက်
တမ်းတမိသည်သာ ဖြစ်နေမည်
ဟုတ်ပါလား၊တင်နိုင်ဝင်းသည်
အရက်ကိုပို၍ အစာအိမ်တွင်း
လောင်းသွင်းမိခဲ့သည်။အရက်
ဝေဝေအရှိန်လေးကမတွေ့ရ မ
ရသည်မှာ နှစ်လကျော်ပြီဖြစ်
မေသူထက်၏အုတ်ဂူရှိရာသု
တစ်စပြင်သို့ခပ်ထွေထွေဖြင့်ရော
လာခဲ့သည်။ သုသာန်သချိုင်း
သည်ကလူသူအရောက်အပေါ
နည်းပါးသောအရပ်ရယ်လေ
နိုင်ဝင်းတစ်ယောက် သ
အရက်မူးမူးဖြင့်စိတ်ဆူးပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ခြင်းမျှသာ။

မေသူထက်၏အုတ်ဂူထက်တွင် သစ်ရွက်ကြွေတို့ကပလူပျံနေသည်။ နှစ်လတာကာလအတွင်းပြောင်းလဲခြင်းမရှိသော်လည်း အမိုးအကာမဲ့ဖြစ်နေသော အုတ်ဂူတိုင်းမှာ သစ်ရွက်အမှိုက်သရိုက်တွေ အပြည့် နှင့် သာဖြစ်သည်။ ကင်နိုင်ဝင်းကအခြားအုတ်ဂူများရှိရာဘေးဘီသို့ရီဝေနေသောမျက်လုံးများဖြင့်ဝေ့ကစားကြည့်လိုက်၏။ အုတ်ဂူတစ်ဂူ၏ ဘေးတွင် တံမြက်စည်းကိုယူ၍ ချစ်ဇနီးဖြစ်သူ၏အုတ်ဂူပေါ်ရှိသစ်ရွက်ခြောက်များအားကင်နိုင်ဝင်းကဖယ်ရှားသုတ်သင်၍ရှင်းလင်းပစ်လိုက်၏။ မေသူထက်အုတ်ဂူနှင့်ပတ်ဝန်းကျင်အားသန့်ရှင်းရေးပြုလုပ်ပြီးသောအခါ နေမင်း၏လင်းရောင်ခြည်ဖျော့ဖျော့ကပြိုလုလုဆဲအချိန်ပင်ရောက်နေချေပြီတည်း။

ယမကာ၏ အရှိန်နှင့် သန့်ရှင်းရေးလုပ်ခဲ့ရသည့် လျှပ်ရှားမှုတို့ ပေါင်းစပ်သွားသောအခါ မောဟိုက်စွမ်းနယ်မှုများဖြစ်ပေါ်လာသည်။ သည်တွင်ပင် မေသူထက် ၏ အုတ်ဂူအနီးမှ ထွက်ခွာလာခဲ့ ပြီးနောက် ကျယ်ပြန့်သော အုတ်ဂူတစ်ခု၏မျက်နှာပြင်ပေါ်တွင် ပက်လက်လှန်ရင်း အနားယူလိုက်မိလေတော့သည်။ မှေးကနဲ အိပ်ပျော်သွားသည်။

အိပ်မက်ထဲမှာ သူလှဲလျောင်းရာအုတ်ဂူကသိမ့်ကနဲတုန်လှုပ်သွားခြင်းကို ခံစားလိုက်ရသည်။မြေငလျင်ပင်လှုပ်လိုက်လေသလား၊ထိုအတွေးကြောင့် အုတ်ဂူပေါ်မှ အလန့်တကြားခုန်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။မြေပြင်ပေါ်ခြချမိသည်နှင့်သူလဲလျောင်းခဲ့သောအုတ်ဂူမှဖွားကနဲဖုန်မှုန့်တွေနှင့်အတူ ပွင့်ကွက်လာတော့သည်။တင်နိုင်ဝင်းရှဝ်တရက်ထိတ်လန့်သွားရင်းကြက်သေ၊သေသွားသည်။ သူမှင်သက်မိ၍ကြောင်ကြည့်နေစဉ်မှာပင် အုတ်ဂူပွင့်ထွက်ရာအပေါက်မှ အရိုးစုတစ်စုထွက်လာတော့သည်။ သို့စဉ်တိုင်အရိုးစုက သူ့အားစိုးစဉ်းမျှသတိမထားသည့်ဟန်ပင်ဖြစ်ပါလေ၏။ ဂူပေါက်မှထွက်လာသောအရိုးစုကသူ့အုတ်ဂူတွင်ရေးထားသောလူ့ဘဝကကောင်းမှုအဝဝအား ချိုးကျိုးထောပနာပြုထားသည့်စာတန်းများကို ကြည့်၍ပြုတ်မကျသွားသေးသောသွားများပေါ် အောင်ထဟားဟားရယ်မောနေသေးတော့သည်။ အရိုးစု၏ရယ်သံကသူ့ကအားခြိမ်းခြောက်နေဘိသကဲ့သို့ပင်ရှိသည်။ တင်နိုင်ဝင်းမည်သို့မျှမလှုပ်ရှားမီ အရိုးစုက အနီးရှိကျောက်စွန်းကျောက်တတ်တစ်ခုကိုယူ၍အုတ်ဂူတွင်ရေးသားထားသောကောင်းမှုစာတန်းများကိုတဟားဟားရယ်မောရင်းဖျက်ဆီးလိုက်လေတော့သည်။

၎င်းနောက် ဖျက်စီးသွားသောစာတန်းများနေရာတွင်အသစ်တဖန်ကဗျည်းစာတန်းများကိုပြန်လည်ရေးသားနေပြန်သည်။ ထိုစာတန်းများက မူလရေးထားသော စာတန်းအဓိပ္ပါယ်နှင့်ဆန့်ကျင် လျှက်၎င်းသက်ရှိ ထင်ရှားရှိစဉ်က မမှန်မကန်ယုတ်မာမှုပြုလုပ်ခဲ့သည့် အဖြစ်မှန်များကိုပြန်လည် ဖော်ထုတ်ရေးသားနေသောကောင်းမှုစာတန်းများသာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေပါတော့သည်။ တင်နိုင်ဝင်း ကြောင်ကြည့်နေစဉ်မှာ ပင်သုသာန် မြေစပြင်တစ်ခုလုံးရှိ အုတ်ဂူများမှ အရိုးစုများထွက်လာပြီး တဟား ဟားရယ်မောကြလျှက်သူတို့အုတ်ဂူ ရှိ စာတန်းများကို အမှန်အတိုင်း ပြန်လည်ပြုပြင်ရေးသားနေခဲ့ကြ သည်မှာ သုသာန်တစ်ခုလုံးအုတ် အော်သောင်းနင်းပွတ်ပွက်ညံလျှက် ရှိနေတော့သည်။ အရိုးစုများ ပြန် လည်ရေးသားနေကြသမျှမှာလည်း မကောင်းမှုဟန်ဆောင်နေကြခြင်းကို တမလွန်ဘဝရောက်မှဖော်ထုတ်ပြ နေကြသည့်နှယ်သာတည်း။

ထူးခြားဆန်းကြယ်သော အဖြစ်ကြောင့် ကြောက်လန့်စိတ် တက်လျှို့ဝှက်နက်နဲမှု၏အနိဋ္ဌာရုံ ကိုမမှိတ်မသုံကြည့်နေမိသည်။ သူ့ဇနီးမေသူထက်သည်ပင်၊ တမ လွန်ဘဝမှအမှန်တရားများကိုဖော် ထုတ်ရေးသားနေချေပြီလား၊ ထိုအ ဖြေကို တင်နိုင်ဝင်းသိချင်လာသည်။ ထို အတွေးကြောင့်ပင်မေသူ ထက်၏အုတ်ဂူရှိရာသို့ မပြေးရုံတ မယ်သွားကြည့်ခဲ့မိပါလေ၏။ မေသူထက်အုတ်ဂူကိုလည်း အရိုး စုတစ်ခုက တဟားဟားရယ်မော လျှက်ယခင်ရေးထားသောစာတန်း များကိုဖျက်ဆီးနေချေသည်ပဲ။

ထိုအရိုးစုမှာ မေသူထက် ၏အရိုးစုမှန်းတင်နိုင်ဝင်းကောင်း ကောင်းသိလိုက်ပါသည်။ အဘယ့် ကြောင့်ဆိုမူမေသူထက်အလောင်း အားပြုပြင်၍ ခေါင်းသွင်းစဉ် ကာလက သူကိုယ်တိုင်လည်း စီးပုဝါနီနီလေးကို ပတ်ပေးခဲ့သည် လေ၊ယခုထိုအရိုးစု၏ လည်တိုင်၌ ပုဝါစနီနီလေးနှင့်ပါတကား၊ အရိုးစု



www.burmeseclassic.com

www.burmeseclassic.com

၏လှုပ်ရှားမှုမြို့အပြင်တစပြင်မှီ တဖြုးဖြုးတိုက်ခက်နေသော လေပြေလေးကြောင့် အရိုးစု၏လည် တိုင်မှပုဝါနီနီလေးမှာ လရောင်အောက်တွင် တလွင့်လွင့်. . .

မေသူတော် သို့တည်းမဟုတ် တမလွန်ဘဝရောက်အရိုးစုကသူ၏သက်ရှိဘဝကအဖြစ်သနစ်မှန်များကို အိပ်မက်ဆန်ဆန်ပြန်လည်ရေးသားနေပြန်သည်။ မေသူထက်ပြန်လည်ရေးသားသမျှကို တင်နိုင်ဝင်းက လပြည့်ည၏အလင်းရောင်အောက်မှာပင် သိချင်ဇောဖြင့်ဖတ်ကြည့်လိုက်လေတော့သည်။ သူ့နှုတ်မှလည်း လေသံသဲ့သဲ့ဖြင့် ရွတ်ဆိုနေပြန်သည်။

"ခင်ပွန်းယောကျ်ားရှိ သော်ြငြားလည်း၊ဖောက်ပြားစိတ်ဝင်၊ မဆင်ခြင်ဘဲ၊လင်ငယ်နှင့်တွေ့၊ ကြည်ပျော်မွေ့စဉ်၊ အဖျားဝင်၍ သေခဲ့သည်. . . တဲ့လေ။"

ဝန်ခံချက်

wasit Dream ?

by guy De Maupassant

ကိုမှီး၍ ဇာတ်အိမ်တည်ဆောက်ပါသည်။

သိန်းသန်းအောင်

(မြင်းခြံ)


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


## ‘ ပါးဖြူတောင်မှ ယက္ခမင်းထင် ’

ရဲသော့ကြီး ရွှေထီး

ကျွန်ုပ်သည် တစ်ကိုယ်ရေ တစ်ကာယသမားဖြစ်သည်နှင့် အညီ မြန်မာပြည်အရပ်ရပ်သို့ ခရီးလှည့်လည်လျက်ရှိ၏။

ခရီး လှည့်လည်ခြင်း၌ ကျွန်ုပ်သည် ပျော်မွေ့လျက်ရှိ၏ . . ခရီးလှည့်လည်ခြင်းသည် အတွေးသစ် အမြင်သစ် စိတ်ကူးသစ် အတွေ့အကြုံသစ်တို့ကို ရရှိစေသည်ဟု . . တချို့က ဆိုကြ၏။

တချို့ကမူ ခရီးလှည့်လည်ခြင်းသည် လူတစ်ယောက်၏ အမြင်ကို လွန်စွာ ကျယ်ဝန်းစေသည်ဟု ဆိုပြန်၏။

စင်စစ် သတ္တဝါကိုင်း သတ္တဝါတိုင်း တို့သည် သံသရာ ခရီးသည် ဖြစ်ကြသည် . သံသရာတွင် ... ကိုယ် အမျိုးမျိုး ဘဝအ... ခရီးလှည့်လည်နေကြရ ညီညီညာညာ

လူ့ဘဝ ရောက်နေကြပုံမှာ ကိုယ်ဖြင့် လူ့ဘဝခရီး ကောင်းလှပြီး ရ၏။ နတ်ဘဝရောက်လည်း ဤအကြိမ် ကိုယ်ဖြင့် နတ်ဘုံးအကြိမ် မြင်ဖူးခြင်း ရ၏။ ... သည်။

ပြိတ္တာဘဝများသည် အတန်ကြာမျှ ခန္ဓာကိုယ်ဖြင့် တော့ကြပြီးနောက် . . လည်ရ၏။ ... ပေါ်မှ တရွေ့ရွေ့ ပြန်

ကျွန်ုပ်က်ခွာသွားကြပြီး တောတွင်း - နတ် - ရောက် ပျောက်ကွယ်သွားကြ - အသူ ... ၏။

ခရီးတို့၌မြွေကြီးများသည် ကျွန်ုပ်ကို မြင် ... လည်း တစ်စုံတစ်ရာ အန္တရာယ် ကျရောက်ခြင်းမရှိကြပေ . . သူတို့ ဘုရား ဖူး ရှိခိုးကန်တော့ပြီးသော အခါတွင်မှ ကျွန်ုပ်မှာ ဘုရားရှိခိုး ကန်တော့ရ လေ၏ . . .

ထိုညတွင်ပင် ကျွန်ုပ်သည် ... ဆန်းသော အိပ်မက်တစ်ခုကို မြင်မက်မိလေ၏။

အိပ်မက်ထဲ၌ ဘုရားဖူးနေသော မြွေကြီးများကို မြင်ရပြီး ကျွန်ုပ်ကြည့်

ပြီ ဟု အား မှာပင်

www.burmeseclassic.com

www.burmeseclassic.com



သင်ကြား ခံယူမှု ခရီးလည်း
၅။ . .
ာမူ ကျွန်ုပ်၏ ခရီးစဉ်ကို
ခေါ်ကြ၏။
ျွန်ုပ်၏ ခရီးစဉ်အား
ခါ်ကြလျှင် ကျွန်ုပ်
းသည် " ဖြစ်နေ
သာ ပညာရပ်
ာ်ားဆည်းပူး
သည် " တစ်
. စင်စစ်
ာမျိုးပင်
ာ်၍ . .
အဖြစ်
ာ်၍ရ
၅

မြို့ကြီးပြကြီးများပေါ်ရှိ ဘုရား
ပုထိုး စေတီများကို ဖူးမြော်ရာတွင်
ဘုရားဖူး လာကြသော လူများကို
တွေ့ရသကဲ့သို့ တောထဲတောင်ထဲရှိ
ဘုရား ပုထိုး စေတီများကို ဖူးမြော်
ရာ၌လည်း တောထဲတောင်ရှိ . .
တိရစ္ဆာန်များ တောစောင့်နတ် . .
တောင်စောင့်နတ်များ . . ဘုမ္မစိုး . .
ရုက္ခစိုးများ . . ဥစ္စာကို စောင့်ရှောက်
နေကြရသော ပုဂ္ဂိုလ်များ . . ရသေ့
ရဟန်း သူတော်စင်ကြီးများကိုလည်း
တွေ့ရတတ်လေ၏။

သူတို့သည် သူတို့ဘာသာ သူတို့
ဘုရားလာဖူးကြသလို ကျွန်ုပ်သည်
လည်း ကျွန်ုပ်ဘာသာ ကျွန်ုပ် ဘုရား
ဖူးမိလေ၏။ သူတို့နှင့် ကျွန်ုပ်သည်
ဘုရားဖူး ခရီးသည်ချင်းတူကြလေ၏။

တစ်ကြိမ်က . . ကျွန်ုပ်သည်
လွန်စွာ နက်သော တောတွင်း၌
ဘည်ရှိနေသည်။ ဘုရားတစ်ဆူသို့
သွားရောက် ဖူးမြော်မိလေရာ ကျွန်ုပ်
ကဲ့သို့ပင် ထိုဘုရားအား လာရောက်
ဖူးမြော်ကြသော မြွေကြီးများကို . .
ရလေ၏။

မြွေကြီးများမှာ ဇပါးအုံး စပါး
မြွေကြီးများကဲ့သို့ ကြီးမားသော

www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးများဖြစ်ကြပြီး မြွေကောင်ရေပေါင်း နှစ်ဆယ်ကျော် ကျော်ခန့်ရှိမည်ဟု ထင်ရလေ၏။

ထိုမြွေကြီးမားပြီး ထိုမြွေများပြားလှသော မြွေကြီးများသည် ဘုရားရင်ပြင်တော် ပေါ်တွင် တလူးလူး တလွန့်လွန့်ဖြင့် သွားလာနေကြပုံမှာ လွန်စွာ အသည်း ထိတ်စရာပင် ကောင်းလှပေ၏။

ပထမတွင် ကျွန်ုပ်သည် ထိုမြွေကြီးများအား ဘုရားဖူးလာရောက်ကြသော မြွေကြီးများဟု မထင်မိပေ။

ဤဘုရားအနီးတောတွင်း တစ်နေရာရာတွင် မြွေသိုက်ကြီး တစ်ခုခုရှိနေပြီး ထိုမြွေသိုက်များမှ မြွေကြီးများသည် တောထဲတွင် သွားရင်းလာရင်း ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်ရှိလာခြင်းပင် ဖြစ်မည်ဟု ထင်မိလေ၏။

ကျွန်ုပ်သည် မြွေကြီးများအား ခပ်လှမ်းလှမ်းမှ ကြည့်နေမိစဉ်မှာပင် မြွေကြီးများသည် ဘုရားဘက်သို့ ဦးခေါင်းပြုကာရှိခိုးကန်တော့သကဲ့သို့ ဦးခေါင်းကို ညိတ်ကာညိတ်ကာ ပြုနေကြလေ၏။

မြွေကြီးများ၏ ညီညီညာညာ ဘုရား ရှိခိုး ကန်တော့နေကြပုံမှာ လွန်စွာ အံ့သြစရာ ကောင်းလှပြီး ကျွန်ုပ် ဘဝတွင်လည်း ဤအကြိမ်သည် ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်းပင်ဖြစ်ပေတော့သည်။

မြွေကြီးများသည် အတန်ကြာမျှ ဤသို့ ကန်တော့ကြပြီးနောက် . . ရင်ပြင်တော်ပေါ်မှ တရွေ့ရွေ့ ပြန်လည်ထွက်ခွာသွားကြပြီး တောတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားကြလေတော့၏။

မြွေကြီးများသည် ကျွန်ုပ်ကို မြင်သော်လည်း တစ်စုံတစ်ရာ အန္တရာယ်ပြုခြင်းမရှိကြပေ . . သူတို့ ဘုရားရှိခိုးကန်တော့ပြီးသော အခါတွင်မှ ကျွန်ုပ်မှာ ဘုရားရှိခိုး ကန်တော့ရလေ၏ . . .

ထိုညတွင်ပင် ကျွန်ုပ်သည် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်မိလေ၏။

အိပ်မက်ထဲ၌ ဘုရားဖူးနေသော မြွေကြီးများကို မြင်ရပြီး ကျွန်ုပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေစဉ်မှာပင် မြွေကြီးများမှာ မျောမောလှပသော ယောက်ျားမိန်းမများနှင့် မိန်းမပျိုများ အဖြစ်သို့ ပြောင်းလဲသွားကြသည်ကို တွေ့ရလေ၏။

သူတို့ ဝတ်ဆင်ထားသော .. အဝတ်အစားများမှာ ရွှေချေတ်က နန်းဝတ်နန်းစားများ ဖြစ်ကြ၏ .. သူတို့သည် လူအသွင်ဖြင့် ဘုရားရှင်ပြင်ပေါ်၌ သွားလာကာ ဘုရားဝေယျာဝစ္စ များကို ပြုလုပ်ကြပြီးနောက် မြွေကြီးများအသွင်သို့ ပြန်လည်ပြောင်းလဲသွားကြလေသည်။

ကျွန်ုပ်သည် အိပ်ရာမှ နိုးသော် ထူးဆန်းသော ... မြွေကြီးများ အကြောင်းကို စဉ်းစားနေမိလေ၏။

ထိုကဲ့သို့ ကျွန်ုပ်သည် လူသူ မနီး တောတောင်များထဲရှိ ဘုရားများတွင် အဓိဋ္ဌာန်ဝင်ရောက်သည့် အခါတိုင်း ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များနှင့် ကြုံတွေ့ရလောက်လေ့ရှိ၏။

တစ်ခြားသော လောကမှ .. ပုဂ္ဂိုလ်များသည် ကျွန်ုပ် ကဲ့သို့ပင် ဘုရားကို လာရောက်ဖူးမြော်ကြခြင်း ဖြစ်၏။ တစ်ခါတစ်ရံ ကျွန်ုပ်အနေဖြင့် သူတို့ကို မြင်ရသည့်အခါလည်း ရှိပြီး တစ်ခါတစ်ရံ၌လည်း သူတို့ကို မမြင်ရပြန်ချေ ...

သူတို့ကို မမြင်ရသော်လည်း သူတို့ အသံကို ကြားရသည့်အခါလည်းရှိလေ၏။

သူတို့၏ အရိပ်အငွေ့မျှကိုသာ တွေ့ရသည့် အခါလည်းရှိ၏ ... သူတို့နှင့် ကျွန်ုပ်တို့သည် လောကချင်းမတူသဖြင့် အသွင်သဏ္ဌာန်ချင်း နေထိုင် တည်ရှိနေကြပုံချင်းလည်း မတူကြပေ .. ခြားနားနေသော လောကသားများဖြစ်ကြ၏ ... သို့သော် ဘုရားဖူးကြသောအခါတွင်မူ သူတို့သည် ကျွန်ုပ်အား အနှောင့်အယှက်ပြုခြင်း ဟန့်တားခြင်းများ မရှိကြပေ ...

သို့တစေ တချို့ကမူ ထူးထူးခြားခြားပင် ကျွန်ုပ်အား အနှောင့်အယှက်ပြုခြင်း ၊ အတားအဆီးပြုခြင်းများ ပြုလုပ်တတ်ကြ၏။

ကျွန်ုပ်တို့ လူများထဲတွင် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ် သက်ဝင်ယုံကြည်ကြသူများ ရှိသကဲ့သို့ မယုံကြည် မကိုးကွယ် ကြသူများလည်း ရှိကြ၏။

ထို့အတူ တစ်ခြားသော ... လောကမှ ပုဂ္ဂိုလ်များထဲတွင်လည်း ရတနာ သုံးပါးနှင့် နီးစပ်သူများ

www.burmeseclassic.com

www.burmeseclassic.com


ရှိသကဲ့သို့ မနီးစပ်သူများလည်း ရှိကြပေသည်။

ကျွန်ုပ်တို့ လူသားများနှင့် ဘဝချင်း ခြားနေသော ထိုလောကသားများကို ကျွန်ုပ်သည် တောထဲတောင်ထဲ ခရီးလှည့်လည်ရင်း မကြာခဏဆိုသလိုပင် တွေ့ကြုံရတတ်လေ့ရှိပေသည်။

ယက္ခမင်းထင် သည် ကျွန်ုပ် တွေ့ကြုံခဲ့ရသော အခြားသော . . လောကတစ်ခုမှ မှုဂ္ဂိုလ်တစ်ဦးပင် ဖြစ်ပေသည်။

ကျွန်ုပ်နှင့် ယက္ခမင်းထင်သည်

. . . . .

. . . . .

. . . . .

+ + + + +

တစ်နေ့ . . .

ကျွန်ုပ်သည် ရွှေတိဂုံရင်ပြင်ပေါ်ရှိ ဝိဇ္ဇာတန်ဆောင်းကြီး အတွင်း၌ အဓိဋ္ဌာန်ဝင် ပုတီးစိပ်လျက်ရှိ၏။

ကျွန်ုပ် စိပ်နေသော ပုတီးစိပ်ကျင့်စဉ်မှာ . . ရက်ကန်းစင်တောင် ဆရာတော်ဘုရားကြီး၏ ပုတီးစိပ်ကျင့်စဉ်ဖြစ်၏။

ထိုပုတီးစိပ်ကျင့်စဉ်မှာ လေကို ရှူသွင်းလိုက်စဉ် မိမိခန္ဓာထဲသို့ ဝင်လာသောလေကို " အရဟံ " ဟု စိတ်ထဲမှ မှတ်ရ၏။

ထွက်လေကို ထုတ်လိုက်သောအခါ " ဗုဒ္ဓေါ " ဟု စိတ်ထဲက မှတ်ရပြီး ပုတီးတစ်လုံးကို ချရလေ၏။

ကျွန်ုပ်သည် နေ့စဉ် အချိန်မှန်မှန် ထိုပုတီးစိပ် ကျင့်စဉ်ကို တစ်နေ့လျှင် ၃၆ ပတ်တိတိ စိပ်လေ၏။ စိပ်သောနေရာမှာ ဝိဇ္ဇာတန်ဆောင်းကြီးအတွင်းမှာပင်ဖြစ်၏။

ထိုသို့ ပုတီးစိပ်နေစဉ် ၃၆ ရက်မြောက်သောနေ့၌ ကျွန်ုပ်၏ အာရုံထဲတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ပုံတော်ပေါ်လာလေ၏။

စင်စစ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသည် လုံးတင်တောင်ခေါ် ပေါင်းလောင်းတောင်ထိပ်၏ တောင်စွန်းပေါ်တွင် တည်ရှိ စမ္ပယ်တော်မူနေခြင်း ဖြစ်၏။

သို့သော် ကျွန်ုပ်၏အာရုံတွင် ဝယ် ပေါ်လာသော ကျိုက်ထီးရိုးစေတီတော်၏ တည်ရှိ စမ္ပယ်တော်မူနေပုံမှာ တစ်မူထူးခြားနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com


တောင်ထိပ်တစ်ခုပေါ်ရှိ ဖိုခ နောက်ဆိုင် ကျောက်တုံးသုံးတုံးပေါ်တွင် ကျောက်တုံးတစ်တုံးရှိ၏။

ထိုကျောက်တုံးပေါ်တွင်မှ စေတီတော်တည်ရှိနေခြင်းဖြစ်လေ၏။

ထို့ပြင် ထိုတောင်၏ တောင်ခြေတွင် ကျောက်လိုဏ်ဂူကြီးတစ်ခုနှင့် ရေကန်ကြီးတစ်ကန်ကိုလည်း ကျွန်ုပ်၏ အာရုံထဲတွင် မြင်နေရလေ၏။

ထူးဆန်းစွာ ပေါ်လာသော . . ထိုအာရုံကြောင့် ကျွန်ုပ်မှာ အံ့ဩသင့်သွားမိ၏။ ထိုအခိုက် ကျွန်ုပ်၏ နောက်ဖက်ဆီမှ တစ်စုံတစ်ယောက်၏အသံက ရုတ်တရက် ထွက်ပေါ်၍ လာသည်။

" အဲ့ဒီကို သွားပါ . . ရသေ့ကြီး အဲ့ဒီမှာ ရသေ့ကြီး ကျင့်ရဦးမယ် . . လမ်းကိုရွေးပြီးရင် ဆုံးအောင်လျှောက်ဖို့တော့ ကြိုးစားရလိမ့်မယ် . . ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တယ် . . . မကြိုးစားရင်တော့ ဘာမှမဖြစ်နိုင်ဘူး ရသေ့ကြီး . . .

အဲ့ဒီနေရာကို ရသေ့ကြီးသွားသာသွားပါ . . ရသေ့ကြီး လျှောက်နေတဲ့ ဂန္ဓာရီလမ်းဟာ သိဒ္ဓိ မဟုတ်ဒ္ဓိ လမ်းပဲ . . သာမာန်လမ်း မဟုတ်ဘူး ဒါ့ကြောင့် သာမာန်ကို အားထုတ်လို့ မရဘူး . . သာမာန်လို ကျင့်ကြံလို့ မရဘူး . . . "

ကျွန်ုပ်သည် နောက်ဖက်ဆီသို့ လှည့်ကြည့်လိုက်မိ၏။

နောက်ဖက်ဆီတွင်ထိုင်၍ ပုတီးစိပ်နေသော ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီးတစ်ဦးကို မြင်လိုက်ရ၏။

သို့သော် ထိုပုဂ္ဂိုလ်က ကျွန်ုပ်ကို ကြည့်နေခြင်း မရှိပေ . . မျက်လုံးအစုံကိုသာ မှိတ်၍ ပုတီးကိုသာ စိပ်နေလေသည်။

ကျွန်ုပ်၏ နောက်ဖက်ဆီမှ ထိုပုဂ္ဂိုလ်မှလွဲ၍ မည်သူမျှမရှိပေ . . ထူးဆန်းလှပေ၏။ အသံရှင်သည် ထို ဝတ်စုံဖြူနှင့် ပုဂ္ဂိုလ်မှ လွဲ၍ . . မည်သူမျှ မဖြစ်နိုင်ပေ . . .

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်အား . . သေသေချာချာ မှတ်သားထားလိုက်မိ၏။

စိတ်ထဲတွင်လည်း ထို ပုဂ္ဂိုလ်အား တစ်နေရာတွင် မြင်တွေ့ဖူးခဲ့သလိုထင်နေမိသည်။ ထိုပုဂ္ဂိုလ်အား မနော်အာရုံဖြင့် ဆက်သွယ်နေခြင်းပေလော . .

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့တွင် ကျွန်ုပ်သည် အာရုံထဲတွင် ပေါ်လာသည့်အတိုင်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ဆီသို့ ဘုရားဖူးရန်နှင့် တရားအားထုတ်ရန် ထွက်လာခဲ့ မိလေသည်။

ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးသည် တောတောင်များ အလယ်၌ အံ့ဩဖွယ်ရာ တည်ရှိနေသော စေတီတော်မြတ်ကြီးတစ်ဆူ ဖြစ်၏။

ပေါင်းလောင်း တောင်တန်းကြီးမှ တောင်ထွတ်တောင်စွယ်များသည် အစီအရီ ထိုးထွက်နေကြ၏။ ထိုတောင်ထွတ် တောင်စွယ်များထဲမှ တစ်ခုသော တောင်ထွတ်တောင်စွယ်ဖြစ်သည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး တည်ရှိနေခြင်းဖြစ်ပေသည်။

ထို တောင်ပေါ်တွင် . . . ကျောက်တောင်ကြီးတစ်ခု ရှိ၏ . . ထိုကျောက်တောင်ကြီးသည် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးဘက်သို့ သီးခြား ဦးထွက်နေ၏။ ထိုကျောက်တောင်ပေါ်ရှိ ရသေ့ဦးခေါင်းသဏ္ဍာန် ကျောက်တုံးကြီးတစ်တုံးက ချောက်ထဲသို့ ကျလုဆဲဆဲ . . မေးတင်ကာ တည်ရှိနေ၏ . . .

ထိုရသေ့ ဦးခေါင်းသဏ္ဍာန် . . ကျောက်တုံးကြီးထက်တွင်မူ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးက စမ္ပယ်လျက် ရှိနေလေသည်။

ဆံတော်ရှင်စေတီတော်၏ ဘွဲ့အမည်မှာ " ကျိုက်ဣသိ " ဟူ၍ ဖြစ်ပြီး "ရသေ့ဦးခေါင်းဖြင့် ရွက်သောဘုရား" ဟု အဓိပ္ပါယ်ရပေသည်။

ကျွန်ုပ်သည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ " အရဟံ ဗုဒ္ဓေါ " ဂါထာကိုရွတ်၍ ပုတီးစိပ်လေ၏။

ထိုသို့ ပုတီးစိပ်၍ ၃ ရက်မြောက်သောနေ့တွင် ကျွန်ုပ်၏ အာရုံထဲ၌ စာရသေ့ကြီးတစ်ပါး၏ ရုပ်ပုံက ပေါ်လာ၏။

ထို စာရသေ့ကြီးက ကျွန်ုပ်အား စေ့စေ့ကြည့်ကာ

" ရသေ့ကြီးရွှေထီး . . ရသေ့တောင်ကို အရင်သွားပါ . . ရသေ့ဝတ်ထားပုဂ္ဂိုလ်တွေဟာ ရသေ့တောင်ကို ဦးဆုံးသွားရောက်ပြီး ရသေ့သိဒ္ဓိတွေ တင်ရမယ် . . ရသေ့ အာရုံ ပြီးပြည့်စုံခြင်းရောက် ရသေ့တောင် ရသေ့ တောင်ကိုသွားပါ . . " ဟု မိန့်ကြား လေ၏ . . .

www.burmeseclassic.com

ထိုသို့ မိန့်ကြားပြီးနောက် ရသေ့ကြီးမှာ ကျွန်ုပ်၏ အာရုံအတွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် အာရုံထဲမှာ ရသေ့ကြီး၏ မိန့်ကြားချက်အတိုင်း ရသေ့တောင်ဘက်သို့ ထွက်ခွာခဲ့လေ၏။

ရသေ့တောင်သည် ကျိုက်ထီးရိုးတောင်၏ တောင်ဘက်တွင် တည်ရှိ၏။ ရှေးယခင်အခါက တိဿရသေ့ကြီး ကြွရောက် သီတင်းသုံးခဲ့သောတောင်ဖြစ်သဖြင့် ရသေ့တောင်ဟု အမည်တွင် နေခြင်းဖြစ်၏။

ရသေ့တောင်ပေါ်သို့ ရောက်သောအခါကျွန်ုပ်သည်ရသေ့တောင်စေတီကို ဖူးမြော် ရလေ၏ . . . ရှင်သီဝလီနှင့် ရှင်ဥပဥတ္တရဟန္တာ ကိုယ်တော်မြတ်ကြီး နှစ်ပါးလည်း ဖူးတွေ့ရ၏။ သူရဿတီမယ်တော် ပုံကိုလည်း တွေ့ရ၏။

ထိုတောင်ပေါ်ရှိ ကုဿသယ ရသေ့ကြီး၏ ပုံတော်ကို မြင်တွေ့လိုက်ရသောအခါ ကျွန်ုပ်မှာ လွန်စွာမှတင် အံ့သြသင့်သွား မိရလေတော့၏။

အကြောင်းမှာ . . ကျိုက်ထီးရိုး စေတီရင်ပြင်တော်၌ . . . ကျွန်ုပ် အဓိဋ္ဌာန်ဝင်နေစဉ် အာရုံတွင်း ပေါ်လာသော စာရသေ့ကြီးမှာ ယ[...] ကျွန်ုပ်တွေ့ နေရသော ကုဿသယ[...] ရသေ့ကြီး၏ ပုံတော်နှင့် တစ်ထေ[...] တည်း တူနေသောကြောင့်ပေတည်[...]

ကျွန်ုပ်သည် မြတ်စွာဘုရားနှ[...] ရဟန္တာကြီးနှစ်ပါးတို့ကို ကန်တော[...] ပြီးသောအခါ ကုဿသယ စာရသေ[...] ကြီးအား ကန်တော့မိလေ၏ . . [...] ထိုအခါ စိတ်ထဲတွင် တသိမ့်သိ[...] လှိုင်းများ ထသွားမိလေသည်။

ထို့နောက်တွင် ကျွန်ုပ်သည် . [...] ရသေ့တောင်ပေါ်၌အဓိဋ္ဌာန်ဝင်ေ[...] ၏။ အဓိဋ္ဌာန်ဝင်၍ခုနှစ်ရက်မြော[...] သော နေ့တွင် ရွှေတိဂုံစေတီတေ[...] မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ဝိ[...] တန်ဆောင်းကြီးအတွင်း၌ တွေ့ရှိ[...] ရသော ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိ[...] ကြီး၏အသွင်က ကျွန်ုပ်၏ အာ[...] အတွင်း၌ ပေါ်၍လာလေ၏။

ထို့နောက် ထိုပုဂ္ဂိုလ်ကြီးက . [...]

" ရသေ့ကြီးရွှေထီး . . ပေ[...] လောင်းတောင်တန်းတစ်လျှော[...] ကျိုက်ထီးရိုးကလေးစေတီတော်[...] ရှိတယ် . . ဆံတော်ရှင်ကျိုက်ထီး[...] စေတီတော်ကြီးအတိုင်း ကိုးကွ[...]



www.burmeseclassic.com

www.burmeseclassic.com


တည်ထားကြတဲ့ စေတီတော်ကလေး တွေပဲ . . အဲ့ဒီစေတီတော်ကလေး တွေမှာ လှည့်လည်ပြီး ကျင့်ကြံအား ထုတ်ပါ . .

ဒီနေရာ ဒီဒေသတွေဟာ ရသေ့ ကြီး အတိတ်ဘဝက ကျင်လည်ခဲ့ဖူး တဲ့ ဒေသတွေပါ။ ဒီဒေသမှာ ရသေ့ ကြီးနဲ့ ပဋ္ဌာန်းဆက်ရှိခဲ့ဖူးတဲ့ ပုဂ္ဂိုလ် တွေ ရှိခဲ့တယ် . . ရသေ့ကြီး ကျင့် ကြံအားထုတ်ပါ . . .

ရသေ့ကြီးရွှေထီး . . သင်ဟာ တိဿရသေ့ကြီးရဲ့ . . နောက်ဆုံး အဆက်အနွယ် ထဲက ရသေ့ကြီး တစ်ပါးပဲဆိုတာ ကိုယ့်ကိုကိုယ်သိရဲ့ လား . . .

အရင်ဘဝကို ဒီနေရာမှာ နေခဲ့ ဖူးလို့ အခု ဘဝမှာ ဒီနေရာကို ရောက်လာတာ . . အရင်ဘဝက ရသေ့ကြီးဖြစ်ခဲ့ဖူးလို့ အခုဘဝမှာ ရသေ့ကြီး ဖြစ်နေရတာ . .

အားလုံးဟာ အကြောင်းဆက် အကျိုးဆက် တွေချည်းပဲ . . . အကြောင်းဆက် အကျိုးဆက်က လွဲလို့ ဘာမျှမရှိဘူး . . ဗုဒ္ဓတရား အရ အဲ့ဒါကို ပဋိစ္စသမုပါဒ်လို့ ခေါ်တယ် . . .

အရင်ကဖြစ်ခဲ့လို့ အခုဖြစ်ရတာ အခုဖြစ်ရင် နောင်လည်းဖြစ်ရဦးမှာ ပဲ . . အခု မဖြစ်ရင် နောင်လည်း ဖြစ်စရာ မလိုတော့ဘူး ရသေ့ကြီး ဂန္ဓာရီခရီးဟာ နှစ်ခရီးရှိတယ် . . နှစ်လမ်းရှိတယ် . . . တစ်ခရီးက မဟိဒ္ဓိ သိဒ္ဓိခရီးဖြစ်တယ်. . တစ်ခရီး ကတော့ အမတခရီးဖြစ်တယ် . . .

ရသေ့ကြီးရွှေထီးကတော့ . . . မဟိဒ္ဓိသိဒ္ဓိခရီးကနေ အမတခရီးကို အရောက်လှမ်းမယ့် ပုဂ္ဂိုလ်ပေမဲ့ . . ” ဟု ဖော်ကြားလျက် ပျောက်ကွယ် သွားလေတော့၏။

* * * * *

မကြာမီ ကျွန်ုပ်သည် ပေါင်း လောင်းတောင်တန်းတစ်လျှောက်သို့ စတင်ခရီးထွက်ခဲ့လေတော့၏။

ပထမဦးစွာ . . . ကျွန်ုပ်သည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ကြီးမှ (၇) မိုင်ခန့် အကွာတွင် တည် ရှိသော မဲတန် ကျိုက်ထီးရိုးစေတီ တော် ကလေးသို့ သွားရောက် မိ လေ၏ . .

ထိုသို့သွားရာ၌ ဖမ်းခရီးတွင် ကွမ်းဆိပ်ရွာ ၊ ဆေးပြန်ရွာ ၊ ဒူးရင်း



www.burmeseclassic.com

www.burmeseclassic.com

မင်းရွာ လေးတောရွာတို့ကို ဖြတ်ကျော် သွားရလေ၏။

ထိုရွာများမှ လွန်လျှင် တောမှာ နက်လှကြီး လမ်းမှာ ကြမ်းလှပေ၏။

တောင်စွယ်တစ်ခု ပေါ်တွင် လိပ်ခုံးလို သဏ္ဌာန် ဆင်ခြေလျော ကျောက်ဖျာကြီး တစ်ခုရှိ၏ . . . ထိုကျောက်ဖျာကြီး၏ ထပ်ကျောက်လုံးတစ်လုံးရှိပြီး ထိုကျောက်လုံးကြီး၏ထိပ်တွင်စေတီတော်တစ်ဆူတည်ရှိလေ၏။

စေတီတော်မှာ .. ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးနှင့် သဏ္ဌာန်တူလှပေ၏ . . . ထိုစေတီတော်ကလေးမှာ မဲသန်ကျိုက်ထီးရိုး စေတီကလေးပင် ဖြစ်၏။ မဲသန်ကျိုက်ထီးရိုးစေတီမှာလွန်စွာထူးခြားလှသောစေတီ ဖြစ်၏။

ထိုစေတီတော်၌ ကျွန်ုပ်အမိဋ္ဌာန်ဝင်နေစဉ် တစ်ညဉ့် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်မိလေ၏။

အိပ်မက်ထဲ၌ မိုးကြီးလေကြီး ကျရောက်လျက်ရှိပြီး စေတီအနီးရှိ တောင်မန်ကျည်းပင်ကြီးတစ်ပင်မှာ အမြစ်မှ ကျွတ်ကာပြိုလဲကျလေ၏။

ထိုသို့ ပြိုလဲကျသွားစဉ် စေတီတည်ထားသော ကျောက်တုံးအား ထိမိသွား၍စေတီတော်မှာကျောက်ဖျာအောက်သို့ လျှောကျသွားလေ၏။

သို့သော်စေတီတော်မှာ နောက်တစ်ပတ်ခန့်ကြာသောအခါ ကျောက်တုံးထိပ် မူလနေရာတွင် ပြန်လည်တည်ရှိ စမ္ပယ်တော်မူ နေသည်ကို တွေ့ရှိရလေ၏။

ကျွန်ုပ်သည် .. ထို အိပ်မက် အကြောင်းအား ထို ရသေ့တောင်၌ သီတင်းသုံးလျက်ရှိသော ဆရာတော် ဦးစရဏအားလျှောက်ထားမေးမြန်း ကြည့်ရာ ဆရာတော်မှ ကျွန်ုပ်အား

" ဤကျိုက်ထီးရိုးကလေးစေတီတော်သည် လွန်ခဲ့သော နှစ်ပေါင်း အတန်ကြာက . . ယခု ရသေ့ကြီး ရွှေထီး၏ အိပ်မက်ထဲက အတိုင်း ဖြစ်ပျက်ခဲ့ဖူးကြောင်း" မိန့်ကြားလေသည်။

ကျွန်ုပ်မှာ အံ့သြနေမိလေ၏။

လွန်ခဲ့သော နှစ်ပေါင်း အတန်ကြာက ဤနေရာတွင် ဖြစ်ပျက်ခဲ့ ဖြစ်ရပ်တစ်ခုသည် . . . ကျွန်ုပ်၏ အိပ်မက်တွင်းသို့ အဘယ် ကဲ့သို့ ရောက်ရှိလာရလေသနည်း။

ကျွန်ုပ်သည် မဲသန်ကျိုက်ထီးရိုး ကလေး၏ ရင်ပြင်တော်ပေါ်၌ . .

www.burmeseclassic.com

www.burmeseclassic.com



အမိဌာန်ဝင်ပုတီးစိပ်လေ၏။တစ်နေ့ ကျွန်ုပ်ပုတီးစိပ်ပြီး၍ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်မိသောအခါကျွန်ုပ်၏ ရှေ့မှောက်၌ ငှက်ပျောသီးသုံးလုံးကို တွေ့လိုက်ရလေ၏။ ငှက်ပျောသီး သုံးလုံးမှာ ဝါဝင်း၍နေ၏။ ကျွန်ုပ် သည် ငှက်ပျောသီးသုံးလုံးအနက်မှ တစ်လုံးကို ယူ၍ စားလိုက်ပြီးနှစ်လုံး ကို လွယ်အိတ်ထဲထည့်ထားလိုက်၏။

ငှက်ပျောသီးမှာ မွှေးမြ သင်း ကြိုင်လှပြီး အရသာမှာလည်းထူးကဲ လှပေ၏။သာမာန်ငှက်ပျောသီးများ ၏ အရသာနှင့် လုံးဝမတူပေ . . .

ထူးဆန်းလှသည်မှာ . . . ထို ငှက်ပျောသီးတစ်လုံး စားပြီးနောက် ဆယ်ရက်တိတိ ဘာမှ မစားချင် တော့ပဲ အာဟာရပြည့်ဝနေခြင်းပင် ဖြစ်၏။

ထို ငှက်ပျောသီးများသည် . . တစ်စုံတစ်ရာ အတိုင်းအတာ အထိ အာဟာရသိဒ္ဓိပြီးစေသော ငှက်ပျော သီးများပင် ဖြစ်လိမ့်မည်ဟုထင်မိ၏။

သို့သော် ထိုငှက်ပျောသီးများကို မည်သူသည် ကျွန်ုပ်၏ ရှေ့မှောက်၌ လာရောက်ချသွားရလေသနည်း . . ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးပင်လော

သို့တည်းမဟုတ် ရသေ့တောင် ပေါ်မှ ကုဗ္ဗဏ္ဍာသယ စာရသေ့ကြီးပင် လော ကျွန်ုပ်မှာ မစဉ်းစားမိအောင် ပင် ဖြစ်နေရလေ၏။

- - - -

ကျွန်ုပ်သည် ရသေ့ တောင်၌ ရက်ပေါင်းသုံးဆယ်တိတိ အမိဌာန် ဝင်ရောက်ခဲ့ပြီးနောက် ပေါင်းလောင်း တောင်တန်းကြီး၏ တောင်စွယ်တစ်ခု ပေါ်တွင် တည်ရှိ စမွယ်တော်မူနေ သော ဝါးဖြူတောင် ကျိုက်ထီးရိုး စေတီကလေးသို့ထွက်ခွာလာခဲ့လေ သည်။

ထို ဝါးဖြူတောင် ကျိုက်ထီးရိုး စေတီကလေးသည် သိမ်ဇရပ်မြို့နှင့် ၁၀ မိုင်သာသာခန့် ကွာဝေး၏။

ဝါးဖြူ တောင်ထိပ်ပေါ်၌ . . . ကျောက်ဖျာကြီးတစ်ချပ်ရှိ၏။ ထို ကျောက်ဖျာပေါ်၌ လုံးလုံးရှည်ရှည် ထောင်နေသော ကျောက်တုံးကြီး တစ်လုံးရှိ၏။ ထိုကျောက်လုံးထိပ်၌ စေတီတော်တစ်ဆူကို တည်ထားခြင်း ဖြစ်၏။

ကျောက်တုံးကြီးမှာကျောက်ဖရုံ သီးကြီးသဏ္ဌာန်ရှိပြီး စေတီတော်မှာ

www.burmeseclassic.com


ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် မြတ်ကြီးနှင့် ပုံသဏ္ဍာန်တူ၏။

စေတီတော်အနီးရှိ ရင်ပြင်တော်ပေါ်တွင် လူတစ်ရပ်အမြင့်ရှိသော ကျောက်ပြားကြီး တစ်ချပ်သည် . . ထောင်လျက်အနေအထားဖြင့်ရှိနေသည်ကို တွေ့ရ၏။

ကျွန်ုပ်သည် ဝါးဖြူတောင်ပေါ်သို့ ရောက်ရှိသည့် ညမှာပင် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေ၏။

အိပ်မက်ထဲ၌ . . ဆရာတော်တစ်ပါးမှ ဦးဆောင်၍ စေတီတော်ရင်ပြင်ကျယ်ပြန့်သွားစေရန်အတွက် ထိုထောင်နေသောကျောက်ပြားကြီးအား တူးဖယ်ရန် ကြိုးစားနေကြသည်ကို တွေ့ရလေ၏။

လူတချို့သည် ကျောက်ပြားကြီးကို ဖယ်ရှားရန်သံတူရွင်းနှင့်ထောက်လိုက်သည်နှင့် တစ်ပြိုင်နက် စေတီတော်တည်ရှိသော ကျောက်တုံးကြီးမှာ လှုပ်ရှားလာလေတော့၏။

ထို့နောက် ကောင်းကင်တစ်ခုလုံး မှောင်မည်းလာပြီး လေနီကြမ်းများ တိုက်ခတ်လာ၏။ ထိုအခါ ဆရာတော်မှ ထောင်နေသော . . ကျောက်ပြား[illegible]အား ဖယ်ရှားခြင်းပြုနေသည့် အလုပ်အား ရပ်တန့်လိုက်ကြရန် မိန့်ကြားလိုက်သည်ကို တွေ့ရလေ၏။

ကျွန်ုပ်သည် . . . ထိုအိပ်မက်အကြောင်းအား ဝါးဖြူတောင်ပေါ်တွင် သီတင်းသုံးနေသော ဆရာတော် ဦးကောဝိဒအား လျှောက်ထား မေးမြန်းမိပြန်လေ၏။

ထိုအခါ ဆရာတော်မှ . . .

" ကျွန်ုပ်၏ ထို အိပ်မက်ထဲမှ အဖြစ်အပျက်များသည်လွန်ခဲ့သော နှစ် အတန်ကြာက ဤနေရာတွင် အမှန်တကယ် ဖြစ်ပွားခဲ့သော ဖြစ်ရပ်ဖြစ်ကြောင်း ပြောဆိုလေ၏။ ထိုကျောက်ပြားကြီးအား ဦးဆောင်ဖယ်ရှားခြင်းပြုရန် ကြိုးစားခဲ့သော ဆရာတော်မှာ ပုဗ္ဗလင် ကျေးရွာမှ ဆရာတော် ဦးစန္ဒိမာဖြစ်ကြောင်း ဆရာတော်ဦးကောဝိဒမှမိန့်လေ၏။

ဤနေရာ၌ နှစ်အတန်ကြာက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များသည် ကျွန်ုပ်၏ အိပ်မက်အတွင်းသို့ အဘယ်ကဲ့သို့ ဝင်ရောက်လာကြလေ သနည်း . . .

ကျွန်ုပ်သည်စိတ်ထင်ထိုတောင်ထိပ်ပေါ်မှ မမြင်ရသော လောက

www.burmeseclassic.com



သားများရှိနေကြသည်ဟု ထင်မိ၏။ ကျွန်ုပ်သည် ထိုလောကသားများကို မေတ္တာပို့ခြင်း အမျှဝေခြင်းတို့ ပြုလုပ်လေ၏ . . .

ဝါးဖြူ တောင်ပေါ်၌ ကျွန်ုပ် ဓိဋ္ဌာန်ဝင်၍ငါးရက်မြောက်သော နေ့တွင် ကျွန်ုပ်၏ အာရုံထဲ၌ . . သံလျက်ကိုဆွဲကိုင်ထားသော ဘီလူး တစ်ကောင်၏ ပုံသဏ္ဌာန်ပေါ်လာ လေ၏။

ထိုဘီလူးသည် သန်လျက်ကို လက်မှချကာ ကျွန်ုပ်၏ ရှေ့၌ . . ဒူးတုတ်ထိုင်ချလိုက်၏။ ထို့နောက် ကျွန်ုပ်အား . . .

" အသင်ရသေ့ကြီး ကျွန်ုပ်ဟာ မင်းထောင် ဖြစ်ပါတယ် . . ရသေ့ကြီး၏ ညီတော်ဖြစ်ခဲ့ဖူး ပါတယ် . . ရသေ့ကြီး ဤနေရာသို့ လာရောက် ကျင့်ကြံအားထုတ်လိမ့် မည်ကိုလည်း သိပါတယ် . . .

ရသေ့ကြီး ကျင့်ကြံအားထုတ် သော အခါ ညီတော်မှ ကူညီစောင့် ရှောက်ပါရစေ . . . " ဟု တောင်းခံ လာလေ၏။ ထိုအခါ ကျွန်ုပ်က . .

" ကောင်းပါပြီ . . ညီတော် သံသရာဟာ ရှည်လွန်းတဲ့အတွက် ကျွန်ုပ်သည်လည်း ညီတော့်လိုပင် ဘီလူးဘဝ ရောက်ခဲ့ရဖူးသည်ကို ယခုအခါ မေ့လျော့၍ နေမိလေပြီ ညီတော် စိတ်မဆိုးပါနှင့် . . .

ကျွန်ုပ်၏ ကောင်းမှုကုသိုလ်အဖို့ အစုစုတို့ကို ညီတော့်အား အမျှပေး ဝေပါတယ် . . ညီတော် သာဓု ခေါ်ပါလော့ . . . " ဟု ဆို လိုက်မိ လေရာ ကျွန်ုပ်၏ နားထဲတွင် "သာဓု . . သာဓု . . သာဓု" ဟူ၍ ရွတ်ဆိုလိုက်သံကြီးကို ပီပီသသ ကြားလိုက်ရလေ၏။

ခဏကြာသောအခါ . . ကျွန်ုပ် သည် မျက်လုံးအစုံကို ဖွင့်ကြည့် လိုက်မိလေ၏။

ထိုအခါ အရိပ်သဏ္ဌာန်တစ်ခု သည် ထောင်နေသောကျောက်ပြား ချပ်ကြီး၏ နောက်ကွယ်သို့ ရိပ်ကနဲ ဝင်သွားသည့်အလား မြင်လိုက်ရ လေ၏ . . .

ထို ဝါးဖြူတောင်ထိပ်၌ ကျွန်ုပ် သည် ရက်ပေါင်း ၃၀ ကြာ ကျင့်ကြံ အားထုတ်ခဲ့၏။ ထိုတောင်ထိပ်မှ ကျွန်ုပ်ပြန်မည့်ညတွင် အိပ်မက်တစ် ခုကို မြင်မက်မိပြန်လေသည်။

အိပ်မက်ထဲ၌ . . ကျွန်ုပ်သည် တစ်ခုသောဘဝဝယ်ညီတော်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တော်စပ်ခဲ့ဖူးသည့် ယက္ခမင်းထင်ကို တွေ့ရလေ၏။ သူ့မျက်နှာမှာ ညှိုးကျ၍နေ၏။

သူသည် ကျွန်ုပ်အား ကြည့်ကာ "အစ်ကိုတော် ပြန်ရင် ညီတော်လက်ဆောင်တစ်ခုပေးလိုက်ပါရစေ အဲ့ဒီလက်ဆောင်ကို ကျောက်ပြားချပ်ကြီး နောက်ကွယ်မှာ လာယူပါ အစ်ကိုတော် . . အဲဒီလက်ဆောင်ဟာ အစ်ကိုတော်နဲ့ ဂန္ဓာရီခရီးလမ်းမှာ တစ်စုံတရာ အစွမ်းထက်ပြီး အကျိုးရှိစေပါလိမ့်မယ် . . ." ဟု ပြောကာပျောက်ကွယ်သွားလေ၏။

ကျွန်ုပ်သည် အိပ်ယာမှ နိုးလာသောအခါ ညီတော် ယက္ခမင်းထင်ကို မျက်လုံးထဲတွင် မြင်နေမိ၏ . . ညီတော်၏ မျက်နှာမှာ ညှိုးလျှ၍နေသည်။

ကျွန်ုပ်သည် စေတီတော်အနီးရှိ လူတစ်ခန့်အမြင့်ရှိသော ကျောက်ပြားချပ်ကြီးအနားသို့ လျှောက်သွားမိလေ၏။

ထိုနေရာ အရောက်တွင် ရွှေရောင်တောက်ပနေသောအရာဝတ္ထုတစ်ခုမြင်တွေ့လိုက်ရလေ၏။ကျွန်ုပ်အသေအချာ ကောက်ယူကြည့်လိုက်မိသောအခါ ရွှေလက်စွပ်ကလေးတစ်ကွင်းဖြစ်နေသည်ကို တွေ့ရလေ၏ . . .

သည် လက်စွပ်ကလေးသည် ညီတော် ယက္ခမင်းထင် ၏ . . လက်ဆောင်ပင် ဖြစ်ရပေမည်။

ကျွန်ုပ်သည် ရွှေလက်စွပ်ကလေးကို ငေးကြည့်နေမိလေ၏။ ထို့နောက် ကျွန်ုပ်၏ ညာဘက်လက်သူကြွယ်တွင် စွပ်ကြည့်လိုက်လေရာ အံဝင်ကွင်ကျဖြစ်နေသည်ကို တွေ့ရလေ၏။

ဤ လက်စွပ်ကလေးသည် . . ကျွန်ုပ် ဂန္ဓာရီလမ်း၌ မည်ကဲ့သို့ အသုံးဝင်လေမည်နည်း။

ကျွန်ုပ်သည် ကျောက်ပြားချပ်ကြီးကို စူးစူးစိုက်စိုက် ကြည့်လိုက်မိ၏. . ကျောက်ပြားချပ်ကြီးပေါ်တွင် ကျွန်ုပ်၏ ညီတော် ယက္ခမင်းထင်ဘီးလူး၏ ပုံရိပ်ကို မြင်နေရသည်ဟု ထင်နေမိ၏။

" ညီတော် ယက္ခမင်းထင် . . အစ်ကိုတော် ပြန်တော့မယ် . . . ညီတော်နေရစ်ခဲ့ပေတော့ . . ဒီမြေ ဒီနေရာမှာ နေရဦးမယ့် တာဝန်ရှိသေးရင် ဆက်ပြီးနေရဦးမှာပဲ . . အဲ့ဒီတော့ နေရစ်ခဲ့ပေဦးတော့ . . "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ထိုကဲ့သို့ပြောဆိုလိုက်
မှ ကျောက်ပြားချပ်ကြီး အတွင်းမှ
ည်းညျှသံကြီးလိုလို သက်ပြင်းချ
သံကြီးလိုလို ထွက်ပေါ်လာလေ၏။

မကြာမီ ကျွန်ုပ်သည် ဝါးဖြူ
ာင်ပေါ်မှ တုပြည်းဖြည်း ဆင်း
ာနေမိ၏။ ကျွန်ုပ်တောင်ခြေသို့
အရောက်တွင် တောင်ပေါ်သို့ မော့
ကြည့်လိုက်မိ၏။

ထိုစဉ် တောင်ပေါ်မှ မီးလုံးကြီး
ာလုံးသည် လျှင်မြန်သောအဟုန်
လိမ့်ဆင်းလာနေသည်ကို ထူး
စွာတွေ့ရလေ၏။

မီးလုံးဟု ဆိုသော်လည်း . . .
ရောင်မှာ လရောင်လို လင်းပြီး
ဉ်းဝန်းနေ၏။

သို့သော် . . မီးလုံးကြီးသည်
ာင်ခြေအထိ ရောက်ရှိ၍မလာပဲ
ာင်တစ်ဝက်ကျော်ကျော်လောက်
ရောက်မှာပင် တောင်ပေါ်သို့
၍ လိမ့်တက်သွားကာ ပျောက်
ယ်သွားလေ၏။

ကျွ ၏ မျက်လုံးထဲတွင်ကား
ွမင်းထင် ကိုသာ မြင်ယောင်
မိလေတော့သည်။

" ညီတော်ရယ် . . သတ္တဝါ
တွေဟာ ကံတရားရဲ့ ပစ်ချရာ နေရာ
မှာနေ. . နေကြရတယ် . . တကယ်
တော့ ကံတရားဆိုတာကလည်းမိမိ
ကိုယ်နှိုက်က ပြုခဲ့တဲ့ ကုသိုလ်နဲ့
အကုသိုလ်တွေပဲ မဟုတ်လား . .

ကံတရားက ပစ်ချထားတဲ့နေရာ
မှာ မနေချင်တဲ့ ပုဂ္ဂိုလ်ဟာ ဉာဏ်
တရားကို အသုံးပြုပြီး မိမိနေချင်တဲ့
နေရာကို ရောက်အောင်သွားရတယ်။

ညီတော်ရယ် . . အစ်ကိုတော်
ကတော့ ကံတရားထက် ဉာဏ်တရား
ကိုလဲ အားကိုးပါတယ် . . အဲ့ဒီ
ဉာဏ်တရားနဲ့မိမိနေချင်တဲ့နေရာကို
ရောက်အောင်သွားပါတယ် . . .

ဂန္ဓာရီလမ်းမှာ ကံတရားထက်
ဉာဏ်တရားကပိုပြီးအရေးကြီးတယ်
မဟုတ်လား သူများထက်ထူးခြားတဲ့
အလုပ် လုပ်နေကြတဲ့ပုဂ္ဂိုလ်များဟာ
ကံတရားထက် ဉာဏ်တရားကို ပိုပြီး
အားကိုးကြပါတယ် . . . "

ကျွန်ုပ်က နှုတ်မှ တီးတိုးရေရွတ်
နေမိလေ၏ . . ဝါးဖြူတောင်သည်
ကျွန်ုပ်၏ နောက်ဖက်ဘက်၌ ကျန်
ရစ်ခဲ့ပေပြီ . . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် နောက်ကြောင်းသို့
ပြန်လှည့်မည့်သူ မဟုတ်ပေ . . .
ရှေ့သို့သာ တိုးသွားနေမည့်သူ
ဖြစ်ပေသည်။

× × × × ×

ရဲဒေါ်ကြီးမြှေထိ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


# အသက်မပျောက် သေတော့မရောက်

**မောင်ဝင်းနိုင်(ငါ့သရောက်)**

လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော် က ဖြစ်သည်။ လူ့ဘဝ ဆိုတာ ရခဲပါဘိ၊ ရခဲတဲ့ လူ့ဘဝကို ပင် မိမိတို့ဟာ တန်ဖိုးရှိရှိ နေသွားရ မှာပင်..။

ရလာတဲ့ လူ့ဘဝမှာ ကောင်းကျိုးကို ကျင့်ကြံအားထုတ်ကြသလို၊ မကောင်းမှုပြုကြသူတွေ လည်း ဒုနဲ့ဒေးပင်...။

လူ့ဘဝတွင် ဒါန၊ သီလ၊ ဘာဝနာ စသည်ဖြင့် အလှူဒါနပြု ခြင်း၊ ကောင်းသောအကျင့်သီလရှိ ခြင်း၊ တရားဘာဝနာပွါးများခြင်းတို့ ကို ပြုကြသည်။

နောက်ဘဝဆက်တိုင်း ကောင်းသောဘဝကို ဆုပန်ကြ သည်။ လူတိုင်းသည် ယခုဘဝမှ သည် သေလွန်သည့်အခါ သေခြင်း တရားကို လွန်ဆန်၍မရနိုင်ပေ။

အသက်အရွယ် ပိုင်းခြား၍ မရ၊ အသက်အရွယ်ကြီးမှ ကွယ်လွန် ကြသလို၊ အကင်းတဖြုတ်ဖြုတ်ဆို သကဲ့သို့ ငယ်သူတွေလည်း သေလွန် ကြသည်။

ရောဂါဘယမျိုးစုံ ခံစား၍ သေဆုံးကြရသလို၊ မတော်တဆ ထိ ခိုက်ဒါဏ်ရာဖြင့် သေဆုံးကြ၊ တစ်ချို့ လည်း မိမိကိုယ်ကိုပင် လုပ်ကြံ၍ သေလွန်ခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ထို အကြောင်းရင်းများ သည် ရှေးဘဝက ကုသိုလ်ကံ အကျိုးဆက်ပင်ဖြစ်ပါသည်။

သို့သော် သေကံမရောက် ၍ အသက်မပျောက်သည့် အကြောင်းတစ်ခုကို တွေ့ကြုံခဲ့ရပါသည်။

၁၁

'သားရေ. . . မနက်စောစောထနော်. . ဝေါသွားကြမယ်'

'ဟုတ်ကဲ့. . . . အမေ'

'အေးအေး. . . အဲဒါဆို သွားအိပ်တော့နော်'

'အမေ့ရဲ့ဇာတိမြို့ရွာက သန်လျင်-ကျောက်တန်းမြို့နယ်မှ ကမာကလုပ်ကျေးရွာကလေးဖြစ်ပါသည်။ ရွာဆိုပေမယ့် ရွာကြီးဖြစ်ပါသည်။ ရွာတန်းရှည်ဖြစ်ပြီး ရွာ၏ရွာဦးထိပ်တွင် စေတီငယ်တစ်ဆူရှိသည်။

ရွာအရှေ့ထိပ်၊ အနောက်ထိပ်၊ မြောက်ထိပ်တို့တွင် ဘုန်းတော်ကြီးကျောင်း (၃) ကျောင်းရှိသည်။

ရွာလယ်တွင် ရှေးဟောင်းရွာလည်း၊ ဘုရားကြီးတစ်ဆူလည်း ရှိသည်။

ရှေးယခင်က မွန်မင်းများ လက်ထက်တွင်တည်ထားခဲ့သော မြို့ရွာများဖြစ်ကြောင်း သိရသည်။

အမေသည် ဖခင်ဖြစ်သူ ဦးမာဒင်လုံးနှင့် အိမ်ထောင်ကျပြီး၊ သားဦးလေးဖြစ်သူ မောင်လှငွေးပင် (၈) နှစ်ခန့်ရှိပြီ။

ရွာသို့ မကြာခဏ ရောက်တတ်သည်။ အထူးသဖြင့် မောင်လှငွေး နွေရာသီကျောင်းပိတ်ရက်တွင် သွားတတ်ကြသည်။ ရွာသို့သွားရာတွင် ကုန်းတစ်တန်၊ ရေတစ်တန်ဖြင့် အဆင့်ဆင့်သွားရ၍ အချိန်တော်တော်ယူရသည်။

ရန်ကုန်၊ သာကေတတွင် နေထိုင်ကြ၍ နံနက် (၅)နာရီခန့် တွင် ပုဇွန်တောင်သို့ ကားစီးရသည်။



www.burmeseclassic.com

www.burmeseclassic.com


ပုဇွန်တောင်၊ ညောင်တန်း၊ သင်္ဘောဆိပ်မှ 'သီတာ' အမည်ရှိ သင်္ဘောစီးရသည်။

ရန်ကုန် (ညောင်တန်း) ဆိပ်ကမ်းနှင့် သန်လျင်ဆိပ်ကမ်း အသွားအပြန် 'သီတာ' သင်္ဘောသည် ထိုအချိန်က နာမည်ရ သင်္ဘောလိုင်း ဖြစ်သည်။

'သီတာ' သင်္ဘောသည် ရန်ကုန်မြစ်အတွင်း ဖြေးညှင်းစွာ ခုတ်မောင်းလျှက်ရှိသည်။ စင်ရောင်ငှက်များသည် သင်္ဘောနောက်သို့ လိုက်ပါလာတတ်သည်။

သင်္ဘောပေါ်တွင် ပေါက်ပေါက်ဆုပ်၊ စာလေးခွေစသည်တို့ကို ရောင်းချသည့် ဈေးသည်များလည်း ပါလာသည်။

ထိုအခါ သင်္ဘောစီးခရီးသည်များက ဂယ်ယူ၍စင်ရော်ငှက်များကို အစာကျွေးကြသည်မှာ အလွန်ကြည်နူးဖွယ် ကောင်းလှသော မြင်ကွင်းတစ်ခုပင်ဖြစ်သည်။

'သားမရေ. . စင်ရော်လေးတွေကို ပေါင်မုန့်တို့ ပေါက်ပေါက်ဆုပ်တို့ကျွေးရအောင်'

'စင်ရော်လေးတွေက မရေထဲကျသွားတဲ့ ပေါင်မုန့်တွေကို တောင် အမိအရ ရအောင် ကောက်စားနိုင်တယ်နော်'

သင်္ဘောသည် ရန်ကုန်နှင့် သန်လျင်ကို ခေါက်တုန့်ခေါက်ပြန် ပြေးဆွဲပေးသည်။ ထိုအခါ စင်ရော်ငှက်များသည်လည်း ခေါက်တုန့်ခေါက်ပြန်ပျံသန်းလိုက်ပါလျက်ရှိသည်။

ရန်ကုန် (ညောင်တန်း) ဆိပ်ကမ်းမှ စတင်ထွက်ခွါလာ၍ ၄၅ မိနစ်ခန့်တွင် သံလျင်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။

သင်္ဘောသည် 'သန်လျင် ဆိပ်ကမ်းသို့ကပ်ရန် စက်ရှိန်သတ်လိုက်သည်နှင့် အောက်ထပ်ရှိလူများသည် ဆိပ်ကမ်းရှိ ဘောတံတားဘက်သို့တက်ရန် တာစူနေကြပြီး၊


www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောသည် ဖြည်းဖြည်းခြင်း၊ကမ်းသို့ကပ်ရသည်။

တစ်ချို့သည် ကပ်ရန် နှစ်ပေ ခန့် အလိုတွင် ခုန်တက်ကြသည်။

'သားရေ့ ... သင်္ဘောနဲ့ ဘောတံတားနှင့် ကပ်မတက်နော်၊ ခြေချော်ကြတတ်တယ်'

'ဟုတ်ကဲ့ပါ မေမေ'

သင်္ဘောကပ်ပြီးသည်နှင့် တပြိုင်နက် ကသုတ်ကရက်ပင် ဆင်းကြသည်။ လူကုန်လျှင် သန်လျင်ဆိပ်ကမ်းမှ ရန်ကုန်သို့ သွားမည့် ခရီးသည်များ တစ်ဖန်တက်ကြရမည်သည်။

သန်လျင်ဆိပ်ကမ်းမှ တက်သည့်ခရီးသည်များမှာ သန်လျင်မြို့ပေါ်နေသူဖြစ်ကြသလို၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်း စသည်ဖြင့် ခရီးဆက်ကြမည့်သူများ ပါသည်။

ခရီးဆက်ကြမည့် သူများသည် မြို့တွင်း၊ မြို့ပြင်ဆိုလျှင် မြင်းလှည်းများစီးကြ၏။ ခရီးဝေးသွားသူများသည် မိမိတို့နေရာဒေသ အလိုက် ဆက်လက်ထွက်ခွါမည့် မော်တော်ယာဉ်များဆီသို့ အပြေးအလွှား သွားကြရပြန်သည်။

'မြင်းလှည်းရမယ်၊ မြင်းလှည်း'

'ကျောက်တန်းကို ကျောက်တန်း'

ခရီးဆက်နိုင်ရန် ကားဂိတ် မြင်းလှည်းဂိတ်များမှ အော်ခေါ်နေကြသည်။

'ကျောက်တန်းကို'

ကျောက်တန်းကားဂိတ်သို့ သားအဖသုံးယောက်အပြေးအလွှား ရောက်ရှိလာသည်။ လော်လီကားကြီးများကို ခရီးသည်တင်ကားများအဖြစ် ပြေးဆွဲခြင်းဖြစ်သည်။

ကားသည် လူပြည့်မှ ထွက်လေ့ရှိသဖြင့် လူပြည့်အောင် စောင့်စားကြရသည်။ ရန်ကုန်ဘက်မှလာသော ခရီးသည်များကုန်သည်အထိ



www.burmeseclassic.com

www.burmeseclassic.com


စောင့်နေတတ်ကြရ၏။

သန်လျင်၊ ကျောက်တန်း၊ ခရီးသည်တင်ကားကြီးသည့် ကုန်းမို့မို့တောတန်းများကို ဖြတ်သန်းလာခဲ့သည်။

ဖါဒကြီးဘုရား၊ ကျိုက်ခေါက်ဘုရား စသည်တို့ကို ကျော်လွန်ခဲ့ပြီး၊ ကျောက်တန်းမြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့တော့သည်။

'သားရေ. . ဆင်းကြပေ့၊ မော်တော်ဆိပ်ကို သွားရအောင်'

လှမြေးတို့သားအဖသုံးဦးသည် ခရီးဆောင်အိတ်များကို သယ်ချ၍ ကားပေါ်မှ ဆင်းခဲ့သည်။

ကားပေါ်မှ ဆင်းပြီးသည်နှင့်နားခိုစရာ ထမင်းဆိုင်လက်ဖက်ရည်ဆိုင် စသည်ဖြင့် ဝင်ရောက်စားသောက်နားခိုကြသည်။

ကျောက်တန်းဆိပ်ကမ်းမှတဆင့် ကျေးရွာအသီးသီးသို့ စက်တပ်သမ္ဗန်(မော်တော်) များဖြင့် သွားကြရသည်။

မင်္ဂလွန်း၊ ခနောင်၊ ရွာသစ်ကြီး၊ ရွာသစ်ကလေး၊ တံတားရွာ၊ ဥယျာဉ်၊ စံပြ၊ ကုန်းတန်း၊ ကွင်းနီး၊ ကမာကလုပ် စသည့်ရွာများသို့ ခရီးဆက်ကြရသည်။

မိမိတို့ရွာများသို့ ရောက်သော မော်တော်များကို စီးနင်းလိုက်ပါကြရသည်။

သို့သော် ရေတက်၊ရေကျချိန်ကို စောင့်၍ထွက်ကြရပေမယ့် ကျောက်တန်းမြို့သို့ ရောက်ပြီးပေမယ့် မော်တော်ထွက်နိုင်သည့် ရေတက်ချိန်ကို စောင့်နေကြရတော့သည်။ ရေတက်၊ ရေကျချိန်သည် မြန်မာနေ့ရက်အလိုက်ကွဲပြားသည်။ ဥပမာ-လပြည့်နေ့တွင် နေ့လည်မွန်းတည့် ၁၂နာရီ၊ မွန်းလွဲ ၁နာရီခန့်တွင် ရေတက်ချိန်ဖြစ်သည်။

ရေတက်ချိန်မှသာ မော်တော်ထွက်နိုင်သည်။ မော်တော်များသည် မှော်ဝန်းမြစ်မကြီးမှတဆင့် ချောင်းကျဉ်းကလေးထဲသို့ ဝင်


www.burmeseclassic.com

www.burmeseclassic.com


ရောက်လာသဖြင့် ရေတက်ချိန်၊ ရေကျချိန်ကို စောင့်ဆိုင်းနေရခြင်း ဖြစ်သည်။

ချောင်းထဲတွင် ရေပြည့်မှသာ မော်တော်ခရီးဆက်နိုင်မည်။

နွေရာသီ စပါးသယ်ပို့ချိန်တွင်မူ ကျောက်တန်းမြို့နှင့် တစ်ဘက်ကမ်းရှိ ကျောက်မရဲဆိပ်ကမ်း (ပန်းတော)ရွာသို့ ကူးတို့ သမ္ပန်ဖြင့် ကူးကြပြီး စပါးသယ်ကားများဖြင့် ရွာများသို့ အသီးသီးခရီးဆက်နိုင်သည်။

သို့သော် နေပူပူ၊ ဖုန်ထူထူ သွားရသဖြင့် ခရီးကြမ်းသည်။ ခရီးပန်းသည်။

လူဌေးတို့သည် မော်တော်ကိုသာ စောင့်၍စီးကြမည်။ ခရီးစဉ်အရ ရွာသစ်ကလေးမော်တော်ကို စောင့်၍စီးသည်။

မော်တော်မှာ မွန်းလွဲ (၁) နာရီခန့်တွင် ထွက်ခွါမည်ဆိုတာသိရသည်။

'သားရေ. . အဖေတို့သုံးယောက် ရေလယ်ဘုရား သွားဖူးကြဦးမယ်'

'ဟုတ်ကဲ့. . . ဖေဖေ'

သားအဖသုံးယောက်၊ ကျောက်တန်းဈေးကို ဖြတ်ကျော်လာပြီး ရေလယ်ဘုရားသို့သွားရောက်ဖူး မြော်ရန်ဖြစ်သည်။

ဘုရားသို့ သွားရာလမ်းတစ်လျှောက်တွင် ပန်းသည်များ၊ ငါးစာကျွေးရန် ပေါက်ပေါက်ဆုပ်သည်များကို တွေ့ရသည်။

'ပန်းလေးတွေ ဝယ်သွားပါဦး'

'ငါးစာကျွေးဖို့ ပေါက်ပေါက်ဆုပ်လေးတွေ ဝယ်သွားပါဦး'

'ထမင်းစားသွားကြပါဦး'

ပန်းသည်များကလည်း ခရီးဦးကြိုပြုရင်း ပန်းများကို ရောင်းချသလို၊ ထမင်းဆိုင်များက ထမင်းစားရန် ခေါ်ဆိုကြသည်။

'ဘိနပ်လေးတွေ ဒီမှာ ထားသွားလို့ရတယ်၊ ဘုရားပန်းတွေ ဝယ်


www.burmeseclassic.com

www.burmeseclassic.com



သွားဦးလေ၊ ငါးစာလည်း ဝယ်ဝါဦး'

'မြိုင်ရေ. . ပန်းနဲ့ငါးစာ ဝယ်ခဲ့ပါဦး၊ ကိုမာဒင် တို့ လက်မှတ် ဝယ်ထားနှင့်မယ်'

လှဌေးတို့သားအဖနှစ်ယောက်က ရေလယ်ဘုရားသို့ဖူးရန် ကူးတို့လှေသမ္ဗန်လက်မှတ်ဝယ်ကြသည်။

ရေလယ်တွင်တည်ရှိသော ကျိုက်မှော်ဝန်းစေတီတော် ဖြစ်ပြီး ကျောက်တန်းရေလယ်ဘုရားဟု ခေါ်တွင်ကြသည်။

ကျောက်တန်းဆိပ်ကမ်းမှ ရေလယ်ဘုရားသို့ လှေသမ္ဗန်များကို စောင့်ကြသည်။ လှေသမ္ဗန်များသည် ဘုရားနှင့် ကမ်းနားအသွားအပြန်ကူးတို့ပို့ပေးကြသည်။

'ဖြေးဖြေးတက်ပါနော်၊ ဟိုအစ်မကြီးကို လှမ်းဆွဲလိုက်ပါဦး၊ ချာကိတ်ကောင်းကောင်းတက်နော်'

'နောက်မှာ လာထိုင်ကြပါ'

ကူးတို့ သမ္ဗန်သမားက အော်၍ပြောနေသည်။

'ကဲ ကဲ. . . လူပြည့်ပြီ၊ နောက်လာမယ့် သမ္ဗန်ကို စောင့်စီးကြပါနော်'

ကူးတို့လှေ သမ္ဗန်ငယ်သည် ဘုရားဖူးခရီးသည်များကို တင်ဆောင်ပြီးထွက်ခွါလာခဲ့သည်။

'ခရီးသည်များခင်ဗျား၊ ဘုရားကို ပတ်ပြီး ဖူးကြဦးမလား'

'ဖူးမယ်လေ၊ ဖူးမယ်'

ဘုရားကို ပတ်ပြီးဖူးမျှော်ရသည်။ သို့အတွက် သမ္ဗန်ခကို ထပ်မံပေးဆောင်ရသည်။ ကူးတို့သမား[illegible] ဘုရားကိုပတ်၍ ခုတ်မောင်း[illegible] သည်။ ဘုရားကို တစ်ပတ်ပ[illegible] ဘုရားပုရဝုဏ်ကမ်းစပ်သို့ ကပ်[illegible] လိုက်သည်။

ဘုရားဖူးခရီးသည်[illegible] သမ္ဗန်ထက်မှ ကုန်းပေါ်သို့ တက်[illegible] သည်။

ဘုရားဖူးပြီးသည့် ခရီးသည် များက သမ္ဗန်ပေါ်သို့တက်ကြသည်။



www.burmeseclassic.com

ကျောက်တန်းရေလယ်ဘုရားသည် မြန်မာပြည်တွင် ထင်ရှားသော တန်ခိုးကြီးဘုရားတစ်ဆူပင်ဖြစ်သည်။

၁၁

ဘုရားဖူးပြီးနောက် လှေ့ွေး တို့သားအဖသုံးယောက်သည် ရွာသို့ထွက်ရန် မော်တော်ချိန်နီးလာပြီမို့ ကမ်းဘက်သို့ ပြန်လာခဲ့ကြသည်။

မော်တော်ထွက်ချိန်နီးပြီ ဖြစ်သဖြင့် မော်တော်ပေါ်သို့ တက်ကြသည်။

မှော်ဝန်းမြစ်ရေပြင်သည် ရေပြည့်လျှက်ရှိသည်။ ရေပြည့်၍ ကျောက်တန်းမြို့ ကမ်းနားသို့တက်ရောက်သည်ပင်ဖြစ်စေ၊ ကျောက်တန်းမြို့ ကျက်သရေဆောင် ကျိုက်မှော်ဝန်းစေတီ (ရေလယ်ဘုရား) ကြီးမှာ ရေနစ်မြုပ်ခြင်းမရှိ၊ တန်ခိုးကြီးဘုရားတစ်ဆူပင်ဖြစ်တော့သည်။

ကမာကလုပ်ရွာသို့ တိုက်ရိုက်မရောက်နိုင်သေးသဖြင့် ရွာသစ်ကလေးရွာသို့ ရောက်ရှိပြီးနောက်၊ ကုန်းကြောင်းခရီး၊ ခြေလျင်လျှောက်ကြရသည်။

ရိတ်သိမ်းပြီးစ လယ်ကွင်းကို ဖြတ်သန်းလျှောက်လှမ်းခဲ့ရသည်။ ခရီးစဉ်အတိုင်း လျှောက်ခဲ့ကြရာ. . . ကရင်ချောင်ရွာကလေးသို့ ရောက်ခဲ့သည်။

ကရင်ချောင်ရွာကလေး မှ အထွက်တွင် အမေတို့ရွာ 'ကမာကလုပ်'ရွာကို မြင်နေရပြီဖြစ်သည်။

ထိုအခါ အဖေကပြောသည်။

'ဒီကောင်ကွာ. . ငယ်ငယ်တုန်းက မိုးတွင်းဘက်လာကြတော့ . . . .'

'ဗျာ. . . ဖေဖေ'

'မိုးရွာပြီးကာစ. ရွှံ့တွေ ဗွက်တွေထဲမှာ လယ်ကန်သင်းရိုးကနေ လျှောက်ရတာချောလိုက်တာ ... ါကွာ၊ မင်းကို ဂုတ်ပေါ်တင်ပြီး



www.burmeseclassic.com

www.burmeseclassic.com


လျှောက်လာတာ၊ ဒီနေရာအရောက် ချော်လဲပါရော. . အဲ့ဒီတော့ မင်းက ဘာပြောတယ်မှတ်လဲ'

'ဇာ။. . သားက ဘာပြော လို့လဲ'

'အဖေက ကောင်းကောင်း မှမလျှောက်တာကိုးတဲ့. . . .'

'ဟုတ်ပါ့ရှင်. . . ကိုမာဒင် မှတ်မိသေးတယ်. . သား. . မင်းငယ် ငယ်တုန်းကပြောတာ'

'ဟုတ်လား. . အမေ. ခု သားဘာသာ သားလျှောက်နိုင်နေပါ ပြီ'

'အေးအေး လျှောက် အမေ တို့ရွာရောက်တော့မယ်၊ ဟိုမှာ မြင် နေရပြီ၊ အုံ့အုံ့ဆိုင်းဆိုင်းရွာတန်း ရှည်ကြီးပဲ'

'ဟုတ်ကဲ့ မေမေ. . သား လျှောက်နိုင်ပါတယ်'

'သားကို အဘတို့၊ အမေ ကြီးတို့က မျှော်နေတော့မယ်၊ မြန် မြန်လျှောက်'

သားအဖသုံးယောက် လျှောက်ခဲ့ကြရာ ကမာကလုပ်ရွာ ကြီးကို လှမ်းမြင်နေရပြီ. .။

'သားရေ. . ဖြေးဖြေးသွား နော်၊ ခလုတ်တိုက်လဲမယ်၊ ကန် ပေါင်ဘေးအတိုင်းလှမ်းမြင်နေရပြီ'

'ဒေါ်နု၊ ဒေါ်ယုတို့ကို လှမ်း ခေါ်'

'ဒေါ်နုရေ. . ဒေါ်ယု'

အော်ခေါ်ရင်း ရောက်သွား ပြီး

'ကျွန်တော်တို့လာပြီ. . . အမေကြီး. . . ဘဘ'

အဒေါ်ဖြစ်သူတို့က အပြေး လာကြိုကြသည်။

လမ်းကြောင်းက အိမ် နောက်ဖေးပေါက်ကဖြစ်သဖြင့် အိမ် ရှေ့ပေါက်သို့ ပတ်ပြီး လျှောက်သွား ရသည်။

'အဘ. . . အမေကြီး'

'ဟေး. . . ငါ့မြေးကြီးလား ကွ'


www.burmeseclassic.com

အဘဖြစ်သူနှင့် အမေကြီး တို့က အိမ်ရှေ့မှာ ထိုင်စောင့်နေသည်။

'ဒေါ်နု ဘာချက်ထားလဲ၊ ကျွန်တော်ထမင်းဆာပြီ'

'အေးပါကွာ. . မင်းတို့လာမယ်ဆိုလို့ တဲကနေ ဟင်းလျာလုပ်ပြီး ချက်ထားပါတယ်၊ တစ်အောင့်တစ်နား နားပြီးမှ ထမင်းစားတာပေါ့'

'ဦးသာတို့ ဦးစိုးတို့က တဲမှာလား၊ မနက်ကျရင် သားတို့ တဲကို သွားကြမယ်နော်'

'အကိုကြီးတို့ အစ်မကြီးတို့ ထိုင်'

ဒေါ်ယုက ဖျာခင်းပေးလိုက်သဖြင့် အဖေက အဘနှင့် အမေကြီးနားတွင် ထိုင်လိုက်သည်။

အမေကတော့ နောက်ဖေးဘက်ဝင်သွားပြီး အဘတို့အတွက် စားဖို့ဝယ်ခြမ်းလာတဲ့ ပစ္စည်းများကို ညီမဖြစ်သူ ဒေါ်နုအား ထုတ်ပေးနေသည်။

ညနေစာ ထမင်းဝိုင်းက စည်လှသည်။ အဒေါ်ဖြစ်သူ နန်းမတော်မယ်နု အမည်ရှိ ဒေါ်နုက စီစဉ်ထားသည်။

အဘ၊ အမေကြီး၊ အဖေ၊ အမေတို့ကို ဟင်းလျာများ ဦးချပြီး တူဖြစ်သူ မောင်လှရွှေအား ကြက်အသည်းအမြစ်အတွဲလိုက်ကို ထည့်ပေးသည်။ ပြီးတော့ ဘဲဥတစ်လုံး ထည့်ပေးသည်။

'စားစား. . လှရွှေ. . ဒါက မင်းကြိုက်တဲ့ ရဲယိုရွက်နဲ့ ငါးခူ ချက်ထားတာ ရော့'

လှရွှေသည် သီတင်းကျွတ်ကျောင်းပိတ်ရက်၊ နွေရာသီကျောင်းပိတ်ရက်တို့တွင် နှစ်စဉ်အမြဲရောက်တတ်မြဲဖြစ်သည်။

□□

အဖိုးအဖွားများနှင့်တစ်ခွဦးလေး၊ အဒေါ် တို့က ချစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


အဘတို့သည် လယ်လုပ်ငန်းကိုလုပ်ကြသဖြင့် ရွာ၏အနောက်ဘက်တစ်မိုင် ခန့်အကွာတွင် လူနေတဲအိမ်လေး ဆောက်ထားသည်။

ကျွဲနွားများ၊ လယ်ယာသုံးပစ္စည်းများလည်း ထားသည်။

တဲအနီးတွင် ရေကန်ကြီးတစ်ကန်လည်းရှိသည်။ တဲသို့ သွားလျှင် ရွာအပြင်ဘက်ထွက်လိုက်သည်နှင့် လယ်ကွက်များကို ဖြတ်သန်းကာ လျှောက်ခဲ့ရသည်။

တဲရှေ့တွင် ထန်းတပင်ကိုတွေ့နိုင်သည်။ အဲ့ဒီထန်းပင်သည် အဘတို့ရဲ့ တဲကို အဝေးကနေ လှမ်း၍မှန်းနိုင်သော အမိကရ အမှတ်အသားပင်ဖြစ်သည်။

ရွာနှင့် တဲသည် နာရီဝက်ခန့်လျှောက်ရသည်။

လှဌေးသည် ရွာတဲတွင်နေရသည်ထက် တဲတွင်နေရသည်ကို ပိုပျော်သည်။

တဲမှာ လုပ်ငန်းခွင်ဝင်နေကြတဲ့ ဦးသာနှင့် ဦးစိုးတို့က သူရင်းငှားများနှင့်အတူ လုပ်ငန်းခွင်ဝင်နေကြသည်။ တဲနှင့်ရွာကို ကူးချည်သန်းချည်ပြုတ်ကြသည်။

# ၁၂

'အစ်မကြီးရေ. မရွှေမြိုင်က အစ်မကြီးတို့လာမယ်ဆိုလို့ မနက်ဖန်ညနေစာကို သူတို့အိမ်မှာ စားဖို့ပြောထားတယ်'

'ဟုတ်လား. . ကိုဘဘုတို့ မရွှေမြိုင်တို့က အမြိုင့်ကို တော်တော်ခင်တာပဲနော်၊ ညီမအရင်းလိုပဲနော်'

'ဟုတ်တယ်၊ ကိုမာဒင် ကျွန်မတို့ ငယ်ငယ်လေးကတည်းက သူနဲ့ အသက်ချင်းလည်းအတူ၊ သွားအတူ၊ လာအတူ၊ စိတ်ချင်းကလည်းတူတာ၊ ညီအစ်မဝမ်းကွဲတွေထဲမှာ တောင် ကျွန်မတို့နှစ်ယောက်က အခင်ဆုံးပဲ'


www.burmeseclassic.com

www.burmeseclassic.com



'ကိုဘာဘူကလည်း တော်တော်သဘောကောင်းတယ်နော်၊ ကိုမာဒင်ကိုလည်း အရမ်းခင်တာ'

'အစ်မကြီး . . ဒီနေ့ရောက်မယ်ဆိုလို့ ဒီညတောင် ခေါ်ထားတာ မနက်ကပြောလိုက်တယ်၊ ဟိုအကောင်က တဲကို ထွက်ဦးမှာလို့၊ တဲကနေ မနက်စာစားပြီး လေပေါက်မှ ရွာထဲကို ပြန်လာမယ်လို့ ပြောထားလိုက်တယ်'

ဟု ဒေါ်ယုက ပြောသည်။

ဟိုအကောင်ဆိုတာ လှဌေးကို ဆိုလိုခြင်းဖြစ်သည်။ တဲမှာ သူ့ဦးလေးတွေဆီသွားရင်း နေ့လည်ဘက် ကန်ပေါင်းရိုးတစ်လျှောက်မှာ ကုက္ကိုပင်တွေအောက်မှာ လျှောက်ဘောလုံးဆော့ဦး၊ ကုလားမန်ကျည်းသီးတွေ ခူးစားဦးမှာ။

ဒါ့ကြောင့် မနက်စာကို တဲမှာ စားကြရန် စီစဉ်ခြင်းဖြစ်ပြီး၊ ညနေ လေပေါက်ချိန်လို့ခေါ်တဲ့ ၃ နာရီ၊ ၄ နာရီ လောက်မနေအေးအေးချိန်မှာ ရွာသို့ပြန်လာကြမည်ဖြစ်သည်။

၁၁

နောက်တစ်နေ့ . . ညနေစာ စားရန်ဖိတ်ထားတဲ့ ဦးဘာဘူ၊ ဒေါ်ရွှေမြိုင်တို့ အိမ်ကိုရောက်ခဲ့ကြပြီ။

အမေကတော့ ရွာထဲက သူ့ဆွေမျိုးသာချင်းများအိမ်သို့ လိုက်လံနှုတ်ဆက်ရင်းကျန်ခဲ့သည်။

ဦးဘာဘူရဲ့အိမ်ရောက်တော့ ဒေါ်ရွှေမြိုင်က စားသောက်ဖွယ်ရာများပြင်ဆင်ထားသည်ကို တွေ့ရသည်။

ရေနွေးကြမ်း၊ ငါးခြောက်ဖုတ်၊ ဘဲဥနဲ့ ပေါင်မုန့်ကြော်၊ လက်ဘက်သုပ် စသည်ဖြင့် စားသောက်ဖွယ်ရာ စုံလင်လှသည်။

'လာ . . ကိုမာဒင်၊ ထိုင် . . ရေနွေးကြမ်းသောက်ဦး၊ဟော့ကောင်လှဌေး . . အဲ့ဒီမှာ ကြိုက်တာယူစား



www.burmeseclassic.com

www.burmeseclassic.com


မင်းအဒေါ်က မင်းစားဖို့လုပ်ထား တာ'

ဒေါ်ရွှေမြိုင်နှင့် အမေသည် သက်တူရွယ်တူဖြစ်ပြီး နာမည်ကို ပင် ဆင်တူဖြစ်အောင်မှည့်ထား ကြောင်း၊ အဖေကလည်း အမေ့ ထက် တစ်နှစ်ခန့်သာကြီးသည်။

ဦးဘာဘူ၊ ဒေါ်ရွှေမြိုင်တို့ သည် အဖေနှင့် အမေတို့ကို ညီ အကို ပမာ ခင်မင်ကြသည်။

ထို့ကြောင့် ရွာသို့ရောက် တိုင်း သူတို့အိမ်မှာပင် နေ့တိုင်း စား သောက် စကားစမြည်ပြောဆိုတတ် ကြသည်။

ဦးဘတူသည် အဖေ့ကို ညီ အစ်ကိုလို ခင်မင်သကဲ့သို့ ဦးဘတူ ၏ မိတ်ဆွေများကလည်း ခင်မင် ကြသည်။

ထမင်းမစားမီ အနည်းငယ် သောက်ကြ၊ စားကြရင်း စကားစ မြည်ပြောဆိုနေကြသေးသည်။

သူတို့ မိတ်ဆွေတစ်စု သောက်ကြ၊ စားကြပြီးမှ ထမင်းဝိုင်း ပြင်ကြသည်။

ထမင်းဝိုင်းတွင် ဟင်းမျိုးစုံ လင်အောင် ချက်ပြုတ်ထားသည်။

ထမင်းဝိုင်း ပြီးတော့ အ ကြမ်းဝိုင်း၊ အချိုဝိုင်းအဖြစ် ဆက် လက် စားသောက်ကြရင်း စကား ပြောကြတော့သည်။

□□

'ကိုမာဒင်ရေ. . ရှင့်လူ ကို ဘာတူအကြောင်းကိုတော့ ပြောပြရ ဦးမယ်'

ဒေါ်ရွှေမြိုင်က စကားစ လိုက်သည်။

'ဟင်. ဘာများလဲ မရွှေမြိုင် ရယ်၊ ကိုဘာတူကိစ္စကို ၊ ဘာတူ အ ကြောင်းဆိုတော့ မရွှေမြိုင်ကို ရိုက် တာလား၊ နှက်တာလား'

'မဟုတ်ပါဘူး'

'အင်း. . . ထင်ပါတယ်၊ ကို ဘာတူ ဒီလိုလုပ်မှာ မဟုတ်ပါဘူးလို့'

'ကဲ ကျွန်မပြောပါ့မယ်၊ နား


www.burmeseclassic.com

www.burmeseclassic.com


ထောင်ပါဦး'

'အင်း . . ဒီလူတော့ နောက်တစ်ယောက်များတွေ့နေပြီလား'

ကိုမာဒင်ကတော့ ဘာမှဝင်မပြောပဲ ပြုံးစိစိနဲ့ သူ့ဟန်အတိုင်းပင်

'ကိုမာဒင်ရယ် . . မရွှေမြိုင်ပြောတာကို နားထောင်ပါဦး' ဟု ဝင်ပြောလိုက်ရ၏။

အနားမှာထိုင်နေတဲ့ လှဌေးကတော့ စားချင်တာတွေအကုန်စားပြီး အဖေတို့ရဲ့စကားဝိုင်းကိုသေချာစွာ နားထောင်နေမိတယ်။

'ရှင့်လူကြီးတော် . . မသေကောင်းမပျောက်ကောင်းပါ . . .'

'ဗျာ. မထိတ်သာ. မလန့်သာ ပြောပါဦး'

'ဒေါ်ရွှေမြိုင်ပြောမည့်စကားကို ငံ့လင့်နေကြ၏။

'ဒီလို'

။။

ဦးဘာတူ ဒေါ်ရွှေမြိုင်တို့သည် လယ်ဧကများစွာ ပိုင်ဆိုင်ကြသည်။ သူတို့သည် ရွာထဲမှ အိမ်တစ်အိမ်၊ ရွာအရှေ့ဘက်မှာတဲအိမ်တစ်အိမ်၊ လယ်ထဲမှာတဲအိမ်ဆောက်နေကြသည့်မလေ့ပင်။ ကျွဲ၊ နွား၊ လှည်းအပြည့်အစုံနှင့်။

ဦးဘာတူကလည်း လယ်ယာလုပ်ငန်းကို ဦးစီးပြီး သူရင်းငှားများနှင့် လုပ်ကိုင်ကြသည်။ အလုပ်ကို အလွန်ကြိုးစားသူဖြစ်သည်။

ဒေါ်ရွှေမြိုင်ကလည်း နာမည်ကသာ နု တယ်လို့ဆိုရပေမယ့် လူက ဒေါင်းတီးမောင်းတီးနဲ့ ခပ်ကြမ်းကြမ်း၊ ဒေါ်ရွှေမြိုင်က ယောကျာ်းတွေနဲ့ယှဉ်၊ ရင်ပေါင်တန်းလုပ်နိုင်သည်။ အိမ်၏ စီးပွါးရေးလုပ်ငန်းများကိုလည်း သူပင် ဦးစီးဦးဆောင်ဦးရွက်ပြုနိုင်သူဖြစ်၏။

ရွာထဲတွင် လူချမ်းသာရယ်လို့ စာရင်းမဝင်ပေမယ့် အတော်အသင့်ပြည့်စုံသည်။

လယ်ယာလုပ်ငန်းခွင်မှာ


www.burmeseclassic.com

www.burmeseclassic.com


အားကြိုးမာန်တက်လုပ်ကိုင်ကြသည်။

လယ်ထွန်၊ ကောက်စိုက်၊ ပျိုးနှုတ် စသည်တို့ကို လင်မယားနှစ်ယောက် ဒိုးတူပေါင်ဖက် လုပ်ကိုင်ကြသည်။

ဦးဘာတူသည် မိတ်ဆွေသူငယ်ချင်းများကို လွန်စွာခင်မင်သည်။ သူငယ်ချင်းများအပေါ်တွင် မိတ်ဆွေကောင်းပီသသည်။ ဒေါ်ရွှေမြိုင်ကလည်း ထို့အတူပင်။

ဦးဘာတူသည် ညနေပိုင်းတွင် အနည်းငယ်သောက်တတ်သည်။ အနည်းငယ်မှ တစ်ကယ့်အနည်းငယ်ပါ။

သူ့မခင်ပွန်း၏အခြေအနေကို သိလို့လည်း ဒေါ်ရွှေမြိုင်က ခွင့်ပြုထားသည်။ သူတို့ဝိုင်းအတွက် အမြည်းစီစဉ်ပေးတတ်သည်။

အမြည်းမှ သူတကာတွေလို ရေနွှင့်ပဲကြီးလှော် သက်သက်သာမဟုတ်၊ လှုက်သုပ်၊ ငါးရံ့ခြောက်ဖုတ်ကို သံပုရာည်ညှစ်ပြီး လုပ်ပေးထားတာ။ ယောက်ျားကို ရှိသေချစ်ခင်တာက အဲ့သလို။

ဒေါ်ရွှေမြိုင်ကကိုလည်း ဦးဘာတူက လိုလေသေးမရှိဆောင်ရွက်ပေးထားသည်။

လယ်ယာလုပ်ငန်းခွင်မှာ ဦးဘာတူက ဦးဆောင်ပေမယ့်၊ ဒိန်းသလိမ်းအလုပ်ကို ဒေါ်ရွှေမြိုင်ကသာ ဆောင်ရွက်နေတာ။

ဦးဘာတူတို့ဝိုင်းကတော့ ပျော်ပျော်ရွှင်ရွှင်ပဲ အရက်နည်းနည်း အမြည်းများများ စားကြတာ။

ရယ်မောနောက်ပြောင် ပျော်ရွှင်စရာ ဝိုင်းကလေးပါပဲ။

'အမြိုင်ရေ . . ထမင်းစားစို့'

'ပြီးပါပြီရှင် . . အဆင်သင့် ပြင်ပြီးပါပြီရှင်'

'ကဲ . . ဗျာ . ကိုအုံးလှိုင်၊ ကိုမြကြိုင် ထမင်းစားကြရအောင်'

'ကိုအုံးလှိုင် ထနိုင်သေးရဲ့လား'


www.burmeseclassic.com

www.burmeseclassic.com


ဟု မရွှေမြိုင်က ဆို၏။

□□

တစ်ညနေမှာ ထမင်းစားပြီးလို့ ကိုဘတူ၊ မရွှေမြိုင်တို့ စကားစမြည်ပြောနေကြရင်း. . .

'မရွှေမြိုင်. ငါမနေ့ညက အိပ်မက်မက်တယ်'

'ဘယ်လိုမက်တာလဲ'

ဒေါ်ရွှေမြိုင်က သောက်လက်စအကြွမ်းပန်းကန်လုံးကို ဗန်းထဲထည့်ပြီး မေးဆတ်မေးလိုက်သည်။

'ငါ့ကို လူတစ်ယောက်လိုလို၊ ဒါပေမယ့် လူကိုတော့ သဲသဲကွဲကွဲမတွေ့ရဘူး၊ အဲဒါ နွားတို့၊ မြင်းတို့ကို ကြိုးကွင်းစွပ်ပြီး ဖမ်းသလို ပစ်ဖမ်းနေတယ်'

'ငါက ရှောင်ရှောင်နေရတာ၊ မိတော့ မမိဘူး၊ ကြိုးကွင်းကို ရိပ်ကနဲတွေ့လိုက် ပျောက်လိုက်နဲ့ဖြစ်နေတယ်'

မရွှေမြိုင်က နားထောင်ရင်း စိုးရိမ်ထိတ်လန့်သွားကာ

'ရှင်. . စိတ်စွဲလို့များလား'

'တစ်နေ့ညနေက ရှင်ဦးလေး မြင်းနဲ့ အိမ်ကိုလာတယ်လေ၊ ပြန်တော့ မြင်းပေါ်တက်ပြီး ကြိုးကွင်းကို တဖျပ်ဖျပ်ရိုက်ရင်း စီးသွားတာကို မြင်ယောင်နေသလား'

ဟု မရွှေမြိုင်က စိတ်ပြေရာပြေကြောင်းပြောလိုက်မိ၏။

□□

ကိုဘတူပြောပြီးကတည်းက မရွှေမြိုင် စိတ်မှာ တထင့်ထင့်ရယ်၊ ဒါ့ကြောင့် ကိုဘတူကို မျက်စိဒေါက်ထောက်ပြီးကြည့်နေသလို၊ ဂရုတစိုက်နေရသည်။ မျက်စိအောက်ကကို အပျောက်မခံ။

သူမရှိရင် အခြားတစ်ယောက်ကို မှာထားရသည်။ ဘာရယ်လို့တော့မဟုတ်၊ အကြောင်းအရာကိုပြောမထား၊ စိတ်ထဲမှာ


www.burmeseclassic.com

www.burmeseclassic.com



လည်း စိုးရသေးသည်။

ဗေဒင်တွေဘာတွေ မေးတော့လည်း အားလုံးအကောင်းချည်းပဲ ဖြစ်နေသည်။ ဘေးအန္တရာယ် စိုးရိမ်ဘွယ် မမြင်ရဟုပြောသည်။ ဒါ့ကြောင့်လည်းတစ်မျိုးစိတ်အေးရသေးသည်။

ကိုဘာတူကိုတော့ ဘုရားမှန်မှန်ရှိခိုးဖို့ ပုတီးစိပ်ဖို့ တိုက်တွန်းပေးရသည်။

□□

တစ်ညနေမှာ. . . .

ရွာဦးကျောင်းဆရာတော်ထံ သွားလျှောက်ရသည်။ သားတွေကို ရှင်ပြုဖို့ ရှင် (၁၀၀) ပြုပွဲမှာ ထည့်ဖို့ကိစ္စ။

ဆရာတော်နဲ့ စကားစမြည်ပြောဆိုပြီး လျှောက်ထားကြတော့ အချိန်လင့်သွားသည်။

ညနေ နေစောင်းလို့ နေဝင်ရီတရောအချိန်ရောက်ပြီ၊ ဆရာတော်ကို ဝပ်တွားရှိခိုးပြီး ကျောင်းပေါ်က ဆင်းလာခဲ့သည်။

ကျောင်းဝင်းထိပ်မှာ ချွတ်ထားခဲ့တဲ့ ဘိနပ်ကိုစီး၍ ထွက်လာခဲ့သည်။ ကိုဘာတူနှင့် မရွှေမြိုင်တို့တစ်ဦးနှင့်တစ်ဦး စကားမပြောမိကြ။

လျှောက်လှမ်းလို့မကြာခင် ညောင်မုတ်ဆိတ်ပင်ကြီးအနီးသို့အရောက်မှာ ကိုဘာတူ ခြေလှမ်းတွေ တန့်သွားသည်။ ရှေ့ဆက်မလျှောက်တော့သဖြင့် မရွှေမြိုင်ကိုဘာတူကို လှမ်းကြည့်နေသည်။

ကိုဘာတူစိတ်မှာ ကြောက်သလိုလို ဖြစ်နေသဖြင့် ရုပ်ဟန်အမူအရာပျက်နေသည်။

'ကိုဘာတူ. . ဘာဖြစ်လို့လဲ သွားလေ'

'ဟိုမှာ. . ဟိုမှာ. .'

ဟု ဆိုပြီး ညောင်မုတ်ဆိတ်ပင်ကြီးကို လက်ညှိုးထိုးပြ၏။

'ဘာလဲ ကိုဘာတူ၊ အဲ့ဒါညောင်မုတ်ဆိတ်ပင်ကြီးမှာ တော်တို့ကျုပ်တို့ငယ်ငယ်တုန်းက တွဲလောင်း



www.burmeseclassic.com

www.burmeseclassic.com



မိုပြီး ဆောင့်ခဲ့ကြသေးတာ'

'မဟုတ်ဘူး. . မဟုတ်ဘူး' မုတ်ဆိတ်တွေလှုပ်နေတယ်'

'ဟာ. . လေတိုက်လို့ လှုပ်နေတာပဲ၊ တော်. . ဘာတွေဖြစ်နေတာလဲ၊ ကျုပ်ကို ပြောစမ်းပါဦး'

'လေတိုက်လို့လှုပ်နေတာ မဟုတ်ဘူး၊ မုတ်ဆိတ်တွေ ကြီးကွင်းဖြစ်သွားပြီး အပေါ်တက်လိုက်၊ အောက်ဆင်းလိုက်နဲ့ ယိမ်းနေတာ'

'ဟာ. . မဟုတ်ပါဘူး၊ ကိုဘာတူ၊ ရှင်ဘာတွေမြင်နေတာလဲ၊ စိတ်ထင်လို့ပါ၊ မုတ်ဆိတ်မွှယ်တွေက သူ့ဘာသာသူနေနေတာပါ၊ လေတိုက်လို့သာ တစ်ချက်ချက်လှုပ်နေတာပါ'

'ဟာ. . မမြိုင်. နင်မမြင်ဘူးလားနှ နင်မမြင်ဘူးထင်တယ်၊ ငါမြင်နေတယ်ဟ'

'ကဲပါ ကိုဘာတူရယ်၊ ရှင်သိပ်ကြောက်နေပုံပေါ်တယ်၊ ဘာမှမကြောက်နဲ့၊ သံ ဆုဖွ ဂါထာရွက်၊ ကျုပ်လည်း လိုက်ရွတ်ပေးမယ်'

'ကဲ သွားကြရအောင်'

'အေးအေး. . မြန်မြန်လျှောက်၊ မြန်မြန်'

'အိမ်ရောက်တော့ ဘုရားစင်က ရေမန်းယူပြီး ကိုဘာတူကို တိုက်လိုက်သည်။

ကိုဘာတူကတော့ အကြောက်ပြေဟန်မတူ။

'ကိုဘာတူ. . မကြောက်နဲ့နော်၊ စိတ်အေးအေးထားပြီး အိပ်နေလိုက်'

၁၁

ဒီနေ့ညတော့ မရွှေမြိုင် တော်တော်နှင့် အိပ်မပျော်၊ ကိုဘာတူ ဘာ့ကြောင့် သည်လောက်ကြောက်တာလဲ၊ ဝေခွဲမရ၊ စဉ်းစားမရ။

ကိုဘာတူ ညဦးနက်မှပဲ အိပ်ပျော်သွားရသည်။

မရွှေမြိုင်လည်း ညနက်မှပဲ အိပ်ပျော်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



'အား. . . မလိုက်ဘူး၊ မလိုက်ဘူး. . ငါ့ကိုမခေါ်နဲ့'

တောကြီးမျက်မဲထဲမှာ၊ ဒီနေရာဒီဒေသမှာ အခုလို ရေမြေတောတောင်သဘာဝမရှိ၊ လယ်ကွင်းပြင်နဲ့ မြစ်နားချောင်းနားသာဖြစ်သည်။

အခုတော့ တောကြီးထဲမှာ ကိုဘာတူ သူမကို မြင်နေရသည်။ ကိုဘာတူ ရှေ့လည်းမတိုးနိုင်၊ နောက်လည်းမဆုတ်နိုင်။

'မလိုက်ဘူး၊ မလိုက်ဘူး' ဟုသာအော်နေသည်။

ဒါ့ကြောင့် သေသေချာချာကြည့်လိုက်တော့ ဒီတော ဒီတောင်ထဲမှာ အလွန်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်၊ သူ့လက်ထဲမှာ စပယ်ပန်းကုံး ဖွေးဖွေးလေးကို လက်မှာကိုင်လို့ ကိုဘာတူကို လှမ်းခေါ်နေ သလို။

ကိုဘာတူက မလာဘူးလို့ အော်ပြောလိုက်တော့ ထိုမိန်းကလေးက လက်ထဲမှာရှိတဲ့ စပယ်ပန်းကုံးကို လှမ်းပစ်ပြီးတော့ ဝေ့ဝဲပြီး ကိုဘာတူ လည်ပင်းကို လာစွပ်တော့

'အား'လို့အော်ပြီး ကိုဘာတူ လဲကျသွားတော့သည်။

အဲ့ဒါကို မရွှေမြိုင်မြင်လိုက်တော့ အပြေးရောက်သွားသည်။ လဲကျနေတဲ့ ကိုဘာတူကို ခလုတ်တိုက်ပြီး မရွှေမြိုင်လဲကျသွားတော့၏။

'အား' လို့ လန့်အော်ပြီး မရွှေမြိုင်လန့်နိုးသွားသည်။

အိပ်မက်ထဲမှာ. . .

ဘာတွေဖြစ်လဲ၊ ကိုဘာတူကို နိုးနေတာတွေ့ရတယ်။ ကိုဘာတူက ဘာမှ မမေး။

ခြင်ထောင်အမိုးပေါ်ကို သာ မော့ကြည့်နေတာကို တွေ့ရတယ်။

မရွှေမြိုင် ခြင်ထောင်ထဲမှ ထွက်ပြီး ရေအိုးစင်နားမှ ရေတစ်ခွက်အဝသောက်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ယာထဲ ပြန်ဝင်တော့

'ကိုဘာတူ ရှင် မအိပ်သေးဘူးလား'

'အိပ်မပျော်နိုင်သေးတာလား၊ တစ်ရေးနိုးတာလား'

ကိုဘာတူ ဘာမှ ပြန်မဖြေ၊ မရွှေမြိုင် ဒီညအဖို့ အိပ်ပျော်မှာ မဟုတ်တော့။

မရွှေမြိုင်သည် ကိုဘာတူကို စိတ်မချနိုင်တော့ပဲ အမြဲစောင့်ကြည့်နေတော့သည်။ သားနှစ်ယောက်နဲ့ သမီးနှစ်ယောက်ကတော့ အဖိုးအဖွားများနှင့်သာ အတူနေကြတာမို့သူတို့နှစ်ယောက်သာ ရွာထဲ အိမ်မှာနေသည်။

ဒီနေ့ မိုးက တစ်စိမ့်စိမ့် ရွာနေသည်။ ညနေကလည်း စောင်းတော့မည်။ လေပြေလေညှင်းလေးက တိုက်ခတ်လာသဖြင့် ချမ်းစိမ့်စိမ့်လေးဖြစ်သွားသည်။

ကိုဘာတူနှင့် မရွှေမြိုင်တို့ ညနေစာစားသောက်ပြီးဖြစ်သည်။

စားသောက်ပြီးနောက် ပေါင်မုန့်နှင့် ဘဲဥကြော်စားရန် ဖြစ်သည်။ ပုလင်းထဲမှာ သကြားကုန်နေတာမို့ ရွာလယ်က ကုန်စုံဆိုင်ကို သွားဝယ်ရသည်။

ဒါ့ကြောင့်မရွှေမြိုင် ပိုက်ဆံယူကာ ထီးဖွင့်ဆောင်းပြီး ထွက်လာခဲ့သည်။

ဆိုင်နှင့်အိမ်က အလှမ်းမဝေးပေမယ့်၊ ဆိုင်ရောက်တော့ ဝယ်သူတွေကျနေတာမို့ခဏ စောင့်နေရသည်။

'အစ်မကြီး သကြား ၁၀ သားနော်'

ကုန်စုံဆိုင်မှာ ညီမဝမ်းကွဲတော်သူတွေဖြစ်တော့

'အစ်မမြိုင်၊ ခဏလေးစောင့်နော်၊ မနက်က ဖားတွေရလို့ ဖားသားဟင်းချက်ထားတယ်၊ အစ်ကိုကြီးစားဖို့ထည့်ပေးလိုက်မယ်'

မရွှေကြည်က ဖားသားဟင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်မည်ဆို၍ ခဏစောင့်နေရ တော့လေသည်။

ပြီးမှ ညီမ မရွှေကြည်ထည့်ပေးလိုက်သော ဖားသားဟင်းခွက်ကို ယူပြီး အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ပေါ်အတက်မှာ ထီးကို ပိတ်လိုက်ပြီး အိမ်ရှေ့ကပြင်မှာ ထောင်လိုက်ပြီး အိမ်ပေါ်တက်လိုက်တော့ ကိုဘတူကို မတွေ့ရ။

ဖားဟင်းခွက်နဲ့ သကြားထုပ်ကို နောက်ဖေး မီးဖိုချောင်ကြောင်အိမ်ပေါ် တင်ထားလိုက်ပြီး ကိုဘတူကို ခေါ်ကြည့်သည်။

'ကိုဘတူ. . ကိုဘတူ'

ထူးသံမကြားရ။

'အူး. . အူး'နဲ့ အော်သံကြားလို့ ကြည့်လိုက်တော့ အိပ်ခန်းထဲမှာ

အမလေး ကြောက်စရာပါလား၊ ထုပ်တန်းမှာ တွဲလောင်းကြီးနဲ့ လည်ပင်းကို ကြိုးကွင်းစွပ်လို့. .။

မရွှေမြိုင်ဘာမှ စဉ်းစားမနေတော့. . စိတ်မြန်လက်မြန်ပဲ. အိမ်မှာ အသင့်ရှိတဲ့ ထင်းခွဲဓားမကို ပြေးယူ။

ထရံ ကြွက်လျှောက်ပေါ်တက်ပြီး တုတ်တန်းက ကြိုးကို လှမ်းပြီး ခုတ်ဖြတ်လိုက်တယ်။

'ဒုတ်. . ဒုတ်. . ဒုတ်'

မရွှေမြိုင် သူ့သန်တဲ့ ဘယ်လက်နဲ့ပဲ အားရပါးရ ခုတ်ချလိုက်တော့ သုံးချက်ပဲ ခုတ်လိုက်ရတယ်၊ ကြိုးပြတ်ပြီးတော့ ကိုဘတူ ကိုယ်လုံးကြီးဟာ အောက်ကို ဒုန်း ခနဲ ပြုတ်ကျသွားတော့တယ်။

မရွှေမြိုင်လည်း လက်ထဲက ဓားကို လွှတ်ချလိုက်ပြီး အပေါ်ကနေ အောက်ကို ခုန်ဆင်းလိုက်တယ်။

ကိုဘတူကတော့ လည်ပင်းအစ်ပြီး အပေါ်ကပြုတ် ကျတာကြောင့် သတိလစ်နေတယ်။

မရွှေမြိုင် ကိုဘတူရင်ရင်ဘတ်ကို ကပ်ပြီး နားထောင်လိုက်တော့. . အသက်ရှူနေသေးတယ်။

www.burmeseclassic.com

ဒါနဲ့ ကမန်းကတန်းပဲ အိမ်နီးနားချင်းတွေကို ခေါ်လိုက်တယ်။

'အုံးလှိုင်ရေ. . အုံးလှိုင်၊ မြနုရေ. . လာကြပါဦးဟ'

'ကိုကြည်ရေ. . မလှမြင့်'

မရွှေမြိုင်အော်ခေါ်သံကို ကြားလို့ အပြေးအလွှားရောက်လာကြသည်။ မရွှေမြိုင်က မမြနုကို ရေတစ်ခွက်ပေးရန် တောင်းလိုက်၏။

ကိုဘာတူမျက်နှာကို ရေနဲ့ တောက်လိုက်ပြီး အမူးအမော်ပြေအောင် သွေးဆေးမှုန့်ကိုယူပြီး ပါးစပ်ထဲထည့်ပေးလိုက်ပြီး လက်ဖဝါးလေးထဲထည့်ပြီး လက်နှစ်ဖက်ပွတ်ကာ ကိုဘာတူ နှာခေါင်းကို တေ့ပေးလိုက်သည်။

မကြာခင်မှာပဲ အိမ်နီးနားချင်းတွေရောက်လာကြသည်။

'ကိုဘာတူ၊ ကိုဘာတူ'

ခြေမကို နှိပ်ပေးကြ၊ နင်းပေးကြ၊ ယပ်ခပ်ပေးကြသည်။

တဖြည်းဖြည်းနဲ့ ကိုဘာတူ လူးလွန့်လာပြီး သတိရလာသည်။

ထိုအခါမှ အနားမှာရှိတဲ့ လူတွေအကုန်လုံး ဝမ်းသာအားရ ဖြစ်သွားတော့သည်။

'ကိုဘာတူ. . ကိုဘာတူ'

'ဘာတူ. . . ဘာတူ. . . သတိရပြီလား'

'ရော့. . ရော့. . ရေလေး သောက်လိုက်ပါဦး'

ကိုဘာတူသည် ရေခွက်ကို လှမ်းကိုင်ပြီး မော့သောက်လိုက်သည်။

BURMESE CLASSIC

'ဘာတူရယ်၊ မသေကောင်း မပျောက်ကောင်း'

'ဘယ်လိုဖြစ်ရတာလဲ ကိုဘာတူရယ်'

'မင်းကွယ်. . မကြံ့အပ် မစည်အပ်'

'ဘာတွေများ စိတ်ညစ်လို့လဲ'

'ဘာဖြစ်လို့ပါလိမ့်'

အားလုံးရဲ့ဝေဖန်သံ၊ မေး


www.burmeseclassic.com

www.burmeseclassic.com


မြန်းသံတွေ တစ်ယောက်တစ်ပေါက် ထွက်လာသည်။

အားလုံးရဲ့ အမေးသံတွေ ရပ်သွားမှ မရွှေမြိုင်က

'ဘာဖြစ်မှန်းမသိပါဘူး၊ ဟို နေ့ကထဲ ယူလာတဲ့ကြိုးခွေကို ခြေ ရင်းကတိုင်မှာချိတ်ထားတယ်၊ ကျုပ် လည်း သတိထားပြီး အဲ့ဒီကြိုးခွေကို တစ်နေရာရွှေ့ခဲ့သေးတယ်၊ ကျုပ် လည်းစိတ်ထဲမှာ တထင့်ထင့်နေလို့'

'ဘာက ဘယ်လိုစဖြစ်မှန်း တော့ စဉ်းစားမရဘူး၊ တော်ပါသေး ရဲ့ ကျုပ်အရောက်မြန်လို့သာပေါ့'

'ဟုတ်ပ့ါတော် ရွှေမြိုင် က လည်း သတ္တိရှိရှိနဲ့ မို့လို့သာပေါ့'

'နည်းနည်းလေး နောက်ကျ ရင်တော့ သေမှာ'

'ဒီလိုလုပ်တာ အဖန်ငါးရာ၊ ငါးကမ္ဘာဆိုသလို ဘဝဆက်တိုင်း ခံစားရမှာ မောင်ဘတူရယ်. .'

'အခုတော့ သေကံမ ရောက် သက်မပျောက်'

'အသက်မပျောက်တာ သေကံမရောက်သေးလို့ ဆိုရမလို ပေါ့ကွာ' ဟု

ရွာသူကြီး ဦးလှိုင်စောက ပြောလိုက်လေတော့သည်။

(အဖြစ်အမှန် အကြောင်း အရာတစ်ခုကို ဇာတ်လမ်းအသွင် ဖွဲ့ ဆိုရေးသားထားပါသည်။)

မောင်ဝင်းနိုင် {ထုံးရောက်}

BURMESE CLASSIC



www.burmeseclassic.com